# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက် ၊ အင်္ဂါနေ့ ၊ (5-12-2023) ၊ အတွဲ (၃၂)၊ အမှတ် (၂၁၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။


၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**မိုးရာသီစိုက်ပျိုးမှုအပြီး စိုက်ပျိုးမြေများတွင် သီးထပ်စွမ်းအားများတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြော ကြားရာတွင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိုးရာသီ စိုက်ပျိုးမှုများပြီးဆုံး၍ အချို့မှာ ရိတ်သိမ်းမှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလုပ်လုပ်ခဲ့သည့် အကျိုး ကျေးဇူးအဖြစ် သီးနှံထွက်ရှိမှုများတိုးတက်ခဲ့သော်လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆက်လက်ကြိုးပမ်းရဦးမည်ဖြစ်ကြောင်း၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ရတနာပုံ
၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၅ ရက်
အယ်ဒီတာ့အာဘော်

# ၁၃၈ နှစ်ပြည့်ပြီဖြစ်သော ပါတော်မူနေ့

တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်သည် ပါတော်မူနေ့ဖြစ်သည်။ မြန်မာဘုရင်သီပေါမင်း၊ မိဖုရား စုဖုရားလတ်နှင့် မိသားစုတို့ကို ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်တို့က လက်နက်အားကိုးဖြင့် ဖမ်းဆီး၍ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်တွင် အိန္ဒိယနိုင်ငံ ရတနာဂီရိ သို့ပို့ဆောင်ခဲ့ရာ ယနေ့ ၁၃၈ နှစ်ပြည့်ပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ကျွန်းသစ်နှင့် သဘာဝသယံဇာတများ ထွက်ရှိသောနိုင်ငံဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် နယ်ချဲ့ကျူးကျော်လိုသည့်နိုင်ငံများအတွက် မျက်စိကျစရာနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထိုသို့သော နိုင်ငံများတွင် ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်တို့သည် ထိပ်ဆုံးမှပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံကို ပိုင်ဆိုင်ရန် အမျိုးမျိုးအားထုတ်ကြံစည်လျက်ရှိသည်မှာ ယနေ့ထိတိုင်ဖြစ်သည်။

ကုန်းဘောင်မင်းဆက်ဖြစ်သည့် မင်းတုန်းမင်းလက်ထက်တွင် မန္တလေးနေပြည်တော်၌ မင်းတုန်းမင်းကြီး၏ အုပ်ချုပ်ရေးစီမံခန့်ခွဲမှုကောင်းခြင်း၊ ရဟန်းပညာရှိ၊ လူပညာရှိများပေါများခြင်း၊ ကုန်သွယ်မှုဖြစ်ထွန်းခြင်း၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်နိုင်ခြင်းကြောင့် မန္တလေးမြို့သည် အထူးစည်ကားလျက်ရှိသည်။ လူမှုဘဝ ပြောင်းလဲစပြုနေပြီး နိုင်ငံခြားသားကုန်သည်များလည်း မန္တလေးမြို့တွင် နေထိုင်ခဲ့ကြသည်။ ပဒေသရာဇ်စနစ်မှ လွတ်မြောက်ခါစ မန္တလေးမြို့နှင့် ပြည်သူများ ကောင်းသောအနာဂတ်ကို ရောက်ရှိတော့မည့်အချိန် ၁၈၇၈ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် မင်းတုန်းမင်းနတ်ရွာစံသည်။ ထို့နောက် သီပေါမင်း နန်းတက်ခဲ့သည်။

သီပေါမင်းလက်ထက်တွင် ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကိုသိမ်းပိုက်နိုင်ရေး အမျိုးမျိုးမြှိမ်းခြောက်ပြဿနာရှာကြသည်။ ၎င်းတို့ပိုင် သတင်းစာများကလည်း သီပေါမင်းကို မင်းဆိုး မင်းယုတ်ပုံဖြစ်အောင် လုပ်ကြံရေးသားခဲ့သည်။ နောက်ဆုံး၌ ၎င်းတို့၏ မတော်လောဘဖြင့် သစ်ခိုးထုတ်ရာမှ ဘုံဘေဘားမားသစ်အမှုကိုအကြောင်းပြကာ မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

သို့ဖြင့် ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်က အထက်မြန်မာနိုင်ငံကို ဗြိတိသျှအင်ပါယာအတွင်း သွတ်သွင်းကြောင်း ကြေညာခဲ့ရာ မြန်မာတိုင်းရင်းသားတို့ သူ့ကျွန်ဘဝ သမိုင်းစတင်ခဲ့ရလေသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။

သီပေါဘုရင်၏ အုပ်ချုပ်ရေးစီမံခန့်ခွဲမှုညံ့ဖျင်းခြင်း၊ ရဲစွမ်းသတ္တိနည်းပါးခြင်း၊ စိတ်ဓာတ်မကြံ့ခိုင်ခြင်း၊ စည်းရုံးရေးအားမကောင်းခြင်း၊ လက်နက်ကိရိယာမပြည့်စုံရုံမျှမက ကိုင်စွဲသည့်လက်နက်များ အရည်အသွေးမပြည့်မီခြင်းများကြောင့် အားလုံးအရှုံးပေးကာ မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်တို့လက်သို့ လွယ်လင့်တကူ ပေးအပ်လိုက်ရသည်မှာ ရင်နာဖွယ်ကောင်းပေသည်။

သို့ဖြစ်ရာ လွန်ခဲ့သော ၁၃၈ နှစ်က ဆိုးရွားစွာ ကြုံတွေ့ခဲ့ရသည့် ပါတော်မူနေ့ကို သင်ခန်းစာအဖြစ်မှတ်ယူ၍ အနာဂတ်အတွက် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြရမည်ဖြစ်သည်။ နောက်တစ်ကြိမ် သူ့ကျွန်ဘဝသို့မကျရောက်စေရန် အထူးသတိပြုရမည်ဖြစ်ပြီး တိုင်းပြည်မငြိမ်မသက်ဖြစ်အောင်၊ စည်းလုံးမှုပြိုကွဲအောင် သွေးခွဲသပ်လျှိုမှုများကို ရည်ရွယ်ချက်ရှိရှိဖြင့် ရေးသားဖြန့်ဝေလျက်ရှိသော သတင်းတု၊ သတင်းမှားများဖြင့် လှည့်ဖြားမခံရအောင် နေထိုင်ကြရမည်ဖြစ်ကာ ရရှိထားသော လွတ်လပ်ရေးကို လက်လွတ်ဆုံးရှုံးမှုမရှိစေရန် ထိန်းသိမ်းရမည်မှာ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ သမိုင်းပေး တာဝန်ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေး-မင်းကွန်း-သုံးဆယ်ပေး ရေလမ်းကြောင်းတစ်လျှောက်တွင် ဒီဇင်ဘာလအတွင်း ရေလမ်းညွှန်အမှတ်အသားအခုရေ ၈၀ စိုက်ထူမည်



**မန္တလေး ဒီဇင်ဘာ ၄**

ဧရာဝတီမြစ် မန္တလေး-မင်းကွန်း-သုံးဆယ်ပေး ရေလမ်းကြောင်း တစ်လျှောက်တွင် ဒီဇင်ဘာလအတွင်း ရေလမ်းညွှန်အမှတ်အသားအခုရေ ၈၀ စိုက်ထူပြသမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ် မန္တလေး-မင်းကွန်း-သုံးဆယ်ပေး ရေလမ်းကြောင်း တစ်လျှောက် ရေယာဉ်များသွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဒီဇင်ဘာလအတွင်း ရေပေါ်ပြရေလမ်းညွှန်အမှတ်အသားအခုရေ ၄၀ နှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားအခုရေ ၄၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသားအခုရေ ၈၀ စိုက်ထူပြသပေးမည်ဖြစ်ကြောင်း သိရသည်။

"အခုက ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်တာကြောင့် အချို့နေရာတွေမှာ သောင်ထွန်းတာတွေ ဖြစ်ပေါ်နေတယ်။ ဒါကြောင့် ရေယာဉ်တွေသွားလာရာမှာ အခက်အခဲမရှိစေဖို့အတွက် ရေလမ်းညွှန်စိုက်ထူပြသတဲ့လုပ်ငန်းတွေကို လုပ်ဆောင်ပေးသွားမှာပါ။ မန္တလေး-မင်းကွန်း-သုံးဆယ်ပေး ရေလမ်းကြောင်းတစ်လျှောက်မှာ ဒီဇင်ဘာလအတွင်း ရေလမ်းညွှန်အမှတ်အသားတွေ စိုက်ထူပြသပေးမှာပါ"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း မြစ်ရေ ကျဆင်းလျက်ရှိကြောင်း၊ ထိုသို့ မြစ်ရေကျဆင်းနေခြင်းကြောင့် သောင်ထွန်းမှုများဖြစ်ပေါ်နေပြီး ရေလမ်းကြောင်းပြောင်းလဲမှုများဖြစ်ပေါ်လျက်ရှိသဖြင့် မန္တလေးဆိပ်ကမ်းမှ ခရီးသည်တင်ရေယာဉ်နှင့်ကုန်တင်ရေယာဉ်များအနေဖြင့် သတိပြုသွားလာကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးနိုင်ရန် မြို့နယ် သုံးမြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူများကို ငွေကျပ်သိန်း ၁၁၀၀ ကျော်ချေးပေးမည်

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် သုံးမြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးနိုင်ရန် ငွေကျပ်သိန်း ၁၁၀၀ ကျော် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးရန် မန္တလေးတိုင်းဒေသကြီး မြို့နယ်သုံးမြို့နယ်ရှိ သမဝါယမအသင်းသုံးသင်း၊ အသင်းသားတောင်သူ ၁၄၆ ဦး၊ နွေစပါးစိုက်ဧက ၅၆၅ ဧကအတွက် ချေးငွေကျပ်သိန်း ၁၁၀၀ ကျော်ကို လာမည့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ နွေစပါးသီးနှံစိုက်ပျိုးသွားမဲ့ မြို့နယ်သုံးမြို့နယ်ကို ထုတ်ချေးပေးသွားမှာပါ။ နွေစပါးသီးနှံစိုက်ပျိုးမဲ့ တောင်သူတွေအတွက် တစ်ဧကကို ငွေကျပ် ၂၀၀၀၀၀ နှုန်း ချေးပေးမှာပါ။ တောင်သူတွေ လိုအပ်တဲ့ မျိုး၊ သွင်းအားစုတွေကိုပဲ အဓိကထားပေးတာဖြစ်ပါတယ်။ မိသားစုဝင်ငွေတိုးတက်စေရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေဖို့ဖြစ်ပါတယ်။ ဒေသထွက်ကုန်ပေါ်အခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့လဲ ရည်ရွယ်ပါတယ်။ အတိုးနှုန်းကတော့ ငွေကျပ် ၁၀၀ ကို တစ်ကျပ်နှုန်းဖြစ်ပါတယ်။ နိုင်ငံတော်ကနေ တောင်သူတွေအတွက် အကူအညီပေးနိုင်ဖို့ အတိုးနှုန်းသက်သက်သာသာနဲ့ ထုတ်ချေးပေးပါတယ်။ ပြန်ဆပ်ကာလကတော့ ခြောက်လပြည့်ရင် အတိုးဆပ်၊ တစ်နှစ်ပြည့်ရင် အတိုး၊အရင်းဆပ်ရမှာဖြစ်ပါတယ်"ဟု ဦးလှိုင်မိုးက ပြောပြသည်။

ထိုနိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမအသင်းသားတောင်သူများ နွေစပါးစိုက်ပျိုးနိုင်ရန် ထုတ်ချေးပေးသွားမည့် မြို့နယ် သုံးမြို့နယ်မှာ မတ္တရာမြို့နယ်၊ မြင်းခြံမြို့နယ်၊ ရမည်းသင်းမြို့နယ်တို့ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။ (၁၈၅)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် နိုင်လွန်ပဲ အရောင်းအဝယ် ကောင်းလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့်နိုင်လွန်ပဲ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က နှမ်းနှင့်နိုင်လွန်ပဲမှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိတွင် နှမ်းနှင့်နိုင်လွန်ပဲများကို ကုန်သည်များက ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

"နှမ်းအုပ်စုနဲ့နိုင်လွန်ပဲက အရင်တစ်ပတ်လောက်က မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်အေးခဲ့တယ်။ အခုလက်ရှိမှာတော့ အရောင်းအဝယ် ကောင်းလာတဲ့ အပြင် ပြည်ပကပါ ဝယ်ယူမှုတွေ ရှိလာပါတယ်။ ဒါ့ပြင် ကုလားပဲ၊ ပဲတီစိမ်းနဲ့ ဂျုံတွေလဲ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်" ဟု ဦးစက်မောင်ဆွေက ပြောပြသည်။


မန္တလေးပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ နှမ်းနက်(စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၂၉၀၀၀၀၊ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ နိုင်လွန်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေးပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ ပေါက်ဈေးအရ ကုလားပဲ(V2) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ ကုလားပဲ(V7) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်၂၇၅၀၀၀၊ ကုလားပဲ(TW) သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ်၂၅၃၀၀၀၊ ကုလားပဲ(929) သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၂၅၈၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လစ္စူးစမ်းရေး အာကာသခရီးစဉ်များ(အပိုင်း-၁)

ပါမောက္ခကိုကိုအောင်



ဆက်သွယ်ရေးဂြိုဟ်တု Syncom-2 ကို တွေ့ရစဉ်။

ကမ္ဘာမြေပြင်မှ အာကာသထဲသို့ လွှတ်တင်ခဲ့သည့် ဆက်သွယ်ရေးဂြိုဟ်တုများ၊ မိုးလေဝသဂြိုဟ်တုများ၊ ကမ္ဘာမြေလေ့လာစောင့်ကြည့်ရေးဂြိုဟ်တုများ၊ လကို လှည့်ပတ်လေ့လာသည့် အာကာသယာဉ်များ၊ အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်များ၊ စကြဝဠာအနှံ့ခြေဆန့်မည့် ဗွိုင်ယေဂျာအာကာသယာဉ်များ စသည်တို့ကို အာကာသထဲရှိ ကမ္ဘာပတ်လမ်းကြောင်းထဲသို့လည်းကောင်း၊ လနှင့် အင်္ဂါဂြိုဟ် စသည်တို့ဆီသို့ ဦးတည်သွားရာလမ်းကြောင်းပေါ်သို့ လည်းကောင်း ပို့လွှတ်နိုင်ရန် ဒုံးပျံများကို အသုံးပြုကြရသည်။

ဒုံးပျံများသည် ကမ္ဘာမြေဆွဲအားကို ဆန့်ကျင်ပြီး အာကာသယာဉ်နှင့် ဂြိုဟ်တုများကို ကမ္ဘာ့အပြင်ဘက် အာကာသဟင်းလင်းပြင်ကြီးဆီသို့ တွန်းပို့နိုင်ရန် လုံလောက်သောစွမ်းအားနှင့်ပြည့်စုံသည့် အဓိက အထောက်အကူပြု ပျံသန်းရေးယာဉ်ကြီးများဖြစ်ကြသည်။ လေထုကင်းမဲ့သော အာကာသဟင်းလင်းပြင်ကြီးထဲတွင် ဒုံးပျံကို ရွေ့လျားအောင်လုပ်ဆောင်ပေးမည့်အင်ဂျင်ကို အောက်ဆီဂျင်ရှိသည့် လေထုထဲ၌ဖြစ်စေ၊ အောက်ဆီဂျင်ကင်းမဲ့သော အာကာသအတွင်း၌ဖြစ်စေ စဉ်ဆက်မပြတ်တွန်းပို့နိုင်သည့်စွမ်းအားထုတ်ပေးနိုင်အောင် စီစဉ်တည်ဆောက်ကြရသည်။

၁၁ ရာစုအလယ်ပိုင်းကာလခန့်မှစ၍ တရုတ်လူမျိုးတို့က ဒုံးပျံကို ဦးစွာတီထွင်အသုံးပြုခဲ့ကြသည်။ ရှိးရာပွဲတော်များတွင် အသုံးပြုရန်အတွက် မီးရှူးမီးပန်းများနှင့်အတူ လေထဲသို့ပစ်လွှတ်နိုင်သည့် ဒုံးပျံကလေးများကို စမ်းသပ်ပြုလုပ်ခဲ့ကြသော တရုတ်လူမျိုးတို့၏ တီထွင်မှုသည် မျက်မှောက်ခေတ်အာကာသလုပ်ငန်းများတွင် အသုံးပြုနေကြသော ဒုံးပျံကြီးများ၏ ရှေ့ဦးအစ ဖြစ်ခဲ့သည်။ ၁၃ ရာစုအကုန်တွင် ဒုံးပျံပြုလုပ်ခြင်းနည်းပညာမှာ အာရေဗျကျွန်းဆွယ်နှင့် ဥရောပတိုက်တစ်ခွင်သို့ ပြန့်ပွားသွားခဲ့သည်။

ရုရှားလူမျိုး ကျောင်းဆရာတစ်ဦးဖြစ်သူ ကွန်စတန်တင် ဆီရော်ကော့ဗ်စကီးက အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းများ၌ ဒုံးပျံများကို အသုံးချနိုင်ကြောင်း ၁၈၈၀ ပြည့်နှစ်တွင် စတင်ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့နောက် အမေရိကန်ရူပဗေဒပညာရှင် ရောဘတ်ဂေါဒတ်က စွမ်းအားမြင့်လောင်စာရည်ကို ဒုံးပျံအင်ဂျင်၌ ထည့်သွင်းသုံးစွဲနိုင်ရန်အတွက် ၁၉၂၃ ခုနှစ်တွင် သုတေသနစတင်ပြုလုပ်ခဲ့ရာ ၁၉၂၆ ခုနှစ် မတ် ၁၆ ရက်က ပထမဦးဆုံးသော လောင်စာအရည်သုံးဒုံးပျံကို စမ်းသပ်ပစ်လွှတ်နိုင်ခဲ့သည်။

၁၉၃၂ ခုနှစ်အရောက်တွင် ဂျာမနီစစ်ဘက်က ဒုံးပျံသိပ္ပံပညာရှင် ဝါနာဘွန်ဘရောင်းကို ငှားရမ်းပြီး မဟာဗျူဟာမြောက် ဒုံးပျံများကို ထုတ်လုပ်ရန် စတင်ကြိုးပမ်းခဲ့သည်။ ဝါနာဘွန်ဘရောင်း၏ V-2 ဒုံးပျံသည် အမေရိကန်တို့၏ဒုံးပျံထက် အဆများစွာသာလွန်ကောင်းမွန်ကာ ပေါင် ၅၆၀၀၀ တွန်းအားဖြင့် အမြင့် ကီလိုမီတာ ၃၂၀ ထိရောက်အောင် ပျံသန်းနိုင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကာလမတိုင်မီထိ ဂျာမနီတို့သည် သိပ္ပံနည်းနှင့် နည်းပညာဘက်တွင် အမေရိကန်နှင့် ဆိုဗီယက်တို့ထက် များစွာသာလွန်တိုးတက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့်အခါ ဂျာမနီတို့စစ်ရှုံး၍ မဟာမိတ်တို့ အောင်ပွဲခံခဲ့ကြသည်။ စစ်ပွဲတို့၏ထုံးစံအတိုင်းပင် စစ်နိုင်သူ အမေရိကန်နှင့် ဆိုဗီယက်တို့က စစ်ရှုံးသူဂျာမနီတို့ထံမှ နောက်ဆုံးပေါ် ခေတ်မီစက်ပစ္စည်းနှင့် နည်းပညာတို့ကို ရယူသိမ်းပိုက်ခဲ့ကြသည်။

အမေရိကန်နှင့် ဆိုဗီယက်တို့သည် စစ်အောင်နိုင်သူများဖြစ်ကြသော်လည်း စစ်ရှုံးသူဂျာမနီတို့ထံမှ ခေတ်မီစက်ပစ္စည်းကိရိယာများနှင့် နည်းပညာတို့ကို ရရှိလိုက်ပုံခြင်း မတူညီခဲ့ကြပေ။ ဆိုဗီယက်တို့သည် ဂျာမနီတို့၏ နောက်ဆုံးပေါ်နည်းပညာဖြင့် ထုတ်လုပ်ထားသော V-2 ဒုံးပျံစက်ပစ္စည်း အစိတ်အပိုင်းများကိုသာ ရရှိခဲ့ကြသော်လည်း အမေရိကန်တို့ကမူ ဒုံးပျံ၏ စက်ပစ္စည်းအစိတ်အပိုင်းများကိုသာမက နည်းပညာများ၊ စာအုပ်စာတမ်းများနှင့် ဒုံးပျံတီထွင်သည့် သိပ္ပံပညာရှင်ကိုပါ ရရှိလိုက်ကြသည်။

ဤသို့ဖြင့် အမေရိကန်တို့သည် ဂျာမနီတို့ထံမှ ရရှိလိုက်သော သိပ္ပံပညာရှင် ဝါနာဘွန်ဘရောင်း၏ အကူအညီဖြင့် ပထမဦးဆုံးသော Redstone ဒုံးပျံကို ၁၉၅၃ ခုနှစ်က စတင်ပစ်လွှတ်နိုင်ခဲ့သည်။ ဤတွင် ဆိုဗီယက်တို့ကလည်း အားကျမခံစိတ်ဓာတ်ဖြင့် ဒုံးပျံပစ်လွှတ်နိုင်ရေးကို အပြင်းအထန်ကြိုးပမ်းခဲ့ကြရာ ၁၉၅၇ ခုနှစ်တွင် ကမ္ဘာ့ပထမဦးဆုံးသော ဂြိုဟ်တုကို သယ်ဆောင်သွားသည့် R-7 ဒုံးပျံကို စတင်ပစ်လွှတ်နိုင်ခဲ့သည်။ ဤတွင် အမေရိကန်တို့ကလည်း ဂြိုဟ်တုလွှတ်တင်နိုင်ရေးကိုကြိုးပမ်းခဲ့ကြရာ ပထမဦးဆုံးသော Explorer ဂြိုဟ်တုကို ၁၉၅၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက်က အာကာသထဲသို့ အရောက်ပို့နိုင်ခဲ့သည်။

အမေရိကန်လူမျိုး သိပ္ပံစာရေးဆရာ အာသာစီကလပ်သည် ၁၉၄၅ ခုနှစ်ကတည်းကပင် ကမ္ဘာပတ်လမ်းကြောင်း၌ ဂြိုဟ်တုများကို ဖြန့်ကြက်လွှတ်တင်ထားရန် အကြံပြုရေးသားခဲ့သူဖြစ်ပြီး ကမ္ဘာပတ်လမ်းကြောင်းထဲ၌ ဂြိုဟ်တုသုံးလုံးကို အကွာအဝေးအညီအမျှ ဖြန့်ကြက်လွှတ်တင်ထားခြင်းအားဖြင့် ကမ္ဘာ့ဒေသတစ်ခုမှ အခြားဒေသတစ်ခုဆီသို့ အပြန်အလှန်ဆက်သွယ်နိုင်ကြောင်း ဆောင်းပါးရေးသားကာဖော်ပြခဲ့သည်။

သိပ္ပံစာရေးဆရာ အာသာစီကလပ်၏ တိုက်တွန်းရေးသားချက်များသည် အမေရိကန်တို့၏ အာကာသဆိုင်ရာစူးစမ်းလေ့လာမှုနှင့် သုတေသနလုပ်ငန်းများ၊ ဆက်သွယ်ရေးကွန်ရက်များ ဖြစ်ထွန်းပေါ်ပေါက်လာမှုအတွက် ရှေ့ဆောင်လမ်းပြဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် အမေရိကန်သိပ္ပံပညာရှင်များက ကမ္ဘာ့ပထမဦးဆုံးသော ဆက်သွယ်ရေးဂြိုဟ်တု Telstar ကို ကမ္ဘာပတ်လမ်းကြောင်းထဲသို့ ပို့လွှတ်နိုင်ခဲ့သော်လည်း အာသာစီကလပ်က တိုက်တွန်းအကြံပြုထားသကဲ့သို့လုပ်ဆောင်နိုင်ခြင်း မရှိကြပေ။

၁၉၆၂ ခုနှစ် ဇူလိုင် ၁၀ ရက်က ဒုံးပျံဖြင့်အာကာသထဲသို့ပစ်လွှတ်ခဲ့သည့် Telstar ဂြိုဟ်တုသည်အီကွေတာမျဉ်းကို ၄၅ ဒီဂရီတိမ်းစောင်းသော ပတ်လမ်းသို့ရောက်ရှိခဲ့ပြီး ၂ နာရီနှင့် ၃၇ မိနစ်တွင် တစ်ပတ်နှုန်းဖြင့် ကမ္ဘာကိုလှည့်ပတ်နေခဲ့သည်။ Telstar ဂြိုဟ်တု၏ ကမ္ဘာကိုလှည့်ပတ်ရာလမ်းကြောင်းသည် ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့် တယ်လီဖုန်းဆက်သွယ်ပြောဆိုမှုများတွင် ကမ္ဘာ့အရပ်ဒေသအားလုံးကို လွှမ်းခြုံထားနိုင်ခြင်းမရှိပေ။

Telstar ဂြိုဟ်တုကိုလွှတ်တင်ပြီး နောက်တစ်နှစ်ကြာ ၁၉၆၃ ခုနှစ် ဇူလိုင် ၂၆ ရက်က ထပ်မံပစ်လွှတ်ခဲ့သော ဆက်သွယ်ရေးဂြိုဟ်တု Syncom-2 ကိုမူ အီကွေတာမျဉ်း၏အပေါ်တည့်တည့် ကီလိုမီတာ ၃၅၈၀၀ အမြင့်ရှိ စက်ဝိုင်းပုံတည်ငြိမ်ပတ်လမ်း၌ နေရာချထားနိုင်ခဲ့သည်။ ထိုပတ်လမ်းသည် ကမ္ဘာက မိမိဝင်ရိုးပေါ်၌ လည်နေသည့်နှုန်းဖြစ်သော ၂၄ နာရီလျှင် တစ်ပတ်ကျနှုန်းအတိုင်း တစ်ပတ်လျှင် ၂၄ နာရီကြာမြင့်အောင် ချိန်သားကိုက်လှည့်ပတ်နိုင်သောပတ်လမ်းဖြစ်ပြီး ထိုကဲ့သို့ ကမ္ဘာကြီးလည်နေသည့်နှုန်းအတိုင်း ကွက်တိအံကျလှည့်ပတ်နေသည့်အတွက် ကမ္ဘာမြေပြင်မှကြည့်လျှင် အဆိုပါဂြိုဟ်တုမှာ ရွေ့လျားခြင်းမရှိဘဲ တည်ငြိမ်နေသည်ဟု ထင်ရသည့်အတွက် တည်ငြိမ်ပတ်လမ်းဟု ခေါ်ဆိုခြင်းဖြစ်သည်။

တည်ငြိမ်ပတ်လမ်းထဲ၌ လှည့်ပတ်နေသော Syncom-2 ဂြိုဟ်တု၏မြင်ကွင်းသည် ကမ္ဘာမြေ၏ သုံးပုံတစ်ပုံ အုပ်မိုးထားနိုင်သည်ကို လက်တွေ့ကျကျသိရှိလာကြသောကြောင့် ထိုပတ်လမ်းထဲတွင် ဆက်သွယ်ရေးဂြိုဟ်တုသုံးလုံးကို အကွာအဝေးအညီအမျှထားခြင်းဖြင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့် တယ်လီဖုန်းဆက်သွယ်ပြောဆိုမှုများက ကမ္ဘာတစ်ဝန်းလုံးကို လွှမ်းခြုံထားနိုင်ကြောင်းရေးသားခဲ့သည့် သိပ္ပံစာရေးဆရာ အာသာစီကလပ်၏ အကြံပြုချက်များ မှန်ကန်သည်ကို အမေရိကန်သိပ္ပံပညာရှင်တို့ကလက်ခံခဲ့ကြရသည်။

မျက်မှောက်ကာလတွင်လည်း ကမ္ဘာ့နိုင်ငံအသီးသီးတို့က လွှတ်တင်ခဲ့ကြသည့် ဆက်သွယ်ရေးဂြိုဟ်တုများကို တည်ငြိမ်ပတ်လမ်းထဲ၌သာ နေရာချထားသည်ကို တွေ့ရှိနိုင်သည်။ သို့ရာတွင် ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုများနှင့် မိုးလေဝသဂြိုဟ်တုများကိုမူ တည်ငြိမ်ပတ်လမ်းထဲ၌ နေရာချထားခြင်းမပြုဘဲ ဝင်ရိုးစွန်းပတ်လမ်းထဲ၌သာ နေရာချထားကြရသည်။ ကမ္ဘာ့တောင်နှင့်မြောက် ဝင်ရိုးစွန်းများပေါ်မှ ဖြတ်သန်း၍ လှည့်ပတ်သည့်လမ်းကြောင်းကို ဝင်ရိုးစွန်းပတ်လမ်းဟု ခေါ်ဝေါ်ပြီး ကမ္ဘာက အရှေ့မှ အနောက်သို့လည်နေစဉ် ထိုပတ်လမ်းထဲရှိဂြိုဟ်တုများက တောင်မှမြောက်သို့လှည့်ပတ်ရင်း ကောင်းကင်ဓာတ်ပုံများ ရိုက်ကူးခြင်းဖြင့် တစ်ကမ္ဘာလုံးကိုလွှမ်းခြုံသော ကောင်းကင်ဓာတ်ပုံများကို ကမ္ဘာမြေပြင်ဆီသို့ ပြန်လည်ပေးပို့နိုင်ကြသည်။

**❖ တည်ငြိမ်ပတ်လမ်းထဲ၌ လှည့်ပတ်နေသော Syncom-2 ဂြိုဟ်တု၏မြင်ကွင်းသည် ကမ္ဘာမြေ၏သုံးပုံတစ်ပုံ အုပ်မိုးထားနိုင်သည်ကို လက်တွေ့ကျကျသိရှိလာကြသောကြောင့် ထိုပတ်လမ်းထဲတွင် ဆက်သွယ်ရေးဂြိုဟ်တုသုံးလုံးကို အကွာအဝေးအညီအမျှထားခြင်းဖြင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့် တယ်လီဖုန်းဆက်သွယ်ပြောဆိုမှုများက ကမ္ဘာတစ်ဝန်းလုံးကို လွှမ်းခြုံထားနိုင်ကြောင်း ရေးသားခဲ့သည့် သိပ္ပံစာရေးဆရာ အာသာစီကလပ်၏အကြံပြုချက်များ မှန်ကန်သည်ကို အမေရိကန်သိပ္ပံပညာရှင်တို့က လက်ခံခဲ့ကြရသည်။ ❖**

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့်ကာလနောက်ပိုင်းတွင် အမေရိကန်နှင့် ဆိုဗီယက်တို့၏ စစ်မက်ရေးရာကိုအခြေခံသော နည်းပညာပြိုင်ဆိုင်မှုသည် စစ်အေးခေတ်၏ အကြိတ်အနယ်ယှဉ်ပြိုင်ပွဲကြီး ဖြစ်လာခဲ့တော့သည်။ အာကာသထဲသို့ ဒုံးပျံများပစ်လွှတ်နိုင်ရေးနှင့် လူသားများပို့လွှတ်နိုင်ရေး၊ ဆက်သွယ်ရေးဂြိုဟ်တုလွှတ်တင်နိုင်ရေး၊ လနှင့် အခြားဂြိုဟ်များဆီသို့ အာကာသယာဉ်များပစ်လွှတ်နိုင်ရေး၊ လနှင့် အင်္ဂါဂြိုဟ်ပေါ်သို့ အာကာသယာဉ်များဆင်းသက်နိုင်ရေး၊ လပေါ်သို့ လူသားများခြေချနိုင်ရေး၊ အင်္ဂါဂြိုဟ်ပေါ်၌ လူသားများအခြေချနေထိုင်နိုင်ရေး စသည်ဖြင့် အာကာသသိပ္ပံရေးရာနယ်ပယ်ကြီးထဲတွင် ပြိုင်ဆိုင်မှုများ ပို၍ပြင်းထန်လာခဲ့သည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ဧက ၂၀၆၁၀ စိုက်ပျိုးပြီးစီး

**ကသာ ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းနှမ်းဧက ၂၀၆၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကသာမြို့နယ်တွင် ဆောင်းနှမ်းဧက ၂၅၀၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၀၆၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာမြို့နယ်မှာ ဒီနှစ် ဆောင်းနှမ်းဧက ၂၅၀၀၀ ကျော်လျာထားစိုက်ပျိုးခဲ့ရာ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်လဲ စိုက်ပျိုးနေပါတယ်။ ဆောင်းနှမ်းလျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်နဲ့ စိုက်ပျိုးဖို့ အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ကသာမြို့နယ်တွင် ဆောင်းနှမ်းစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဧက ၂၅၀၅၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆောင်းနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)



ယခင်နှစ်က ဆောင်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

# ဘားအံမြို့နယ် ကော့ဒါန်းမယ်ကျေးရွာ၌ အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၄**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ရန်ပုံငွေဖြင့် ကော့ဒါန်းမယ်ကျေးရွာ၌ အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကော့ဒါန်းမယ်ကျေးရွာ၌ အုတ်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်က ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ကော့ဒါန်းမယ်ကျေးရွာ၌ အရှည်ပေ ၅၃၀၊ အကျယ် နှစ်ပေ ခြောက်လက်မ၊ အမြင့် နှစ်ပေ ခြောက်လက်မရှိ အုတ်စီရေမြောင်း တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ရန်ပုံငွေကျပ် ၁၈ ဒသမ ၅ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် စက်တင်ဘာလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းပြီးစီးပြီဖြစ်သဖြင့် ကျေးရွာတွင်း ရေစီးရေလာကောင်းမွန်ပြီး သန့်ရှင်းသာယာလှပတော့မည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်က ပြောပြ၍ သိရသည်။

**ဆက်လူ**

## တို့ဘိုးဘွားအမွေ

- တို့ဘိုးဘွား အမွေအနှစ်
ရွှေအစစ် တို့မြန်မာ၊
ဓလေ့ရိုးရာ ယဉ်ကျေးမှု
သဘင် တေး အနု ကဗျာ၊
တို့အမျိုး ကိုယ်ပိုင်စာ
ကိုယ့်ဘာသာ ယုံကြည်မှု၊
ဘိုးဘွားတွေ အဆင့်ဆင့်လန်းအောင်
လက်ဆင့်ကမ်းပြု။

- တို့ဘိုးဘွား အမွေအနှစ်
မြေအစစ် တို့မြန်မာ၊
အဖိုးတန် သယံဇာတ
လျှံကာကျရာ၊
သုံးစွဲလို့ မကုန်ပါ
ရဂုံဖြာဖြာ ရေပြာနက်၊
ဘိုးဘွားမြေ ငြိမ်းချမ်းအောင်
ထိန်းထမ်းဆက်လက်။

- တို့ဘိုးဘွား အမွေအနှစ်
ဆွေအစစ် တို့မြန်မာ၊
တိုင်းရင်းစုံ အင်အားဆင့်လို့
ဘဝင်ကြွားမြင့်ရာ၊
အချင်းချင်း လေးစားကာ
အတွေးများစွာ ဖြန့်ကြက်ရင်း၊
တို့တိုင်းပြည် တန်ခိုးထက်လို့
တိုးတက်စေခြင်း။

- တို့ဘိုးဘွား အမွေအနှစ်
မသွေချစ်ဖို့ တို့ဝန်တာ၊
တို့ရိုးရာ မပျောက်ရှအောင်
ထောက်ဆလို့သာ၊
သယံဇာတ အဖြာဖြာ
ကာကွယ်စို့ တို့အများ၊
တို့ချစ် သွေးချင်းတွေနဲ့
အဆွေးကင်းကာ တိုင်းမြန်လှအောင်
အတွေးချင်းဖြာ နှိုင်းကြံဆလို့
အို့. . .
ဝိုင်းရုံမှတကား။ ။

**လွမ်းလေးကို(သရက်)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## အိန္ဒိယပြည်နယ်ရွေးကောက်ပွဲငါးခုအနက် လေးခု၏မဲရလဒ်များ အိန္ဒိယရွေးကောက်ပွဲကော်မရှင် ထုတ်ပြန်ကြေညာ



**ဒေလီ ဒီဇင်ဘာ ၄**

ပြီးခဲ့သည့်လကကျင်းပခဲ့သော ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ငါးခုအနက် လေးခု၏ အပြီးသတ် မဲရလဒ်များကို အိန္ဒိယရွေးကောက်ပွဲကော်မရှင်က ဒီဇင်ဘာ ၃ ရက်တွင်ကြေညာခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲကော်မရှင်ကြေညာချက်အရ လွှတ်တော်ရွေးကောက်ပွဲများကျင်းပထားသည့် ပြည်နယ်လေးခုအနက် သုံးခုတို့တွင် လက်ရှိ အာဏာရဘာရာတီယာဂျနေတာပါတီ (ဘီဂျေပီ)က အနိုင်ရရှိထားသည်။

ဘီဂျေပီပါတီ အနိုင်ရခဲ့သည့် ပြည်နယ်များမှာ ရာဂျက်စတန်ပြည်နယ်၊ မဒရာပရာဒေ့ရှ်ပြည်နယ်နှင့် ချာတစ်ဂါပြည်နယ်တို့တွင် အနိုင်ရရှိခဲ့ပြီး အဓိကအတိုက်အခံကွန်ဂရက်ပါတီကမူ တီလန်နာဂါပြည်နယ်၌ အနိုင်ရရှိခဲ့သည်။

ပဉ္စမမြောက်ပြည်နယ်ရွေးကောက်ပွဲဖြစ်သည့် မီဇိုရမ်ပြည်နယ်ဆန္ဒမဲများကိုမူ ယနေ့တွင် အိန္ဒိယရွေးကောက်ပွဲကော်မရှင်က စတင်ရေတွက်မည်ဖြစ်သည်။

အဆိုပါပြည်နယ်ငါးခုလွှတ်တော်ရွေးကောက်ပွဲများကို ပြီးခဲ့သည့်လအတွင်းအဆင့်လိုက်ကျင်းပခဲ့ရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အိန္ဒိယပြည်သူသန်း ၁၆၀တို့ ပါဝင်မဲပေးခဲ့ကြသည်။

အဆိုပါပြည်နယ်ရွေးကောက်ပွဲရလဒ်များသည် ၂၀၂၄ ခုနှစ် အမျိုးသား ရွေးကောက်ပွဲများမတိုင်မီ ဘီဂျေပီပါတီရရှိထားသည့် လူထုထောက်ခံမှုနှုန်းထားကို ပြသနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## တရုတ်သင်္ဘောများကို စောင့်ကြည့်ရေးအတွက် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်က သင်္ဘောနှစ်စီးစေလွှတ်

**မနီလာ ဒီဇင်ဘာ ၄**

ဖိလစ်ပိုင် အထူးစီးပွားရေးဇုန်အတွင်းရှိ ရေမြုပ်သန္တာကျွန်းနယ်မြေအနီး တရုတ်သင်္ဘောများ စုစည်းရောက်ရှိနေမှုမြင့်တက်လာခဲ့ပြီးနောက် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်က သင်္ဘောနှစ်စီးစေလွှတ်၍ အခြေအနေကို စောင့်ကြည့်နေကြောင်း ဒီဇင်ဘာ ၁ ရက်သတင်းများအရ သိရသည်။

တောင်တရုတ်ပင်လယ်ဒေသ ဝမ်ဆန်းသန္တာကျွန်းအနီး ရေပြင်အတွင်း ရောက်ရှိနေသည့် တရုတ်ရေယာဉ်အရေအတွက်မှာ နိုဝင်ဘာလအတွင်းက ၁၁၁စီးထိ ရှိခဲ့ပြီး လက်ရှိအချိန်တွင်၁၃၅စီးထိ အရေအတွက် မြင့်တက်လာကြောင်း ဖိလစ်ပိုင် ကမ်းခြေစောင့်တပ်က ဒီဇင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဖိလစ်ပိုင်နိုင်ငံ၏ အနောက်ဖိလစ်ပိုင် ပင်လယ်ဒေသအပေါ် အချုပ်အခြာတည်မှု၊ တရားစီရင်ခွင့်ရှိမှုတို့ကို ကာကွယ်စောင့်ရှောက်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အနောက်ဖိလစ်ပိုင်ပင်လယ်သည် ဖိလစ်ပိုင်နိုင်ငံ၏ အထူးစီးပွားရေးရေပြင်ဇုန်တည်ရှိရာ အရှေ့တရုတ်ပင်လယ်ရေပြင်ဒေသကို ရည်ညွှန်းရာတွင်ဖိလစ်ပိုင်အစိုးရက အသုံးပြုသည့် အမည်နာမဖြစ်သည်။

တရုတ်နိုင်ငံသည် တစ်နှစ်လျှင်ရေကြောင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သုံးထရီလီယံရှိသော တောင်တရုတ်ပင်လယ်ဒေသတစ်ခုလုံးနီးပါးကို ပိုင်ဆိုင်ခွင့်တောင်းဆိုထားသည်။

တစ်ချိန်တည်းမှာပင် ဖိလစ်ပိုင်နှင့် ဗီယက်နမ်အပါအဝင် ဒေသတွင်းအရှေ့တောင်အာရှနိုင်ငံများကလည်း တောင်တရုတ်ပင်လယ်ဒေသကို ၎င်းတို့လည်း တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်ခွင့်ရှိသည်ဟု အရေးဆိုထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ပြည်တွင်းကလေးမွေးဖွားမှုနှုန်းကိုမြှင့်တင်ရန် မြောက်ကိုရီးယားခေါင်းဆောင် တိုက်တွန်း

**ပြုံယမ်း ဒီဇင်ဘာ ၄**

ပြည်တွင်း၌ ကလေးမွေးဖွားမှုနှုန်း ကျဆင်းလာမှုပြဿနာကို ကိုင်တွယ်ရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ဒီဇင်ဘာ ၃ ရက်တွင် တာဝန်ရှိသူများကို တိုက်တွန်းခဲ့ကြောင်း သိရသည်။

ပြည်တွင်းကလေးမွေးဖွားမှုနှုန်းကျဆင်းမှုကိုတားဆီးရေး၊ ကလေးများကိုကောင်းမွန်စွာ ပြုစုစောင့်ရှောက်နိုင်ရေးတို့မှာ မြောက်ကိုရီးယားမိသားစုအားလုံး၏ တာဝန်ဖြစ်ကြောင်း ကင်ဂျုံအန်က ပြောကြားခဲ့သည်။

ပြုံယမ်းမြို့၌ကျင်းပသည့် မိခင်များဆိုင်ရာ အခမ်းအနားတစ်ခုတွင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က အဆိုပါအတိုင်း တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံ၏ ပြည်တွင်းကလေးမွေးဖွားမှုနှုန်းမှာ ယခုနှစ်တွင် မိခင်တစ်ဦးလျှင် ၁ ဒသမ ၈ ဦးနှုန်း ရှိခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား၏ ပြည်တွင်းကလေးမွေးဖွားမှုနှုန်းသည် တောင်ကိုရီးယားနှင့်ဂျပန်ကဲ့သို့အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြင့်မားနေဆဲဖြစ်သော်လည်း အကျဘက်သို့ ဦးတည်လျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်းမှာ ၂၀၂၂ ခုနှစ်တွင် မိခင်တစ်ဦးလျှင် သုည ဒသမ ၇၈ ဦးနှုန်းသာမွေးဖွားခဲ့ပြီး ဂျပန်နိုင်ငံတွင်မူ မိခင်တစ်ဦးလျှင် ၁ ဒသမ ၂၆ဦးနှုန်းသာ မွေးဖွားနှုန်းရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အရပ်ဘက်ပင်လယ်ရေကြောင်းကုန်သွယ်ရေး သင်္ဘောသုံးစီး ပင်လယ်နီ၌တိုက်ခိုက်ခံရ

**နယူးယောက် ဒီဇင်ဘာ ၄**

ပင်လယ်နီရေပြင်တောင်ဘက်ပိုင်း နိုင်ငံတကာရေပြင်အတွင်း၌ အရပ်ဘက် ပင်လယ်ရေကြောင်းကုန်သွယ်ရေး သင်္ဘောသုံးစီး တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်း အမေရိကန်စစ်ဘက်က ဒီဇင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါသင်္ဘောများသည် ယီမင်အခြေစိုက် ဟူသီသူပုန်များထိန်းချုပ်ထားသည့် ရေပိုင်နက်မှတစ်ဆင့် ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်၏ အဆိုအရ သိရသည်။

သို့သော် ယူအက်စ်အက်စ်ကာနေအမည်ရှိ ပင်လယ်နီ၌တပ်ဖွဲ့ထားသည့် အမေရိကန်စစ်သင်္ဘောတစ်စီးက တိုက်ခိုက်ခံခဲ့ရသော ကုန်တင်သင်္ဘောများကို ကူညီနိုင်ခဲ့ကြောင်း အမေရိကန်စစ်ဘက် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဟူသီသူပုန်များ၏တိုက်ခိုက်မှုနှင့်ရင်ဆိုင်နေရသည့် သင်္ဘောများကိုကူညီစဉ် မောင်းသူမဲ့လေယာဉ်သုံးစင်းကိုယူအက်စ်အက်စ်ကာနေစစ်သင်္ဘောက ပစ်ချခဲ့ကြောင်း အမေရိကန်စစ်ဘက် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပင်လယ်နီဒေသကို ဖြတ်သန်းမောင်းနှင်နေသည့် အစ္စရေးကုန်သင်္ဘောနှစ်စီးကို ဒီဇင်ဘာ ၃ ရက်တွင် မောင်းသူမဲ့လေယာဉ်များ၊ ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဟူသီသူပုန်အုပ်စုကလည်း ကြေညာထားသည်။

အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြား စစ်ပွဲစတင်ခဲ့သည့် အောက်တိုဘာ ၇ ရက်နောက်ပိုင်းမှစ၍ အီရန်ကျောထောက်နောက်ခံပြုဟူသီသူပုန်အုပ်စုသည် ပင်လယ်နီဒေသ၌ အစ္စရေးသင်္ဘောများကို စတင်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဂါဇာဒေသမြေပြင်စစ်ဆင်ရေး၌ ဟားမတ်စ်အုပ်စု၏ မြေအောက်ဥမင်ကွန်ရက်သို့ ဝင်ရောက်နိုင်သည့်ဝင်ပေါက် ၈၀၀ ကို အစ္စရေးစစ်ဘက်ရှာဖွေတွေ့ရှိ

**ဂျေရုဆလင် ဒီဇင်ဘာ ၄**

ဂါဇာကမ်းမြောင်ဒေသ၌ မြေပြင်စစ်ဆင်ရေးများ စတင်ခဲ့သော အောက်တိုဘာ ၂၇ ရက်မှစ၍ ဟားမတ်စ်အုပ်စု၏ မြေအောက်ဥမင်ကွန်ရက်များသို့ ဝင်ရောက်နိုင်သည့်ဝင်ပေါက် ၈၀၀ ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အစ္စရေးစစ်ဘက်က ဒီဇင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



မြေပြင်စစ်ဆင်ရေး ကာလအတွင်း ရှာဖွေတွေ့ရှိခဲ့သော မြေအောက်ဥမင်ကွန်ရက်ဝင်ပေါက် ၈၀၀ အနက် ထက်ဝက်ကျော်ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း အစ္စရေးစစ်ဘက်၏အဆိုအရ သိရသည်။

စစ်ဆင်ရေး စခန်းများကို ကာကွယ်ရေး၊ စစ်ဆင်ရေးစခန်းများအဖြစ် အသုံးပြုနိုင်ရေးတို့အတွက် ဂါဇာကမ်းမြောင်ဒေသ၌ ကီလိုမီတာရာပေါင်းများစွာ ရှည်လျားသည့် မြေအောက်ဥမင်ကွန်ရက်များ တည်ဆောက်ထားကြောင်း ဟားမတ်စ်အုပ်စုက လက်ရှိဂါဇာစစ်ပွဲမဖြစ်မီကပင် ကြေညာထားသည်။

နှိုင်းယှဉ်ကြည့်ပါက ဂါဇာကမ်းမြောင်ဒေသ၌ ဟားမတ်စ်အုပ်စု တည်ဆောက်ထားသည့် မြေအောက်ဥမင် ကွန်ရက်များ၏ အရှည်မှာ အမေရိကန်နိုင်ငံ နယူးယောက်မြို့ မြေအောက်ရထားလမ်းစနစ်အရှည်နှင့်အတူတူလောက်ပင်ရှိသည်။

ယခုအခါ ရက်သတ္တရှစ်ပတ်ကြာမြင့်ခဲ့ပြီဖြစ်သည့် ဂါဇာစစ်ပွဲအတွင်း အစ္စရေးစစ်ဘက်သည် ဟားမတ်စ်အုပ်စု၏ မြေအောက်ဥမင်ကွန်ရက်များကို အဓိကပစ်မှတ်များအဖြစ် တိုက်ခိုက်ခဲ့ရသည်။

ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းမြို့များကို ဝင်ရောက် တိုက်ခိုက်ပြီးနောက် ဂါဇာစစ်ပွဲ စတင်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ရုရှားအာကာသအေဂျင်စီ၏ ပရိုဂရက်စ်အမ်အက်စ်-၂၅ အာကာသကုန်တင်ယာဉ်က နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့



**မော်စကို ဒီဇင်ဘာ ၄**

ရုရှားအာကာသအေဂျင်စီ၏ ပရိုဂရက်စ်အမ်အက်စ်-၂၅ အာကာသကုန်တင်ယာဉ်သည် ဒီဇင်ဘာ ၃ ရက်က နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

ပရိုဂရက်စ် အမ်အက်စ်-၂၅ အာကာသကုန်တင်ယာဉ်နှင့် နိုင်ငံတကာ အာကာသစခန်းတို့ ချိတ်ဆက်နိုင်ရေးအတွက် ရုရှား အာကာသယာဉ်မှူးများက အဝေးထိန်းစနစ်ဖြင့် ထိန်းကျောင်းပေးခဲ့ကြောင်း သိရသည်။

ရုရှား အာကာသအေဂျင်စီသည် ပရိုဂရက်စ် အမ်အက်စ်-၂၅ အာကာသကုန်တင်ယာဉ်ကို ဒီဇင်ဘာ ၁ ရက်က ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းပေါ်ရှိ အာကာသယာဉ်မှူးများအတွက် အထောက်အပံ့ပစ္စည်း ၂ ဒသမ ၇ တန် သယ်ဆောင်ထားကြောင်း သိရသည်။

ပရိုဂရက်စ် အမ်အက်စ်-၂၅ အာကာသကုန်တင်ယာဉ်သည် ကမ္ဘာကို ၃၇ ပတ်ထိ လှည့်ပတ်ခဲ့ပြီးနောက် နိုင်ငံတကာအာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်။

ပရိုဂရက်စ် အမ်အက်စ်-၂၅ အာကာသကုန်တင်ယာဉ်နှင့် နိုင်ငံတကာ အာကာသစခန်းတို့သည် အနောက်ပစိဖိတ် သမုဒ္ဒရာဒေသအထက် အမြင့်မိုင် ၂၆၀ အကွာတွင် ချိတ်ဆက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## တရုတ်ပုဂ္ဂလိကအာကာသကုမ္ပဏီတစ်ခုဖြစ်သည့် Landspace ကုမ္ပဏီက မီသိန်းလောင်စာရည်သုံးဒုံးပျံကို တတိယအကြိမ်အဖြစ်လွှတ်တင်ရေး စီစဉ်နေ

**ပေကျင်း ဒီဇင်ဘာ ၄**

တရုတ် ပုဂ္ဂလိကအာကာသကုမ္ပဏီတစ်ခုဖြစ်သည့် Landspace ကုမ္ပဏီသည် မီသိန်းလောင်စာရည်သုံးဒုံးပျံကို တတိယအကြိမ်အဖြစ် လွှတ်တင်ရေးအတွက် စီစဉ်နေကြောင်း ဒီဇင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

Landspace ကုမ္ပဏီသည် ကျူကျေး-၂ အမည်ရှိ အဆိုပါမီသိန်းလောင်စာရည်သုံးဒုံးပျံကို လာမည့်လအစောပိုင်းတွင် ချိကွမ်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Landspace ကုမ္ပဏီသည် ကျူကျေး-၂ ဒုံးပျံကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ပထမဆုံးအကြိမ် လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့ပေ။

သို့ရာတွင် Landspace ကုမ္ပဏီသည် ယခုနှစ် ဇူလိုင်လအတွင်းမှာပင် အဆိုပါဒုံးပျံကို ဒုတိယအကြိမ် ထပ်မံလွှတ်တင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ပြီး ဒုံးပျံမှာ ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ အောင်မြင်စွာ ရောက်ရှိခဲ့ကြောင်း သိရသည်။



တတိယအကြိမ် လွှတ်တင်ရာတွင်ကျူကျေး-၂ ဒုံးပျံသည်လက်တွေ့လုပ်ငန်းခွင်ဝင်နိုင်စွမ်းကို ဆန်းစစ်ရေးအတွက် ဂြိုဟ်တုငယ်များ သယ်ဆောင်သွားမည်ဖြစ်ကြောင်း Landspace ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားထားသည်။

ကိုယ်ထည်အလျား ၄၉ ဒသမ ၅ မီတာရှိ ကျူကျေး-၂ ဒုံးပျံသည် ကမ္ဘာ့ပထမဆုံးသော မီသိန်းလောင်စာရည်သုံး ဒုံးပျံဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ဥရောပအာကာသအေဂျင်စီက အာရီယာနီ-၆ ဒုံးပျံ၏ ပထမဆုံးမစ်ရှင်ကို ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းတွင် လွှတ်တင်မည်

**ပဲရစ် ဒီဇင်ဘာ ၄**

ဥရောပအာကာသအေဂျင်စီသည် အာရီယာနီ-၆ ဒုံးပျံ၏ ပထမဆုံးမစ်ရှင်ကို ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းတွင် လွှတ်တင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

စီစဉ်ထားသည့်အတိုင်း လွှတ်တင်ချိန်တွင် အာရီယာနီ-၆ ဒုံးပျံသစ်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂြိုဟ်တုငယ်နှစ်စင်းအပါအဝင် ဂြိုဟ်တုငယ်များ သယ်ယူသွားမည်ဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဥရောပ အာကာသအေဂျင်စီသည် အာရီယာနီ-၆ ဒုံးပျံ၏ ပထမဆုံးမစ်ရှင်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ၎င်းဒုံးပျံ၌တပ်ဆင်ထားသည့် ဒုံးအင်ဂျင်များကို ပြီးခဲ့သည့် သီတင်းပတ်အတွင်း စမ်းသပ်လည်ပတ်ခဲ့ပြီးဖြစ်သည်။

အာရီယာနီ-၆ ဒုံးပျံ၏ပထမဆုံးမစ်ရှင်ကို ၂၀၂၄ ခုနှစ် ဇွန်လ ၁၅ ရက်နှင့် ဇူလိုင် ၃၁ ရက်ကြား တစ်ချိန်ချိန်တွင် လွှတ်တင်မည်ဖြစ်ကြောင်း ဥရောပ အာကာသအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားသည်။

ဥရောပ အာကာသအေဂျင်စီသည် အာရီယာနီ-၆ ဒုံးပျံသစ်ကို လက်ရှိသုံးစွဲနေသည့် အာရီယာနီ-၅ ဒုံးပျံများနေရာတွင် အစားထိုးရန် စီစဉ်ထားသည်။

ဥရောပ အာကာသအေဂျင်စီသည် အာရီယာနီ-၅ ဒုံးပျံများဖြင့် ၁၉၉၆ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်ကြား အာကာသမစ်ရှင်ပေါင်း ၁၀၀ ကျော် လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## HIV ပိုးရပ်ကူးစက်မှုတားဆီးရေးအတွက် PrEP ဆေးများသုံးစွဲရာတွင် ထိရောက်မှုရှိ

**လန်ဒန် ဒီဇင်ဘာ ၄**

ခုခံအား ကျဆင်းမှုရောဂါ (HIV) ပိုးရပ်ကူးစက်မှု တားဆီးရေးအတွက် PrEP ဆေးများ သုံးစွဲရာတွင် ထိရောက်မှုရှိကြောင်း ဒီဇင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် PrEP ဆေး၏ အာနိသင်ကို အတည်ပြုနိုင်ရန် အသက် ၁၆ နှစ်နှင့်အထက် လူပေါင်း ၂၄၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ PrEP ဆေးများသည် သုံးစွဲသူများ၌ HIV ပိုးရပ်ကူးစက်နိုင်ခြေကို သိသိသာသာ လျှော့ချပေးနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ PrEP ဆေးများသည် သုံးစွဲသူများ၌ HIV ပိုးရပ်ကူးစက်နိုင်ခြေကို ၈၆ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် လေ့လာမှုတွင်ပါဝင်သူများ၏ PrEP လိုအပ်မှုပုံစံ၊ သုံးစွဲမှုပုံစံနှင့် HIV ပိုးရပ်ကူးစက်မှု သို့မဟုတ် လိင်ဆက်ဆံမှုမှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါများ ရှိ၊ မရှိကို နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် PrEP ဆေးများ၏ အကျိုးကျေးဇူးကို လူအားလုံးရယူခံစားနိုင်စွမ်း ရှိ၊ မရှိနှင့်ပတ်သက်၍ လေ့လာမှုများဆက်လုပ်ရန်လိုကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## ဟင်းသီးဟင်းရွက်အဓိကစားသုံးခြင်းဖြင့် နှလုံးရောဂါများဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်

**နယူးယောက် ဒီဇင်ဘာ ၄**

ဟင်းသီးဟင်းရွက် အဓိကစားသုံးခြင်းဖြင့် သီတင်းပတ်အနည်းငယ်အတွင်း နှလုံးရောဂါများဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဒီဇင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စမ်းသပ်မှုတွင် ပါဝင်သူများအနက် ဟင်းသီးဟင်းရွက်ဓာတ်စာ စားသုံးခဲ့ရသူများတွင် အခြားဓာတ်စာ ပုံစံကိုသာ စားသုံးခဲ့ရသူများထက် သွေးအတွင်း ကိုလက်စထရောစုစည်းမှု ပို၍ သိသိသာသာကျဆင်းခဲ့ပြီး သွေးအတွင်း သကြားဓာတ်ပါဝင်နှုန်းကိုလည်း ပို၍ ထိန်းထားနိုင်ကြောင်း သိရသည်။

ထို့ပြင် ဟင်းသီးဟင်းရွက်ဓာတ်စာ စားသုံးသူများသည် အခြားဓာတ်စာပုံစံ စားသုံးသူများထက် နှစ်လတာကာလအတွင်း ကိုယ်အလေးချိန် ကျဆင်းမှုနှုန်း ပိုမြင့်မားသည်ကို တွေ့ရှိရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သွေးအတွင်း ကိုလက်စထရောစုစည်းမှုလွန်ကဲခြင်း၊ သကြားဓာတ်ပါဝင်နှုန်း လွန်ကဲခြင်းနှင့် ကိုယ်အလေးချိန် လွန်ကဲလာမှုတို့သည် နှလုံးကျန်းမာရေး ပြဿနာများ၏အဓိကရောဂါနောက်ခံအကြောင်းတရားများ ဖြစ်ကြကြောင်း သိရသည်။

သို့ဖြစ်ရာ ဟင်းသီးဟင်းရွက်ဓာတ်စာများ ပုံမှန်စားသုံးမှုသည် နှလုံးရောဂါများ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ် ရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားထားသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဘာစီလိုနာခံစစ်ကစားသမား အလွန်ဆို ဆော်ဒီပရိုလိဂ်သို့ ပြောင်းရွှေ့ရန်ပြင်ဆင်

**ဘာစီလိုနာ ဒီဇင်ဘာ ၄**

ဘာစီလိုနာအသင်းနှင့်လာမည့် နှစ်နွေရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ခံစစ်ကစားသမား အလွန်ဆိုက အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားပြီး ဆော်ဒီပရိုလိဂ်သို့ ပြောင်းရွှေ့ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် ခံစစ်ကစားသမားအလွန်ဆိုနှင့်လာမည့်နှစ် ဇွန် ၃၀ ရက်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်းအသင်းအနေဖြင့် ဘဏ္ဍာရေးအကျပ်အတည်းကြောင့် သက်တမ်းတိုးရန်မစီစဉ်တော့ဘဲ အလွတ်ပြောင်းရွှေ့ခွင့်ပြုမည် ဖြစ်သောကြောင့် ကစားသမားအနေဖြင့် ပရီးမီးယားလိဂ် သို့မဟုတ် ဆော်ဒီပရိုလိဂ်သို့ပြောင်းရွှေ့ရန် ပြင်ဆင်လျက်ရှိသည်။

အသက် ၃၂ နှစ်ရှိ အလွန်ဆိုသည် တောင်ပံခံစစ်ပိုင်းတွင် ကန်ဆယ်လို၊ လူငယ်ကစားသမား ဘလိတ်တို့နှင့် ပွဲထွက်ခွင့်ယှဉ်ပြိုင်နေရကာ ယခုရာသီတွင် ပြိုင်ပွဲစုံလေးပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်နေရသောကြောင့် ပွဲကစားခွင့်ရရှိနိုင်မည့် ဆော်ဒီပရိုလိဂ်သို့ပြောင်းရွှေ့ရန်ဆန္ဒရှိနေပြီး ၎င်းကိုအယ်နာဆာအသင်းနှင့် အယ်ဟိုင်လာအသင်းတို့ကခေါ်ယူနိုင်ရန် ကမ်းလှမ်းမှုများပြုလုပ်ထားသည်။

ခံစစ်ကစားသမား အလွန်ဆိုသည် ၂၀၀၉ ခုနှစ်က ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ရီးရဲလ်မက်ဒရစ် အသင်းနှင့်စတင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ဘော်တန်အသင်း၊ ၂၀၁၃ ခုနှစ်တွင် ဖီအိုရင်တီးနားအသင်း၊ ၂၀၁၆ ခုနှစ်တွင် ချဲလ်ဆီးအသင်းသို့ပြောင်းရွှေ့ခဲ့ရာ ပြိုင်ပွဲစုံ ၂၁၂ ပွဲပါဝင်ခဲ့ရာတွင် သွင်းဂိုး ၂၉ ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် ၂၀၂၂ ခုနှစ်တွင် ဘာစီလိုနာအသင်းက အလွတ်ပြောင်းရွှေ့ခွင့်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

Ref : Sputnik
Trs : ML




## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းက ကွင်းလယ်ကစားသမားဆန်ချိုကို စတာလင်ပေါင် ၂၆ သန်းဖြင့်ရောင်းချပြီး ဇန်ဒီဘိန်ကိုအငှားစာချုပ်ဖြင့် စေလွှတ်ရန် ဂျူဗင်တပ်အသင်းနှင့်ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။
- မန်ယူအသင်းကခေါ်ယူရန် စိတ်ဝင်စားနေသည့် တောင်ပံကစားသမားမူလာအနေဖြင့် ဘိုင်ယန်မြူနစ်အသင်းနှင့်လာမည့် ၂၀၂၅ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးခဲ့ကြောင်း သိရသည်။
- မန်စီးတီးအသင်းကစိတ်ဝင်စားနေသည့် တောင်ပံကစားသမားဒီတိုမာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ နှင့် ၇၀ ကြားရရှိပါက ရောင်းချသွားမည်ဖြစ်ကြောင်း ဘရိုက်တန်အသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# Hero World Challenge ပြိုင်ပွဲ ချန်ပီယံဆုကို စကော့တီရှက်ဖလာ ဆွတ်ခူး



**နာဆော ဒီဇင်ဘာ ၄**

ဘဟားမားစ်နိုင်ငံ ဘယ်ဘာနီမြို့တွင် ကျင်းပခဲ့သည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ကမ္ဘာ့အဆင့်(၁)နေရာတွင်ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျား ဂေါက်သီးရိုက်ကစားသမား စထရာကာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နိုင်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်သော မတ်စ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို နှစ်နှစ်ဆက်တိုက်ဆွတ်ခူးထားသည့် နော်ဝေဂေါက်သီးရိုက်ကစားသမားဗစ်တာဟိုဗ်လန်းသည် သုံးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ခွင့်ရရေးအတွက် ကြိုးစားခဲ့သော်လည်း စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်သာ လျော့ရိုက်နိုင်ခဲ့ခြင်းကြောင့် အမှတ်ပေးဇယား၏ အဆင့် ၁၀ ၌သာ ရပ်တည်နိုင်ခဲ့သည်။

ပြိုင်ပွဲကို ဦးဆောင်ကျင်းပပေးခဲ့သော အမေရိကန်ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်သည် စုစုပေါင်း သတ်မှတ်ရိုက်ချက် အတိုင်းသာ ရိုက်နိုင်ခဲ့ခြင်းကြောင့် အမှတ်ပေးဇယား၏ အဆင့်(၁၈) နေရာ၌ ရပ်တည်နိုင်ခဲ့သည်။

တိုက်ဂါးဝုဒ်က "ပွဲမကစားရတာ အရမ်းကြာနေပြီဆိုပေမဲ့လဲ အခုလောက်ထိ ကစားနိုင်တာကို အားရကျေနပ်မိပါတယ်။ ဒီလိုအခြေအနေမျိုးမှာ လူတိုင်းဒီလိုလုပ်နိုင်ချင်မှ လုပ်နိုင်လိမ့်မယ်။ ဒဏ်ရာပြဿနာနဲ့ ပတ်သက်ပြီး တစ်ရက်ထက် တစ်ရက်ပိုပြီး ကောင်းလာသလို စွမ်းဆောင်ရည်ပိုင်းမှာလဲ တိုးတက်မှုရှိလာတာကို အံ့သြဝမ်းသာမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ဒေါ့မွန်အသင်းကိုသရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် ဘွန်ဒက်လီဂါ ရှုံးပွဲမရှိသည့်အသင်းအဖြစ် လေဗာကူဆင် ဆက်လက်ရပ်တည်

**ဘာလင် ဒီဇင်ဘာ ၄**

လေဗာကူဆင် အသင်းသည် ဘွန်ဒက်လီဂါ ပွဲစဉ်(၁၃)တွင် ဒေါ့မွန်အသင်းကို အိမ်ကွင်းတွင် ကစားခဲ့ရာ၌ တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သောကြောင့် အမှတ်ပေးပြိုင်ပွဲတွင် ရှုံးပွဲမရှိသည့် အသင်းအဖြစ်ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဒေါ့မွန်အသင်းကပွဲအစတွင် လေဗာကူဆင်အသင်း၏ အထပ်နေ့နေမှုကို အခွင့်ကောင်းယူ၍ ပွဲချိန် ငါးမိနစ်တွင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပြိုင်ပွဲကိုထိန်းချုပ်ရန် ကြိုးစားခဲ့သော်လည်း လေဗာကူဆင်အသင်း၏ အသင်းလိုက်ဟန်ချက်ညီ တိုက်စစ်ဆင်မှုကြောင့် ထိန်းချုပ်ရန် အခက်တွေ့ခဲ့ရကာ ပွဲကစားချိန် ၇၉ မိနစ်တွင် ချေပဂိုးပြန်လည်ခွင့်ပြုခဲ့ရသဖြင့် တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့ပြီး လေဗာကူဆင်အသင်းက ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

လေဗာကူဆင် အသင်းသည် ယခုနှစ်ဘောလုံးရာသီ နည်းပြ အလွန်ဆို လက်အောက်တွင် အကောင်းဆုံးပုံစံရရှိနေသည့်အသင်း တစ်သင်းဖြစ်ပြီး ပြိုင်ပွဲစုံ ၂၁ ပွဲတွင် ၁၉ ပွဲနိုင် နှစ်ပွဲ သရေရလဒ်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး ယူရိုပါလိဂ်ပြိုင်ပွဲတွင် အုပ်စုပထမဖြင့် ရှုံးထွက်အဆင့်သို့ လည်းကောင်း၊ ဂျာမန်ဖိုကယ် ဖလားပြိုင်ပွဲတွင် လည်း တတိယအဆင့်သို့လည်းကောင်း၊ အမှတ်ပေးပြိုင်ပွဲတွင်လည်း အဆင့်(၁)နေရာတွင်လည်းကောင်း ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လေဗာကူဆင်အသင်းသည် ဥရောပထိပ်သီးကလပ်အသင်း ငါးခုတွင် လက်ရှိအချိန်ထိ ပြိုင်ပွဲစုံ ရှုံးပွဲမရှိသည့် အသင်းအဖြစ်ရပ်တည်လျက်ရှိပြီး တိုက်စစ်ပိုင်းက သွင်းဂိုး ၆၅ ဂိုးထိသွင်းယူနိုင်ခဲ့ကာတိုက်စစ်မှူးဘွန်ဒီဖေ့က ပြိုင်ပွဲစုံသွင်းဂိုး ၁၃ ဂိုး ထိသွင်းယူခြေစွမ်းပြသနိုင်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : ML

# အက်ဖ်အေဖလား တတိယအဆင့်တွင် အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့ တွေ့ဆုံ

**လန်ဒန် ဒီဇင်ဘာ ၄**



အက်ဖ်အေဖလား တတိယအဆင့်မဲခွဲမှုအပြီးတွင် အက်ဖ်အေဖလား ၁၄ ကြိမ်ထိရရှိထားသည့် အာဆင်နယ်အသင်းနှင့်အက်ဖ်အေဖလားရှစ်ကြိမ် ရရှိထားသည့် လီဗာပူးအသင်းတို့ထိပ်တိုက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့သည် အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၁)နှင့် အဆင့်(၂)တို့တွင်ရပ်တည်လျက်ရှိပြီး ရမှတ် နှစ်မှတ်သာကွာဟနေသဖြင့် ချန်ပီယံဆုကိုစိန်ခေါ်နိုင်ရန် ပြိုင်ဆိုင်မှု ပြင်းထန်နေသကဲ့သို့ လာမည့် ဒီဇင်ဘာ ၂၃ ရက်တွင် အမှတ်ပေးပွဲစဉ်အဖြစ် လီဗာပူးအသင်း အိမ်ကွင်းတွင်ကစားပြီးနောက်လာမည့် ဇန်နဝါရီ ၇ ရက်တွင် အက်ဖ်အေဖလားပြိုင်ပွဲအဖြစ် အာဆင်နယ်အသင်းအိမ်ကွင်းတွင် ထပ်မံတွေ့ဆုံမည်ဖြစ်သည်။

တတိယအဆင့်တွင် ပရီးမီးယားလိဂ်ကလပ် အသင်းများဖြစ်သည့် ချဲလ်ဆီးအသင်းက ပရက်စတန်အသင်းနှင့်လည်းကောင်း၊ ပဲလေ့စ်အသင်းက အဲဗာတန်အသင်းနှင့်လည်းကောင်း၊ ဖူလ်ဟမ်အသင်းက ရိုသာဟမ်အသင်းနှင့်လည်းကောင်း၊ ရှက်ဖီးလ်(U)အသင်းက ဂီလင်ဟမ်အသင်းနှင့်လည်းကောင်း၊ လူတန်အသင်းက ဘော်တန်အသင်းနှင့်လည်းကောင်း၊ မန်စီးတီးအသင်းက ဟတ်ဒါဖီးလ် အသင်းနှင့်လည်းကောင်း၊ အေဗီလာအသင်းက မစ်ဒယ်ဘာရော့ အသင်းနှင့်လည်းကောင်း ကစားရမည်ဖြစ်သည်။

ထို့နောက် နော်တင်ဟမ်အသင်းက ဘလက်ပူး(သို့မဟုတ်)ဖော်ရက်ဂရင်း အသင်းနှင့်လည်းကောင်း၊ ဘုန်းမောက်အသင်းက ကျူပီအာအသင်းနှင့်လည်းကောင်း၊ ဘရိုက်တန်အသင်းက စတုတ်အသင်းနှင့်လည်းကောင်း၊ နယူကာဆယ်အသင်းက ဆန်းဒါးလန်းအသင်းနှင့်လည်းကောင်း၊ စပါးအသင်းက ဘန်လေအသင်းနှင့်လည်းကောင်း၊ ဝက်စ်ဟမ်းအသင်းက ဘရစ္စတိုးအသင်းနှင့်လည်းကောင်း၊ မန်ယူအသင်းက ဝီဂန်အသင်းနှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်များကို ဇန်နဝါရီ ၆ ရက်၊ ၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : ML

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)တွင် မြဝတီအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ပြိုင်ဘက်အသင်းများကို ကိုယ်စီအနိုင်ရရှိ




**ရန်ကုန် ဒီဇင်ဘာ ၄**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂၁)အဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် မြဝတီအက်ဖ်စီအသင်းနှင့် မဟာယူနိုက်တက်အသင်း၊ ရတနာပုံအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ မြဝတီအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့က ပြိုင်ဘက်အသင်းများကို အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

ဦးစွာ ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ကစားခဲ့သည့် မြဝတီအက်ဖ်စီအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၁၁ မိနစ်နှင့် ၂၂မိနစ်တွင် နိုင်ဇင်ထက်က မြဝတီအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၄၅ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် သက်နိုင်က ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် မြဝတီအက်ဖ်စီအသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်းတွင်လည်း အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် မိနစ် ၆၀ တွင် ကောင်းမြတ်သူက မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုး တစ်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၈၆ မိနစ်နှင့် ၈၈ မိနစ်တွင် နိုင်ဇင်ထက်ကပင် မြဝတီအက်ဖ်စီအသင်းအတွက် သွင်းဂိုး နှစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် မြဝတီအက်ဖ်စီအသင်းက မဟာယူနိုက်တက်အသင်းကို လေးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး အကောင်းဆုံးကစားသမားဆုကို မြဝတီအက်ဖ်စီအသင်းမှ နိုင်ဇင်ထက်က ရရှိခဲ့သည်။

အလားတူ ညနေ ၄ နာရီက သုဝဏ္ဏအားကစားကွင်းတွင် ကစားခဲ့သည့် ရတနာပုံအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ပွဲစဉ်တွင်လည်း အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၅၄ မိနစ်တွင် စွမ်းထက်နှင့်ပွဲချိန် ၇၈ မိနစ်တွင် ငြိမ်းချမ်းစိုးတို့က ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၂၇ မိနစ်နှင့် ၉၂ မိနစ်တွင် ဝယ်လို၊ ပွဲချိန် ၃၃ မိနစ်တွင် မက်ဆာကီနှင့် ပွဲချိန် ၄၅ မိနစ်တွင် ဇွဲခန့်မင်းတို့က ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ရတနာပုံအက်ဖ်စီအသင်းကို လေးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းမှ မက်ဆာကီကဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ **STA**

# WBO Inter-Continental စူပါလိုက်ဝိတ်တန်းချန်ပီယံ တိုင်ရှွန်မက်ကင်နာ လက်ဝှေ့လောကမှ အနားယူကြောင်းကြေညာ

**ဒပ်ဘ်လင် ဒီဇင်ဘာ ၄**

WBO Inter-Continental စူပါလိုက်ဝိတ်တန်း ချန်ပီယံဖြစ်သူ အိုင်ယာလန် လက်ဝှေ့သမား တိုင်ရှွန်မက်ကင်နာသည် မြောက်အိုင်ယာလန်လက်ဝှေ့သမား ခရော့ကာကိုရှုံးနိမ့်ခဲ့ပြီး ၂၄ နာရီအတွင်း လက်ဝှေ့လောကမှ အနားယူရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

တိုင်ရှွန်မက်ကင်နာသည် ဒီဇင်ဘာ ၂ ရက်တွင် အိုင်ယာလန်နိုင်ငံ ဘဲလ်ဖက်မြို့တွင် ခရော့ကာနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ဒိုင်အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

တိုင်ရှွန်မက်ကင်နာသည် အိုင်ယာလန်နိုင်ငံ၏ ထိုးချက်အပြင်းဆုံးသော လက်ဝှေ့သမားအဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး အသက် ၃၃ နှစ်အရွယ်သာ ရှိသေးသော်လည်း လက်ဝှေ့လောကမှအနားယူရန် ဆုံးဖြတ်ခဲ့သည်။

တိုင်ရှွန်မက်ကင်နာသည် ခရော့ကာနှင့်ထိုးသတ်ခဲ့သည့် စိန်ခေါ်ပွဲမှာ လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်မဟုတ်ဘဲ စူပါလိုက်ဝိတ်တန်း၏ စိန်ခေါ်ပွဲအဖြစ်သာ ထိုးသတ်ခဲ့သည်။

၎င်းသည် ချန်ပီယံခါးပတ်ကို ပိုင်ဆိုင်ထားသော်လည်း မိသားစုကို အချိန်ပေးလိုသည့်အတွက်ကြောင့် လက်ဝှေ့လောကမှအနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုင်ရှွန်မက်ကင်နာက "ကျွန်တော့်ရဲ့ပရိသတ်တွေကို သတင်းစကားပါးစရာရှိပါတယ်။ လက်ဝှေ့လောကကနေအနားယူဖို့ ဆုံးဖြတ်လိုက်ပါပြီ။ ဒီဆုံးဖြတ်ချက်အတွက် ခက်ခက်ခဲခဲ စဉ်းစားခဲ့ရတာပါ။ ကျွန်တော့်အနေနဲ့ ခရော့ကာနဲ့ ထိုးသတ်ခဲ့တဲ့ပွဲစဉ်ဟာ ကစားသမားဘဝရဲ့ နောက်ဆုံးပွဲစဉ်ဖြစ်လာလိမ့်မယ်လို့ မမျှော်လင့်ထားသလို ကစားသမားဘဝကို နှုတ်ဆက်တဲ့ ပွဲစဉ်ကိုလဲအရှုံးနဲ့ နှုတ်ဆက်ရမယ်လို့ ဘယ်တုန်းကမှ မတွေးထားမိပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# WTA 125 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲတွင် ပီဂို့စ်စီက ချန်ပီယံဆုဆွတ်ခူး



**အဲရိစ်ဗျူရို ဒီဇင်ဘာ ၄**

အာဂျင်တီးနားနိုင်ငံ အဲရိစ်ဗျူရိုမြို့တွင်ကျင်းပခဲ့သည့် WTA 125 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဆင့်တွင် ဘရာဇီးတင်းနစ်မယ် ပီဂို့စ်စီက အာဂျင်တီးနားတင်းနစ်မယ် မာရီယာကာလီနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ပီဂို့စ်စီက (၆-၃၊၆-၂) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပီဂို့စ်စီအတွက် ကစားသမားဘဝသက်တမ်းတစ်လျှောက် ပထမဦးဆုံးဆွတ်ခူးခဲ့ဖူးသည့် WTA ဆုဖလားဖြစ်သည်။

နိုင်ခြေအဆင့်(၅) အဖြစ် သတ်မှတ်ခံထားရသည့် ပီဂို့စ်စီသည် ယခုနှစ် တင်းနစ်ရာသီအတွင်း စွမ်းဆောင်ရည်ပိုင်း တိုးတက်မှုရှိလာသော်လည်း အောင်မြင်မှုရရှိရန် ရုန်းကန်ခဲ့ရသည့်အတွက် ကမ္ဘာ့အဆင့်(၁၃၇) နေရာတွင် ရပ်တည်နေသည်။

ပီဂို့စ်စီသည် WTA 125 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ကမ္ဘာ့အဆင့်(၁၀၀)အတွင်း ဝင်ရောက်လာဖွယ်ရှိနေသည်။

မာရီယာကာလီ အနေဖြင့် မွေးရပ်မြေတွင် ယှဉ်ပြိုင်ကစားခဲ့ရသည့် အာဂျင်တီးနားပရိသတ်ရှေ့တွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားခဲ့သော်လည်း ပီဂို့စ်စီက အမှားအယွင်းမရှိကစားနိုင်ခဲ့သည့်အတွက် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ပီဂို့စ်စီက "ကစားသမားဘဝသက်တမ်းတစ်လျှောက် ပထမဦးဆုံးသော WTA ဆုဖလားကို ဆွတ်ခူးနိုင်ဖို့အတွက် ရည်မှန်းပြီးကြိုးစားခဲ့တာ အခုမှရည်မှန်းချက်ပြည့်သွားတယ်။ WTA 125 IEB+Argentina Open တင်းနစ်ပြိုင်ပွဲဟာ ခက်ခဲတဲ့ပြိုင်ပွဲဖြစ်သလိုအဆင့်တိုင်းမှာလဲ ခက်ခဲတဲ့ပြိုင်ဘက်တွေနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# MFF AYA Pay Futsal League (I) 2023 ပြိုင်ပွဲကို ဒီဇင်ဘာ ၆ ရက်တွင် စတင်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနိုင်ငံဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် MFF AYA Pay Futsal League (I)2023 ပြိုင်ပွဲကို ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီမှစတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

MFF AYA Pay Futsal League (I) 2023 ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများအဖြစ် လက်ရှိချန်ပီယံ VUC FCအသင်း၊ MIU FC အသင်း၊ Dream Team FC အသင်း၊ Generations FC အသင်း၊ Winner Soccer FC အသင်း၊ Futsal Chit Thu FC အသင်း၊ M2K FC အသင်း၊ Futsal 19 FC အသင်း၊ Linn Latt FC အသင်းနှင့် Let Wel Thone Nara FC အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

MFF AYA Pay Futsal League (I) 2023 ပြိုင်ပွဲကို နှစ်ကျော့ကစားသည့် စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပထမအကျော့ ပွဲစဉ်များကို ဒီဇင်ဘာ ၆ ရက်မှ ဇန်နဝါရီ ၁၁ ရက်ထိလည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၁၄ ရက်မှ ဖေဖော်ဝါရီ ၂၉ ရက်ထိ ကျင်းပမည်ဖြစ်သည်။

MFF AYA Pay Futsal League (I) 2023 ပြိုင်ပွဲများကို MFF Futsal Page တွင် တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ပြိုင်ပွဲ၏ တစ်ရက်စာကွင်းဝင်ကြေးအဖြစ် ငွေကျပ် ၂၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**STA**




# စပါးအသင်းနှင့်ပွဲစဉ်၌ ကွင်းလယ်ဒိုင်ဆိုင်မွန်ဟူးပါးကို ပြင်းထန်စွာစောဒကတက်ခဲ့သည့် မန်စီးတီးအသင်း တိုက်စစ်မှူးဟာလန်း ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိ

**မန်ချက်စတာ ဒီဇင်ဘာ ၄**

မန်စီးတီးအသင်း တိုက်စစ်မှူးဟာလန်းသည် မန်စီးတီးအသင်းနှင့် စပါးအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ကွင်းလယ်ဒိုင်လူကြီး ဆိုင်မွန်ဟူးပါးကို ပြင်းထန်စွာစောဒကတက်ခဲ့သည့်အပြင် ဆဲဆိုမှုများပါပြုလုပ်ခဲ့သည့်အတွက် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိနေကြောင်း သိရသည်။

မန်စီးတီးအသင်းနှင့် စပါးအသင်းတို့ သုံးဂိုးစီရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် ပွဲပြီးဆုံးခါနီး စပါးအသင်း ကွင်းလယ်ကစားသမားအီမာဆင်က ဟာလန်းကို ဖျက်ထုတ်ပုံကြမ်းတမ်းပြီး ပြစ်ဒဏ်ကျူးလွန်ခဲ့ကာ လွတ်ထွက်လာသည့် ဘောလုံးကို ဂရီးလစ်ချ်က စပါးအသင်း ခံစစ်ကစားသမားများကို ကျော်ဖြတ်၍ ဂိုးသွင်းယူရန်နီးစပ်ခဲ့သော်လည်း ကွင်းလယ်ဒိုင်လူကြီးက ခရာမှုတ်ကာ ပွဲကိုရပ်တန့်စေပြီး ပြစ်ဒဏ်ဘော သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ဒိုင်လူကြီး ဆိုင်မွန်ဟူးပါးသည် အီမာဆင်က ဟာလန်းကို ပြစ်ဒဏ်ကျူးလွန်ချိန်တွင် ခရာမမှုတ်ခဲ့ဘဲ ဂရီးလစ်ချ်ဂိုးသွင်းရန် နီးစပ်နေသည့်အချိန်တွင် ခရာမှုတ်ကာ ပွဲကိုရပ်တန့်စေခဲ့သည့်အတွက် ဟာလန်းက ကွင်းလယ်ဒိုင် ဆိုင်မွန်ဟူးပါးကို ပြင်းပြင်းထန်ထန်စောဒကတက်ခဲ့သည့်အပြင် ဆဲဆိုမှုများပါပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဟာလန်း၏ ပြင်းပြင်းထန်ထန်စောဒကတက်မှုနှင့် ဆဲဆိုမှုများကို ကွင်းလယ်ဒိုင် ဆိုင်မွန်ဟူးပါးက ပွဲပြီး အစီရင်ခံစာတွင်ထည့်သွင်းရေးသားထားသည့်အတွက် ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ဟာလန်းကို မကြာမီစွဲချက်တင်စစ်ဆေးကာ ပြစ်ဒဏ်ချမှတ်ဖွယ် ရှိနေကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# စင်ကာပူ၏ မျိုးဆက်သစ် သံချပ်ကာတိုက်ယာဉ်များ အပိုင်း (၂)

**မောင်သောင်းဝင်း(တမန်ဟောင်း)**

စံနှုန်းနှင့်ကိုက်ညီသောမူကွဲများဆိုင်ရာ သဘောတရားသည် ကမ္ဘာတစ်ဝန်းရှိ တပ်မတော်များတွင် ကျယ်ပြန့်စွာအသုံးပြုလျက်ရှိပြီး စင်ကာပူတပ်မတော် (SAF)အနေဖြင့်လည်း အလားတူသဘောတရားကို လက်ခံကျင့်သုံးလျက်ရှိသည်။ စင်ကာပူနိုင်ငံ၏ပြည်တွင်းထုတ် Bionix AFV သည် Hunter နည်းတူ တိုက်ခိုက်ရည်စွမ်းဆောင်ရည်များ၊ ၁၅၀ မီလီမီတာ ဟောင်ဝင်ဇာနှင့်စွမ်းဆောင်ရည်တူညီသောအမြောက် လက်နက်စနစ်များပါဝင်သော ဘက်စုံမော်ကျူလာ မူကွဲများပါဝင်သည်။ စင်ကာပူ၏ ရှိရင်းစွဲယာဉ်များကို နက်ရှိုင်းစွာလေ့လာသွားမည်ဆိုလျှင် သုတေသနပြုတည်ဆောက်ထားသော မော်ကျူလာမူကွဲများတွင် အောင်မြင်မှုရရှိအောင် တပ်ဆင်နိုင်ခြင်းသည် Bronco အမျိုးအစား မြေမျက်နှာသွင်ပြင်ပေါင်းစုံတွင် သွားရောက်နိုင်သည့် ချိန်းတပ်လူသယ်ယာဉ် (ATTC) ပင်ဖြစ်သည်။ Bronco ATTC တွင် မတူညီသော မော်ကျူလာ ၄၀ ထိပါဝင်ပြီး Mortar၊ Ambulance နှင့် Maintenace မူကွဲများအပါအဝင် မူကွဲပေါင်းစုံသည် SAF တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

SAF ၏ ယာဉ်များတွင် စံနှုန်းကိုက်ညီသော မော်ကျူလာစနစ်များ ပေါင်းစပ်အသုံးပြုခြင်းသည် တိုက်ပွဲဆင်နွှဲနိုင်ရေးအတွက် ဖြစ်နိုင်ခြေအားလုံးကို ပြင်ဆင်ထားရှိသည်။ SAF သည် ၂၀၃၀ ပြည့်နှစ်တွင် တပ်ဖွဲ့ဝင်ကို သုံးပုံတစ်ပုံခန့် လျှော့ချသွားရန် ခန့်မှန်းထားသောကြောင့် SAF သည် နည်းပညာကို ဘက်စုံသုံးတပ်ဖွဲ့အဖြစ် အလေးထားဆောင်ရွက်လျက်ရှိသည်။ ဆန်းသစ်သောနည်းပညာအသစ်များသည် တာဝန်ထမ်းဆောင်ရန်လူအင်အားအနည်းငယ်သာ လိုအပ်သည်။ အထူးသဖြင့် မောင်းသူမဲ့ယာဉ်များသည် လူများ၏ အခန်းကဏ္ဍနေရာတွင် အစားထိုးထမ်းဆောင်သွားနိုင်မည်ဖြစ်သည်။ SAF သည် မောင်းသူမဲ့သံချပ်ကာယာဉ်များ တည်ဆောက်နိုင်ရေးအတွက် ယခင်ကတည်းကပင် စူးစမ်းလေ့လာလုပ်ဆောင်လျက်ရှိပြီး ၂၀၀၀ပြည့်နှစ်တွင် SAF၏ သံချပ်ကာ မူကွဲဟောင်းဖြစ်သည့် Ultra M113 သံချပ်ကာလူသယ်ယာဉ် (APCs) ကို မောင်းသူမဲ့မူကွဲအဖြစ် သုတေသနပြုတည်ဆောက်ရန် စံချိန်တင်ကြိုးပမ်းခဲ့သည်။ Hunter AFV အတွက်မူ ကာကွယ်ရေးဆိုင်ရာ လေ့လာသုံးသပ်သူများက Hunter ၏ ကင်မရာ အခြေခံသောလုပ်ငန်းလည်ပတ်မှု၊ ဝိုင်ယာထိန်းချုပ်မောင်းနှင်နိုင်မှုစွမ်းဆောင်ရည်များနှင့် အလိုအလျောက်ပစ်မှတ်ရှာဖွေမှုစနစ်များသည် မောင်းသူမဲ့ Hunter မူကွဲပုံစံကို အပြည့်အဝကိုယ်စားပြုလျက်ရှိသောကြောင့် မြေပြင်စစ်ဆင်ရေးရှိ မတူညီသော နည်းဗျူဟာမြောက် စွမ်းဆောင်ရည်များကို ထမ်းဆောင်နိုင်မည်ဖြစ်သည်။

စံနှုန်းနှင့်ကိုက်ညီသော မော်ကျူလာသဘောတရားကို ပိုမိုတွန်းအားပေးဆောင်ရွက်ခြင်းတွင် စင်ကာပူအနေဖြင့် ၎င်း၏ အခြားယာဉ်များ၊ အထူးသဖြင့် ခေတ်လွန်တိုက်ယာဉ်များနေရာတွင် အစားထိုးနိုင်စွမ်းရှိသလားဆိုသော မေးခွန်းများ ထွက်ပေါ်လျက်ရှိသည်။ မြင်ကွင်းပိုင်းဆိုင်ရာ နှိုင်းယှဉ်ရာတွင် SAF၏ သံချပ်ကာယာဉ်များသည် ပိုမိုအသေးစိတ်ကျလျက်ရှိသည်။ Bionix နှင့် Hunter နှစ်မျိုးစလုံးသည် AFV အမျိုးအစားအောက်တွင် တူညီသောအုပ်စုများအဖြစ် ဖွဲ့စည်းထားရှိသည်။ သို့သော် တစ်မျိုးသည် အခြားတစ်မျိုးထက် ထုထည်ပိုမိုကြီးမားလျက်ရှိသည်။ Bionix နှင့် Hunter တို့သည် အလေးချိန်များစွာကွာခြားလျက်ရှိပြီး Bionix- သည် ၂၃ တန်မှ ၂၄ တန်ခန့်ရှိပြီး Hunter သည် ၂၉ ဒသမ ၅ တန်ရှိသည်။ စင်စင်အားဖြင့် Hunter၏ အရွယ်အစားသည် SAF ၏ L259 MBT များနှင့် ပင်လျှင် နှိုင်းယှဉ်စွမ်းရှိသည်။ Hunter ၏ အနံအကျယ်သည် ၃ ဒသမ ၄ မီတာရှိပြီး L259 ၏ အကျယ်သည် ၃ ဒသမ ၇ မီတာဖြစ်သည်။

L259 ၏ ထုတ်လုပ်မှုအခြေခံသည် Leopard 2A4 MBTs ဖြစ်ပြီး ၎င်းယာဉ်များသည် ဂျာမနီ၏သံချပ်ကာတပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်နေရာမှ လက်ရှိအချိန်တွင် အနားပေးထားပြီးဖြစ်သည်။ ထို့ကြောင့် SAF ၏ L259 များ လုပ်ငန်းလည်ပတ်မှုအတွက် ဆက်လက်ပြုပြင်ထိန်းသိမ်းထားရှိနိုင်ရေးသည် စိန်ခေါ်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတကာလက်နက်ဈေးကွက်တွင် အပိုပစ္စည်းအစိတ်အပိုင်းများ ဝယ်ယူရရှိရန် ခက်ခဲလျက်ရှိသည်။

သုတေသနပြုတည်ဆောက်မည့် မူကွဲများတွင် Hunter ၏စံနှုန်းကိုက် မော်ကျူလာစွမ်းဆောင်ရည်များအသုံးပြုခြင်းသည် တည်ရှိပြီး L259 များကဲ့သို့သော တူညီသည့်စွမ်းဆောင်ရည် ရရှိမည်ဖြစ်သည်။ ပင်မတိုက်ပွဲဝင်တင့်ကား (MBT) ဖြစ်သည်။

Hunter ကို အောင်မြင်စွာတည်ဆောက်နိုင်ခြင်းသည် ဒေသတွင်း စစ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများတွင် သိသာထင်ရှားသော အောင်မြင်မှုပင်ဖြစ်သည်။ တိုက်ယာဉ်ကိုယ်ထည်ပေါ်တွင် ၁၂၀ မီလီမီတာ စက်သေနတ်အတွက် အထိုင်ဆုံလည်တပ်ဆင်ခြင်းသည် အခြားယာဉ်များနည်းတူ လုပ်ဆောင်နိုင်သော်လည်း နည်းပညာပိုင်းဆိုင်ရာတွင် ရှုပ်ထွေးနက်နဲမှုများရှိနေသည်။ စင်ကာပူနိုင်ငံသည် ၂၀၀၀ ပြည့်လွန် အစောပိုင်းကာလများကတည်းက Bionix ပေါ်တွင် ၁၂၀ မီလီမီတာ ဆုံလည်တပ်ဆင်ရန် ကြိုးပမ်းခဲ့သော်လည်း နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများကြောင့် မအောင်မြင် ဖြစ်ခဲ့ရပေသည်။

**❖ SAF သည် ၎င်း၏မျိုးဆက်သစ် တိုက်ယာဉ်များအတွက် ကြိုတင်ပြင်ဆင်လျက်ရှိသောကြောင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ကို မကြာမီ စတင်သွားနိုင်တော့မည်ဖြစ်သည်။ SAF အနေဖြင့် BMT မူကွဲများအစား အပေါ့စားတင့်မော်ကျူလာမူကွဲများ တည်ဆောက်သွားရန် စဉ်းစားသုံးသပ်လျက်ရှိသည်။ အဆိုပါမူကွဲများသည် AFV များ၏ လှုပ်ရှားစစ်ကစားနိုင်မှုနှုန်းကို မြှင့်တင်နိုင်မည်ဖြစ်သကဲ့သို့ ၁၀၅ မီလီမီတာ စက်သေနတ်ကဲ့သို့သောအပေါ့စားလက်နက်ခဲယမ်းများကို တပ်ဆင်သွားနိုင်မည်ဖြစ်သည်။ ❖**

မူလရှိရင်းစွဲယာဉ် ကိုယ်ထည်တစ်ခုပေါ်တွင် အကြီးစားစက်သေနတ်တပ်ဆင်ရန် ကြိုးပမ်းခြင်းသည် ယာဉ်မောင်းကို တိုက်ယာဉ်ထိန်းချုပ်မောင်းနှင်ရန်အတွက် နေရာပိုမိုရရှိစေမည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် SAF ၏ လူအင်အားတပ်ဖြန့်ချထားမှုအစီအစဉ်ကို အပြောင်းအလဲဖြစ်ပေါ်စေလျက်ရှိသည်။ တိုက်ယာဉ်၏ စွမ်းဆောင်ရည်အပိုင်းအတွက်မူ ထိုသို့ အကြီးစားစက်သေနတ်ကြီးတပ်ဆင်ခြင်းသည် ယာဉ်၏ဝန်ချိန်ကို ပိုမိုမြင့်မားလာစေမည်ဖြစ်သည့်အတွက် ယာဉ်မောင်းနှင့်လှုပ်ရှားချိန်တွင် ဆိုင်းထိန်းစနစ်နှင့် တည်ငြိမ်မှုတို့အပေါ် သက်ရောက်မှုဖြစ်ပေါ်စေလျက်ရှိသည်။ အထူးသဖြင့် တိုက်ယာဉ်သည် လက်နက်ကြီးလှည့်ပတ်ပစ်ခတ်နိုင်ရန်အတွက် နေရာပေးရန်လိုအပ်သည့်အပြင် ပစ်စွမ်းအားကြီးမားသောလက်နက်ကြီးများ၏ တွန်းကန်အားကိုလည်း ခံနိုင်ရည်ရှိရန်လိုအပ်သည်။

မည်သို့ပင်ဆိုစေ SAFသည် ၎င်း၏မျိုးဆက်သစ် တိုက်ယာဉ်များအတွက် ကြိုတင်ပြင်ဆင်လျက်ရှိသောကြောင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ကို မကြာမီ စတင်သွားနိုင်တော့မည်ဖြစ်သည်။ SAF အနေဖြင့် BMT မူကွဲများအစား အပေါ့စားတင့်မော်ကျူလာ မူကွဲများ တည်ဆောက်သွားရန် စဉ်းစားသုံးသပ်လျက်ရှိသည်။ အဆိုပါ မူကွဲများသည် AFV များ၏ လှုပ်ရှားစစ်ကစားနိုင်မှုနှုန်းကို မြှင့်တင်နိုင်မည်ဖြစ်သကဲ့သို့ ၁၀၅ မီလီမီတာ စက်သေနတ်ကဲ့သို့သော အပေါ့စားလက်နက်ခဲယမ်းများကို တပ်ဆင်သွားနိုင်မည်ဖြစ်သည်။ လက်ရှိအချိန်တွင် တောင်ကိုရီးယား၏ K21-105 အပေါ့စားတင့်ကားများနှင့် ဩစတြေးလျ၏ Pandur II APC တို့တွင် ၁၀၅ မီလီမီတာ စက်သေနတ်များ တပ်ဆင်ထားရှိသည်။

စင်ကာပူနိုင်ငံအနေဖြင့် တိုက်ယာဉ်များတည်ဆောက်ရာတွင် ကြုံတွေ့ရနိုင်သည့် နည်းပညာပိုင်းဆိုင်ရာအခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် ကာကွယ်ရေးဆိုင်ရာ သံခင်းတမန်ခင်းအရ စိတ်တူကိုယ်တူနိုင်ငံများနှင့် စစ်ဘက်ဆိုင်ရာမိတ်ဖက်ဆက်ဆံရေးကို နီးကပ်စွာထူထောင်သွားသင့်သည်။ မော်ကျူလာစွမ်းဆောင်ရည်ပိုင်းတွင်မူ တောင်ကိုရီးယား၏ ဒီဇိုင်းပုံစံသည် အောင်မြင်မှုရရှိလျက်ရှိသည်။ တောင်ကိုရီးယား၏စံနှုန်းကိုက်ပြီး အောင်မြင်မှုရရှိနေသော သံချပ်ကာယာဉ်များသည် တူရကီနှင့် ဩစတြေးလျနိုင်ငံတို့မှ အမှာစာများ ရရှိထားသည်။

ထို့ကြောင့် သံချပ်ကာစခန်းများ တည်ဆောက်ရာတွင် တိုးတက်အောင်မြင်လျက်ရှိသည့် တောင်ကိုရီးယားကဲ့သို့သောနိုင်ငံများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ခြင်းသည် စင်ကာပူနိုင်ငံကို တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံကောင်းများရရှိစေမည်ဖြစ်သည့်အပြင် SAF ၏ သံချပ်ကာယာဉ်များပြုပြင်ပြောင်းလဲတည်ဆောက်ရာတွင် အထောက်အကူဖြစ်မည့် နည်းပညာများလည်း ရရှိစေမည်ဖြစ်သည်။

ကာကွယ်ရေးဆိုင်ရာနယ်ပယ်တွင် ထိရောက်သော ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ခြင်းသည် ဗဟိုချုပ်ကိုင်သည့် ဆုံးဖြတ်ချက်ဖြင့် မလုပ်ဆောင်သင့်ဘဲ ပြည်တွင်း၊ ပြည်ပမှ အမြင်သဘောထားများကိုလည်း စုစည်းရယူသွားရန် လိုအပ်သည်။ အစဉ်အလာအားဖြင့် နားလည်ရန်ခက်ခဲသော ကာကွယ်ရေးဆိုင်ရာ သဘောသဘာဝသည် မူဝါဒချမှတ်သူများအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အထူးသတိထားဆောင်ရွက်သွားရန်လိုအပ်သည်။ ကမ္ဘာတစ်ဝန်းရှိ တပ်မတော်များသည် ၂၀၂၂ ခုနှစ်တွင် စတင်ခဲ့သော ယူကရိန်းပဋိပက္ခနှင့် ၂၀၂၃ ခုနှစ် အစ္စရေး-ဟားမတ်စ် စစ်ပွဲတို့မှ စစ်ဆင်ရေးဆိုင်ရာ သင်ခန်းစာများဖော်ထုတ်လျက်ရှိသောကြောင့် စင်ကာပူနိုင်ငံအနေဖြင့်လည်း အနာဂတ်တွင် ဒေသတွင်းရှိ အင်အားကြီး တပ်မတော်များအနက် တစ်ခုအဖြစ် ရပ်တည်နိုင်ရန် ၎င်း၏စစ်ဘက်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်ရလျက်ရှိပါသည်။

**ကိုးကား**

- **Singapore's Armored Vehicle: The Next-Generation Transformation.**

# မြိတ်မြို့နယ် ဝန်ဖိုကျေးရွာ၌ အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

**မြိတ် ဒီဇင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝန်ဖိုကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့် စက်ချုပ်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မြိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသင်းဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြိတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ဝန်ဖိုကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းကသင် ကြားပေးမည့် သင်ခန်းစာများကို ကြိုးစားလေ့လာကာ မိသားစုအတွက် အပိုဝင်ငွေများတစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနိုင်သည်ထိ သင်ယူကြစေလိုကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြက သင်တန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။

ထို့နောက် မြိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသင်းဦးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်ကြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းသို့ ဝန်ဖိုကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသူ ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက အဆင့်မြင့်စက်ချုပ်နည်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် ဒီဇင်ဘာ ၃ ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်ထိ အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ပြောပြ၍ သိရသည်။




**ရျိုလေး**

# ကျိုင်းတုံမြို့နယ်ရှိ လွိုင်မွေဒေသတွင် ချယ်ရီပန်းပွဲတော်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပပြုလုပ်သွားမည်



**ကျိုင်းတုံ ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ လွိုင်မွေဒေသတွင် ချယ်ရီပန်းပွဲတော်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ရှမ်းပြည်နယ်)မှ ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ချယ်ရီပန်းပွဲတော်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ပထမအကြိမ် စတင်ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ဒုတိယအကြိမ် ကျင်းပခဲ့ကြောင်း၊ လာမည့် ၂၀၂၄ ခုနှစ်တွင် တတိယအကြိမ်အဖြစ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ချယ်ရီပန်းပွင့်တဲ့ကာလမှာ ပွဲတော်ကာလကို ငါးရက်သတ်မှတ်ပြီး ကျင်းပပါတယ်။ အခုကကျတော့ ပန်းပွင့်ဖို့စုံတဲ့အချိန်ကို မှန်းရတာနဲ့ ပန်းပွင့်တဲ့အနေအထားပေါ်မူတည်ပြီး ပြုလုပ်ရတာဖြစ်တဲ့အတွက် ပွဲတော်ကျင်းပမဲ့ရက်ကိုတော့ တိတိကျကျမသတ်မှတ်ရသေးပါဘူး။ ဒါကြောင့် ဇန်နဝါရီလမှာပဲ ကျင်းပသွားနိုင်မယ်ဆိုတာကို ပြောလို့ရသေးတယ်။ ဒီဒေသမှာ အရင်က စိုက်ပျိုးခဲ့တဲ့ ချယ်ရီပန်းပင်တွေရှိသလို ခေတ်အဆက်ဆက် စီမံချက်နဲ့စိုက်ပျိုးခဲ့တဲ့ ချယ်ရီပင်တွေကလဲ ရာနဲ့ချီပြီးရှိတာကြောင့် ချယ်ရီပန်းပွင့်ချိန်ဆို တစ်တောလုံး ချယ်ရီပန်းတွေနဲ့ လွှမ်းခြုံနေတတ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်လောက်က ချယ်ရီပင် ၅၀၀ လောက် စိုက်ပျိုးခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ၂၀၂၃ ခုနှစ်တွေကလဲ ချယ်ရီပင် ၅၀၀ လောက် ထပ်မံစိုက်ပျိုးခဲ့တဲ့အတွက် အခုလက်ရှိ လွိုင်မွေဒေသမှာ ချယ်ရီပင် ၁၀၀၀ ကျော်လောက်ရှိနိုင်တယ်"ဟု ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ပြောပြသည်။

မြန်မာနိုင်ငံတွင် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့သည် ချယ်ရီပင်အများဆုံးရှိသည့်ဒေသများဖြစ်ပြီး လွိုင်မွေဒေသတွင် ချယ်ရီပင်အချိုနှင့် အခါးဟူ၍ နှစ်မျိုးရှိပြီး အလှည့်ကျပွင့်သလို ချယ်ရီပန်းပွင့်ချိန်သည် တစ်လခန့်ကြာမြင့်တတ်ကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံအပါအဝင် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင်လည်း ချယ်ရီပန်းပွဲတော်များကို ကျင်းပလေ့ရှိကြောင်း သိရသည်။ ASH

# Blood and Ashes ဇာတ်ကား ရိုက်ကူးခွင့် ဒါရိုက်တာ ဇက်ရှ်နိုက်ဒါ ပြန်လည်ရရှိ

**နယူးယောက် ဒီဇင်ဘာ ၄**

ကမ္ဘာကျော် 300 ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သော Blood and Ashes အမည်ရှိ ဇာတ်ကားရိုက်ကူးခွင့်ကို ဒါရိုက်တာ ဇက်ရှ်နိုက်ဒါက ပြန်လည်ရရှိထားကြောင်း ဒီဇင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

ကမ္ဘာကျော် စစ်ပွဲမော်ကွန်း ရုပ်ရှင်ဇာတ်ကားဖြစ်သည့် 300 (2007) ကို ဒါရိုက်တာ ဇက်ရှ်နိုက်ဒါက ရိုက်ကူးပေးခဲ့ခြင်းဖြစ်ပြီး ၎င်းဇာတ်ကား၏ နောက်ဆက်တွဲ 300: Rise of an Empire ကိုလည်း ဇက်ရှ်နိုက်ဒါကပင် ဇာတ်ညွှန်းရေးပေးခဲ့သည်။

ယခုလည်း ဒါရိုက်တာ ဇက်ရှ်နိုက်ဒါသည် 300 (2007) ၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်သည့် Blood and Ashes ဇာတ်ကား ရိုက်ကူးထုတ်လုပ်ခွင့်ကို ပြန်လည်ရရှိထားကြောင်း သိရသည်။

မိမိတို့အနေဖြင့် Blood and Ashes ဇာတ်ကား ရိုက်ကူးထုတ်လုပ်ခွင့်ကို ရရှိထားပြီးဖြစ်ရာ ဆန္ဒရှိမည့်အချိန်တွင် ရိုက်ကူးနိုင်ကြောင်း ဒါရိုက်တာ ဇက်ရှ်နိုက်ဒါက မီဒီယာများသို့ ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# ဗီဒီယိုနှင့် ရုပ်ရှင်ဒါရိုက်တာ မောင်မောင်မြင့်လွင်(ဓာတ်ပုံ) ကွယ်လွန်

**ရန်ကုန် ဒီဇင်ဘာ ၄**

ဗီဒီယိုနှင့် ရုပ်ရှင်ဒါရိုက်တာ မောင်မောင်မြင့်လွင် (ဓာတ်ပုံ) သည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ကုသိုလ်ဖြစ်ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက ကွယ်လွန်သွားပြီဖြစ်ကြောင်း ဒါရိုက်တာ မောင်မောင်မြင့်လွင်၏ ဇနီးဖြစ်သူ မဖြူဖြူက ပြောပြ၍ သိရသည်။

ကွယ်လွန်ချိန်တွင် အသက် ၅၆ နှစ်ရှိပြီဖြစ်သည့် ဗီဒီယိုနှင့် ရုပ်ရှင်ဒါရိုက်တာ မောင်မောင်မြင့်လွင် (ဓာတ်ပုံ)သည် သားအချစ် မြေအနှစ်၊ အချွဲ၊ ကြက်ဆွဲ၊ ဆူး၊ မကျေပွဲ၊ ငမုန်း၊ အပေအတေဖိုးထိန်၊ ဘာလာလာ လာထား၊ ဘတ်ကီး၊ ယောက်ျားဆိုလာထား စတဲ့ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားပေါင်းများစွာ ရိုက်ကူးခဲ့သူဖြစ်ကြောင်း၊ ဓာတ်ပုံဆရာ ဒါရိုက်တာတစ်ဦးအဖြစ် ဖြတ်သန်းမှုမှာ အနုပညာသက်တမ်း နှစ် ၃၀ နီးပါးရှိပြီဖြစ်ကြောင်း သိရသည်။



"ကျောက်ကပ်ကြောင့် ဆေးရုံတင်ထားတာ ခြောက်ရက်မြောက်နေ့ မနက် ၇ နာရီကျော်မှာ ဆုံးသွားတာပါ။ ဒီဇင်ဘာ ၃ ရက်ကပဲ ချက်ချင်းသင်္ဂြိုဟ်လိုက်ပါတယ်"ဟု ဒါရိုက်တာ မောင်မောင်မြင့်လွင်၏ ဇနီးဖြစ်သူ မဖြူဖြူက ပြောပြသည်။

ဗီဒီယိုနှင့် ရုပ်ရှင်ဒါရိုက်တာ မောင်မောင်မြင့်လွင်(ဓာတ်ပုံ)သည် သရုပ်ဆောင် သူထူးစံ၊ မင်းရာဇ၊ ဇေရဲထက်၊ ဝေဠုကျော် စသည့် သရုပ်ဆောင်များနှင့် ဗီဒီယိုနှင့် ရုပ်ရှင်ဇာတ်ကားများစွာကိုလည်း ဖန်တီးခဲ့သူတစ်ဦးဖြစ်ကြောင်း သိရသည်။ ASH

# Animal ဘောလိဝုဒ်ရုပ်ရှင်လောက၏ ဝင်ငွေဒုတိယအကောင်းဆုံးဇာတ်ကားဖြစ်လာ

**နယူးဒေလီ ဒီဇင်ဘာ ၄**


နာမည်ကျော် အိန္ဒိယရုပ်ရှင်မင်းသား ရန်ဘားကပူး ပါဝင်သရုပ်ဆောင်ထားသည့် Animal ဇာတ်ကားသည် ဘောလိဝုဒ်ရုပ်ရှင်လောက၏ ပထမဆုံးရုံတင်ရက် ဝင်ငွေဒုတိယအကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်လာကြောင်း ဒီဇင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

Animal ဇာတ်ကားသည် စတင်ရုံတင်ခဲ့သည့် ဒီဇင်ဘာ ၁ ရက် တစ်ရက်တည်းမှာပင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ သန်းထိရရှိခဲ့ပြီး အဆိုပါဇာတ်ကားသည် မင်းသား ရန်ဘားကပူးအတွက်လည်း အနုပညာသက်တမ်းတစ်လျှောက် ပထမဆုံးရုံတင်ရက် ဝင်ငွေအကောင်းဆုံး ဇာတ်ကားဖြစ်ခဲ့ရသည်။

ဒါရိုက်တာ ဆန်ဒစ်ရက်ဗင်ဂါ ရိုက်ကူးထားသည့် အဆိုပါဇာတ်ကားသည် ဟင်ဒီစကားပြောမူရင်းဇာတ်ကားတစ်ကားဖြစ်သည်။

ဘောလိဝုဒ်ရုပ်ရှင်လောက၏ ပထမဆုံးရုံတင်ရက် ဝင်ငွေအကောင်းဆုံးဇာတ်ကားမှာ မင်းသားကြီး ရှရွတ်ခန်း၏ Jawan ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၆ သန်းထိ ရရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**




# ကြီးမှပေါက်တဲ့ ဝက်သက် ဇာတ်လမ်းတွဲကို fortune tv နှင့် Channel K ရုပ်သံလိုင်းတို့တွင် ထုတ်လွှင့်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

Mahar Application တွင် ထုတ်လွှင့်လျက်ရှိသည့် ကြီးမှပေါက်တဲ့ ဝက်သက် ဇာတ်လမ်းတွဲကို fortune tv နှင့် Channel K ရုပ်သံလိုင်းတို့တွင်လည်း ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို တာဝန်ယူရိုက်ကူးပုံဖော်ထားသည့် ဒါရိုက်တာ ရာဇဝင်ကိုက ပြောပြ၍ သိရသည်။

ကြီးမှပေါက်တဲ့ဝက်သက် ဇာတ်လမ်းတွဲ၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို စွမ်းပိုင်က ရေးသားထားပြီး ဒါရိုက်တာ ရာဇဝင်ကိုက တာဝန်ယူပုံဖော်ထားသည့် ဇာတ်လမ်းတွဲဖြစ်ကြောင်း၊ အဆိုပါဇာတ်လမ်းတွဲကို ဒီဇင်ဘာလအတွင်း fortune tv နှင့် Channel K ရုပ်သံလိုင်းတို့တွင် ထုတ်လွှင့်ပြသပေးသွားကြောင်း သိရသည်။

"အချစ်ဟာသဇာတ်လမ်းတွဲဖြစ်တဲ့အပြင် အပျိုကြီးနဲ့ လူပျိုကြီးဇာတ်ရုပ်ကို အဓိကထားရိုက်ကူးထားတဲ့ဇာတ်လမ်းမို့ ပရိသတ်တွေ ရယ်ရမှာပါ။ ဇာတ်လမ်းက ထူးထူးဆန်းဆန်းတော့မဟုတ်ဘူး။ ဒါပေမဲ့ ပရိသတ်အမောပြေစေမဲ့ ရယ်စရာဇာတ်လမ်းလေးပါ။ Love Scene လေးတွေ သေချာရိုက်ထားသလို ဟာသအပျော်လေးတွေလဲ ထည့်ထားပါတယ်။ ဒီဇာတ်လမ်းတွဲကိုလဲ ရုပ်မြင်သံကြားပရိသတ်တွေ ကြည့်ရှုခံစားနိုင်အောင် ရုပ်သံဇာတ်လမ်းတွဲအနေနဲ့ fortune tv နဲ့ Channel K ရုပ်သံလိုင်းတွေကနေ ဒီဇင်ဘာလထဲမှာပဲ ထုတ်လွှင့်ပေးသွားမှာပါ"ဟု ဒါရိုက်တာ ရာဇဝင်ကိုက ပြောပြသည်။

ကြီးမှပေါက်တဲ့ဝက်သက် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ကျော်ကျော်၊ စွမ်းထက်၊ ထူးမြတ်၊ ငြိမ်းချမ်း၊ မျိုးမျိုးခိုင်၊ ဝိုဝို၊ ရွှေရင်အေး၊ ပြည့်ဝတီမောင်၊ ကျော်ဇင်ထွဋ်၊ နေလင်း၊ မင်းရဲစည်သူ၊ ရဲလေးမ စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses Union government meeting 7/2023



Senior General Min Aung Hlaing addresses Union Government meeting 7/2023.

**Nay Pyi Taw December 4**

The Union government held meeting 7/2023 at the meeting hall of State Administration Council Chairman's Office here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, union ministers and officials. The Nay Pyi Taw Council chair and chief ministers from regions and states attended the meeting through video conferencing.

**Make efforts to develop mix-cropping after the end of monsoon cultivation season**

In his address, the Senior General said some of the monsoon crops are now at the harvesting stage. As a result of the region/state wise efforts, crop production increased, but still needed to hit the target. As the soil remains moist, efforts should be put to extend sown acreage of cold season crops including oil crops and corn. As hard work will pay off, regions and states should be provided with support and encouragement.

**Develop cultivation of rubber and coffee, which are perennial crops**

The country can successfully grow perennial crops such as coffee and rubber, apart from seasonal crops. Hence, ardent support was given for progress of coffee and rubber plantation during the previous years. As the government restored coffee industries that were facing hardship, coffee production increased again. Coffee can be planted only on half of the land areas permitted for the crop by the previous Tatmadaw government. Coffee zones were set up in Naungcho and Ywangan areas in Shan State (North) and PyinOoLwin area in Mandalay Region. Coffee is also planted in Chin State, Bago Region, Thandaungyi area, and PaO area.

Vietnam with less sown acreage than Myanmar can produce more coffee. Hence, persons with financially strength should invest in coffee industry of the country. However, agricultural activities cannot be started yet on some the lands that are set apart for agriculture. Trade of such land should be carefully scrutinized, and the uncultivated areas should be canceled from the list. If coffee cultivation can be extended as planned there will be a significant growth in coffee production within the coming five years. Plans are underway to increase 27,900 acres of coffee sown acreage in 2024. Hence, coffee producers should plant the crop in advance for their own benefit, and by doing so, total sown acreage will reach 300,000 acres, and the growers may reap benefits at the time five or seven years from now. But they need to use quality strains. Robusta coffee is likely to thrive well in lower Myanmar. In this regard, chief ministers should take into account long-term coffee cultivation plans for their relevant regions and states.

With regard to rubber cultivation, regions and states place rubber on 1.6 million acres of land. As rubber product is a sure product, it can be used in manufacturing the proper products. So, regions and states need to encourage cultivation of rubber.

According to the monetary assets in banks of the country, the private ownership is the largest. If the ownership can be spent on agriculture and livestock industries for the sake of the State and the people, businesspersons, employees, the State and the people will have benefits. So, it is necessary to encourage putting investments and chances for businesses in regions and states.

**Collection of full amount of revenue to be spent on development task of the nation**

In the previous era, tax collection amount increased in regions and states. As revenue is spent on development of the nation, it is necessary collect tax. In this regard, tax rate should not be increased but tax space must be expanded.

Since the Tatmadaw took the State responsibilities, all loans and cash assistance were suspended with the reason of political condition. Later, some friendly countries resume cash assistance to Myanmar. Sanctions were imposed to Myanmar to face difficulties of foreign currency and harming banking system. As such, it is necessary to increase export volume to earn foreign currency with raising the domestic production. In trading with neighbouring countries, Myanmar used direct payment system. It is necessary to encourages border trade as well as normal trade. Efforts must be made for ensuring betterment of monetary circulation. So, officials need to encourage all to run all businesses despite less benefit. The government since its establishment has been managing exportation measures. In this regard, prices of fuel and cooking oil are controlled. But unscrupulous persons committed rising cooking oil for causing difficulties to the people. It is necessary to consider life of the people. Effective action was taken against those unscrupulous persons for their committed acts under the law.

At present, although exporters make efforts for businesses, importers enjoy advantages. So, restrictions are being eased for exporters as much as possible. If the country can strive for increasing non-trade income, it can reduce reliance over the trade. Some reviewed that manufacturing weakness is based on high prices of inputs but businesspersons are not interested in manufacturing sector. Despite having less benefit, large production can earn benefits. So, the government allows rubber businesspersons to spend 70 per cent of the export earnings in order to easily import fertilizers and other inputs for agriculture and livestock farms. A plan is underway to reduce restrictions for export of rice, maize, bean and other product, and businesspersons are to spend export earnings on directly importing basic inputs for agriculture, livestock and MSME businesses.

I want to say that doing business should also serve the interest of the country, just as it is for profit. The main need is to encourage production. Agriculture-based MSMEs must be encouraged. As different regions manufacture different products, products that are suitable for the region must be encouraged to be successfully produced. Therefore, the relevant sector and regional officials need to know the real needs of the local agricultural and livestock operators and to be able to fulfill them. We have weaknesses in terms of quality and packaging, so it is necessary to provide necessary technologies. Only if they are of good quality and attractive will they become marketable products. So, it is necessary to think about them in detail.

**MSMEs based on natural products should be comprehensively operated**

We need to encourage MSMEs based on natural products such as wood, bamboo, rattan and other materials. We need to think about penetrating not only domestic but also foreign markets. Since there are many consumer products manufactured from natural products and products derived from agriculture and livestock breeding, we need to engage in them comprehensively, not just in the local market. Therefore, in carrying out MSME activities, it is necessary to make sure one region one product. We also need to think comprehensively until they can penetrate not only the domestic market but also the overseas market.

**The services of education and health staff deserve to be praised**

Although there were many acts of sabotage during the festivals of Thadingyut and Tazaungdine, we were able to do our best to ensure that the people were happy and peaceful. It is necessary to work, so it will also be necessary to have good human resources to be able to work. Education must be encouraged to obtain good human resources, and all school-age children need to be able to study peacefully. Regarding basic education, except for the areas where there is a conflict, 100% school attendance is seen in the remaining areas. As well as teachers, relevant local governments, state and regional officials need to work together in administrative and security fields so that students can finish their education. Some universities were closed due to terrorist attacks. We acknowledge the teachers from the Ministry of Education who are working in the field of teaching despite the difficulties. We also praise the health workers for providing healthcare to the local people. Local governments and officials need to facilitate the security and administrative issues for the education and health staff who have come from faraway areas for the benefit of their regions. Security forces and administrative staff need to coordinate in ensuring regional safety and the rule of law. Regarding the public security system, we need to work on a regional basis, and only if we can cooperate with the people, will we be able to provide full regional security.

**Our three main national causes have been implemented as a national vision, terrorists required to commiserate with regions and local residents for consequences**

Rakhine State faced hardships for many years and transportation was difficult. It can be seen that Rakhine State now has seen dramatic development thanks to the efforts of the Tatmadaw government. It is the AA armed group that stabilizes the development in the state. Rakhine State is prone to natural disasters and search and rescue operations and rehabilitation See Page 13

# More than 30,000 travellers visit Ngwetaung Beach in Hainggyi Island in November


Visitors seen on the Ngwetaung beach.

**Ngaputaw December 4**

A total of 30,544 travellers paid visits to Ngwetaung Beach near Mawtin cape of Hainggyikyun in Ngaputaw Township of Ayeyawady Region, said Daw Ni Ni Mar, in-charge of tour guide section in Ngaputaw Township.

During the whole month of October, 21,255 travellers visited Ngwetaung Beach, compared with 30,554 in November.

"Ngwetaung Beach is located near Myat Mawtinsun Pagoda. So, travellers visit both the pagoda and the beach on their trip. Most of them came from Yangon on a day trip. The area was packed with many travellers on the full moon of Tazaungmone. At present, we expect a large number of travellers will pay visits to the beach on office holidays in December ad February. Increase of travellers will help boom local businesses," said Daw Ni Ni Mar.

In November, most of the travellers came from local regions. Local authorities manage security measures of travellers, health care services, beautification of the beach and other measures.

Kyaw Kyaw Lin

# Locals from Tangyan Township harvest 2,130 acres of rain-fed soybeans

**Tangyan December 4**

A total of 2,130 acres of rain-fed soybeans planted during the rainy season in Tangyan Township, northern Shan State, have been harvested, according to Department of Agriculture for Shan State (north).

In the rainy season of 2023-2024, 2,130 acres out of 2,200 acres of soybeans targeted to be planted were harvested in Tangyan Township, Tangyan District, Shan State (north). They were start harvested in the second week of October this year from the soybean plantations, and on December 2, it is reported that all the planted acres have been fully harvested.

"In Shan State (north), soybean is cultivated as a regional product. The department was able to arrange for the seeds and inputs to be received on time. In order to improve the yield, we were able to develop and plant ideal fields for bean sprouts, so this year the yield of one acre of bean sprouts has improved. Education courses on planting methods and seasonal pest prevention courses are also being held by townships," said Staff Officer Daw Nwe Nwe Win said.

KZO


A soybean plantation.

# Over 1,600 acres of sesame planted in Yamethin Township

**Yamethin December 4**

More than 1,600 acres of winter sesame have been planted in Yamethin Township, Mandalay Region in this year's winter crop planting season, said U Aung Myo Thant, head of the Department of Agriculture for the township.

In this township, 1,900 acres of winter sesame are planned to be planted in this year's winter crop planting season and more than 1,600 acres of winter sesame have been planted since third week of October this year. It is known that the remaining acres are still being cultivated.

"This year, the Department of Agriculture is providing awareness activities to the farmers who are planting winter sesame to be able to plant with the GAP system, to be able to plant pure varieties, and to plant varieties with good yields," he explained.

Because of the good quality of the crops cultivated with the GAP system, they can be exported not only to the domestic market, but also to foreign markets. 185

**From Page 12**

tasks have to be carried out often. Moreover, the state encountered the Bangali movement. The AA armed group has created armed violence in Mrauk-U, Kyauktaw and Paletwa and local residents will have to face the consequences of the conflicts. Roads, bridges and buildings constructed by the government and ancient monuments will be destroyed within a short time due to sabotage. It will take a long time to rehabilitate. It can be seen that the Tatmadaw and the government made concerted efforts for rehabilitation in Rakhine State in the aftermath of Cyclone Mocha and rehabilitation tasks were carried out during the rainy season to enable local residents to resume their livelihoods in the dry season. Senior military officers were assigned to each township to complete the tasks within six months and such efforts were made because will the region recover only when local residents resume their livelihoods in the dry season. However, the ongoing armed shortages have led again to the disadvantages of local people. Instead of implementing local development tasks, time and financial resources are being wasted on reconstruction of roads and bridges destroyed and rehabilitation tasks. Similarly, clashes broke out in Loikaw in Kayah State due to attacks of the KNPP and the KNDF last year and the local residents made efforts to carry out rehabilitation and reconstruction tasks out of their own earnings. At present, it is very difficult to carry out rehabilitation tasks after many houses and buildings were destroyed in Loikaw because of the terrorist acts of organizations like the KNPP. If armed groups continue to be stupid, local residents will have to suffer the consequences of the stupidity and it is necessary to solve political issues through political means without continuing to be stupid with the commiseration for the public who amounts to grass at the bullfighting field.

Therefore, it is necessary to act looking forward to the interests of the region and the country. The Union system that we are moving forward is based on democracy and federalism, and it includes all the points they are asking for. The Union cannot be completely disintegrated. Our Three Main National Causes which are non-disintegration of the Union; non-disintegration of the national solidarity; and perpetuation of the national sovereign is being upheld with the consciousness for national affairs. Based on those three national causes, the nation has been built with the constitution, and since it has been firmly implemented, we will not let it be affected at all. If the terrorists touch the Our Three Main National Causes, the relevant regions and residents will only experience the consequences.

Due to the conflicts occurring in the country, the economy is also affected and there is a lot of damage to the tourism industry as well. Only if there is stability and peace in terms of politics and security will domestic and foreign tourism industries develop. Therefore, ministries concerned and officials of regions and states need to pay special attention to regional peace and stability.

**Everyone must be healthy and fit through public sports activities**

At the present time, it is seen that enjoyable and active activities of collective sports in the winter season, and it is necessary to ensure that everyone will be healthy and fit through developing collective sports activities. Doing sports is not just for the sports season, it is necessary to do physical exercises and sports events in all the seasons of summer, rainy and winter. Healthy living and eating must be done. Only if it is healthy and strong, you will be able to work and study. Therefore, it is necessary to give encouragement for the development of physical fitness activities throughout the year through sports activities. As a government, it is to find ways on all sides to ensure improvement of the socio-economic life of the nation and citizens. All are urged to actually work and act to achieve success.

Then, the union ministers reported on sector-wise matters, and the Senior General gave necessary instructions on their reports. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## စပိန်နိုင်ငံက ကန်ဒေါ်လာ ၅၃၉ သန်းဖိုးရှိ SIRTAP ဒရုန်းများမှာယူရန် Airbus ကုမ္ပဏီနှင့်လက်မှတ်ရေးထိုး



စပိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် အမေရိကန်ဒေါ်လာ ၅၃၉ သန်းတန်ဖိုးရှိ စွမ်းဆောင်ရည်မြင့် SIRTAP ဒရုန်းများမှာယူရန် Airbus ကုမ္ပဏီနှင့် သဘောတူညီမှု လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မစ်ရှင်အမျိုးမျိုးကို ပံ့ပိုးကူညီရန်အတွက် စပိန်နိုင်ငံ၏ကြည်းတပ်၊ လေတပ်နှင့် အာကာသတပ်ဖွဲ့များသို့ SIRTAP ဒရုန်းစနစ်ကိုးစုံ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း Airbus ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

SIRTAP ဒရုန်းစနစ်တစ်စုံစီတွင် ဒရုန်းသုံးစင်းနှင့် မြေပြင်ထိန်းချုပ်ရေးစခန်းတစ်ခုတို့ပါဝင်မည်ဖြစ်သည်။ စပိန်နိုင်ငံသည် SIRTAPဒရုန်းများကို မောင်းနှင်ပျံသန်းမည့် အော်ပရေတာများကို လေ့ကျင့်သင်တန်းပေးရန် Simulator နှစ်စုံကိုလည်း လက်ခံရရှိမည်ဖြစ်ကြောင်း သိရသည်။

ဒရုန်းများဖြင့် ဒေသတွင်းခြိမ်းခြောက်မှုများ ကြီးထွားလာနေသည့် အချိန်မျိုးတွင် စပိန်နိုင်ငံ၏ အချုပ်အခြာအာဏာကာကွယ်စောင့်ရှောက်နိုင်မှုကို အားဖြည့်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း Airbus ကုမ္ပဏီ၏ အကြီးအကဲ Jean-Brice Dumont က ပြောကြားခဲ့သည်။

SIRTAP ဒရုန်းသည် စပိန်နိုင်ငံ၌ အပြည့်အဝ တီထွင်ထုတ်လုပ်သွားမည်ဖြစ်ပြီး နိုင်ငံတွင်း စက်မှုလုပ်ငန်းများထံမှ စွမ်းဆောင်ရည်များကို ပေါင်းစပ်အသုံးပြုသွားမည်ဖြစ်သည်။ သို့သော်လည်း ၎င်း၏ ဘက်စုံအသုံးပြုနိုင်မှုနှင့် အပြည့်ပြည်ဆိုင်ရာ စစ်လက်နက်ပစ္စည်းဆိုင်ရာ စည်းမျဉ်းများမပါဝင်သည့် အစိတ်အပိုင်းများကို အသုံးပြုခြင်းကြောင့် ၎င်းသည် နိုင်ငံတကာဈေးကွက်တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လာမည်ဟု မျှော်လင့်ကြောင်း Dumont က ပြောကြားခဲ့သည်။

စပိန်နိုင်ငံသည် နည်းဗျူဟာမြောက်ဒရုန်းများ ဝယ်ယူခြင်းနှင့်ပတ်သက်၍ ဇူလိုင်လအစောပိုင်းက သတင်းများထွက်ပေါ်ခဲ့သော်လည်း ထိုကာလအတွင်း ကြေညာခဲ့သည့်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၅၆ သန်း ဖြစ်သည်။

Airbus ကုမ္ပဏီ၏ အဆိုအရ SIRTAP ဒရုန်းသည် အလေးချိန်ကီလိုဂရမ် ၁၅၀ ထိ သယ်ဆောင်ပျံသန်းနိုင်သော အဆင့်မြင့်ဒရုန်းအမျိုးအစားဖြစ်ပြီး လေထဲတွင် တစ်ဆက်တစ်စပ်တည်း နာရီ ၂၀ ကျော်၊ အမြင့်ပေ ၂၁၀၀၀ ထိ ပျံသန်းတိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

ထို့ပြင် တိုက်ခိုက်ရေးမစ်ရှင်များကို ပံ့ပိုးရန်အတွက် SIRTAP ဒရုန်းစနစ်သည် လမ်းညွှန်ထိန်းကျောင်းနိုင်သောလက်နက်များနှင့် သမားရိုးကျလက်နက်များတပ်ဆင်အသုံးပြုနိုင်သည်။

**Spain Orders Airbus SIRTAP Drones for $539M ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ပြည်တွင်းထုတ်တိုက်ခိုက်ရေးလေယာဉ်များ ဝယ်ယူရန် ကန်ဒေါ်လာ ၁၃ ဘီလီယံ အတည်ပြုပေးခဲ့

အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းထုတ်တိုက်ခိုက်ရေးလေယာဉ်များဝယ်ယူရေးအတွက် အိန္ဒိယရူပီး ၁ ဒသမ ၁ ထရီလီယံ (ကန်ဒေါ်လာ ၁၃ ဘီလီယံ)ကို အတည်ပြုပေးနိုင်ခဲ့ကြောင်း Defense Post သတင်းဌာနက ဒီဇင်ဘာ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယလေတပ် (IAF)အတွက် LCA Tejas Mark 1A တိုက်လေယာဉ် ၉၇ စင်းနှင့် အိန္ဒိယကြည်းတပ်လေကြောင်းတပ်ဖွဲ့အတွက် Prachand တိုက်ခိုက်ရေးရဟတ်ယာဉ် ၁၅၆ စင်း ပါဝင်ကြောင်း သိရသည်။

နယူးဒေလီသည် Tejas Mark 1A တိုက်လေယာဉ် ၈၃ စင်း မှာယူထားပြီးဖြစ်ရာ လွှဲပြောင်းပို့ဆောင်မှုကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ၌ စတင်လုပ်ဆောင်နိုင်မည်ဟု မျှော်မှန်းထားသည်။ အိန္ဒိယလေတပ်(IAF)သည် ၂၀၁၆ ခုနှစ်ကတည်းက ပထမဆုံးတားရှင်း Tejas Mark1 တိုက်လေယာဉ်အုပ်စု နှစ်စုစာ ပိုင်ဆိုင်ထားခဲ့ပြီလည်းဖြစ်သည်။

အိန္ဒိယလေတပ် (IAF)တွင် Su-30 MKI တိုက်လေယာဉ် အစင်း ၂၆၀ကျော်ရှိပြီး ကနဦး ၈၄ စင်းကို အဆင့်မြှင့်တင်မှုပြုလုပ်ရန် ခန့်မှန်းခြေ အိန္ဒိယရူပီး ဘီလီယံ ၅၀၀ (ကန်ဒေါ်လာ ၆ ဘီလီယံ)ဖြင့် သဘောတူခွင့်ပြုပေးနိုင်ခဲ့ကြောင်း Asian News International သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

NDTV သတင်းဌာန၏အဆိုအရ Su-30 MKI တိုက်လေယာဉ်များတွင် ပြည်တွင်းထုတ်ရေဒါများ၊ လေကြောင်းစနစ်များကိုလည်း ပေါင်းစည်းအဆင့်မြှင့်တင်ရန် မျှော်လင့်ထားသည်ဟု ဖော်ပြခဲ့သည်။

ထို့ပြင် ထပ်မံဝယ်ယူဖြည့်တင်းရန် အတည်ပြုထားမှုများအတွက် သဘောဖျက်ဒုံးကျည်များ၊ တင့်ကားဖျက်လက်နက်များ၊ ယာဉ်ဆွဲသေနတ်စနစ်များနှင့် T-90 တင့်ကားများကို အဆင့်မြှင့်တင်မှုများပါဝင်ပြီး စုစုပေါင်းအသုံးစရိတ်ပမာဏသည် အိန္ဒိယရူပီး ၂ ဒသမ၂၃ ထရီလီယံ (ကန်ဒေါ်လာ ၂၆ ဒသမ ၇၃ ဘီလီယံ) တန်ဖိုးထိရောက်ရှိခဲ့သည်။ ၎င်းသည် ပြည်တွင်းကန်ထရိုက်တာ၊ ကုမ္ပဏီများမှ စုစုပေါင်းပမာဏ၏ ၉၈ ရာခိုင်နှုန်းဖြင့် ထုတ်လုပ်နေခြင်းဖြစ်ရာ အိန္ဒိယနိုင်ငံ ပြည်တွင်းကာကွယ်ရေးစက်မှုလုပ်ငန်း ထုတ်လုပ်သူများအတွက် အကြီးမားဆုံးသော ကာကွယ်ရေးဆိုင်ရာ ဝယ်ယူရေးသဘောတူစာချုပ်တစ်ရပ် ဖြစ်နိုင်ဖွယ်ရှိသည်။

အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝယ်ယူမှုကောင်စီက လိုအပ်ချက်များကို လက်ခံပြီးနောက်တွင် ထုတ်လုပ်သူများနှင့် ဈေးနှုန်းညှိနှိုင်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ညှိနှိုင်းပြီးပါက အတည်ပြုလက်မှတ်ရေးထိုးခြင်းအား လုံခြုံရေးဆိုင်ရာ ကက်ဘိနက်ကော်မတီက လုပ်ဆောင်သွားမည်ဖြစ်ကြောင်း NDTV သတင်းဌာနက ရေးသားဖော်ပြထားသည်။



**India Approves Biggest Indigenous Combat Aircraft Procurement ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းတိုက်လေယာဉ်တစ်စင်းကို ရုရှားထုတ် Kamikaze ဒရုန်းတစ်စင်းဖြင့် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့

ပဋိပက္ခဖြစ်ပွားနေသည့် ရှေ့တန်းစစ်မျက်နှာတွင် တပ်စွဲထားသော ယူကရိန်းတိုက်လေယာဉ်တစ်စင်းကို ရုရှား၏ Kamikaze ဒရုန်း တစ်စင်းဖြင့် ဖျက်ဆီးပစ်နိုင်ခဲ့ကြောင်း လူမှုကွန်ရက်ပေါ်တွင် မျှဝေထားသည့် ဗီဒီယိုဖိုင်အသစ်တစ်ခုအရ ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဒီဇင်ဘာ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နိုဝင်ဘာ ၃၀ ရက် ညနေပိုင်းတွင် ဖြစ်ပွားလျက်ရှိသော စစ်ဆင်ရေးအခြေအနေများကို ရေးသားဖော်ပြနေသည့် ရုရှား Telegram လိုင်းအများအပြားသည် ယူကရိန်းနိုင်ငံ Dnepropetrovsk ဒေသ၊ Krivoy Rog မြို့အနီးရှိ Dolgintsevo လေတပ်စခန်းတွင် ဆိုဗီယက်ခေတ်ထုတ် Su-25 အနီးကပ် လေကြောင်းပစ်ကူပေးရေးတိုက်လေယာဉ်ကို Kamikaze ဒရုန်းတစ်စင်းဖြင့် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့မှုကို ဖော်ပြခဲ့သည်။




တိုက်ခိုက်စဉ် Loitering Munition တိုက်ခိုက်ရေးဒရုန်း ကိုယ်တိုင်ရိုက်ကူးထားမှုနှင့် အခြားအမည်မသိ ပျံဝဲနေသည့် လေယာဉ်တစ်စင်းမှ ရိုက်ကူးထားသော ဗီဒီယိုဖိုင်တွင် တောင်ပံအစွန်းများ၌ ယူကရိန်းအလံ အရောင်ခြယ်ထားသည့် တိုက်လေယာဉ်တစ်စင်း ပြေးလမ်းပေါ်တွင် ရပ်နားထားသည်ကို ပြသထားသည်။

Kamikaze ဒရုန်းသည် တိုက်လေယာဉ်အား လျင်မြန်စွာ ဝင်ရောက်တိုက်ခိုက်ပစ်လိုက်သည်ကို တွေ့ရှိရသည်။ သို့သော် အဆိုပါ ယူကရိန်းတိုက်လေယာဉ်သည် လက်ရှိ တပ်ဖြန့်အသုံးပြုမှု ရှိ၊ မရှိကိုမူ ရှင်းရှင်းလင်းလင်း မသိရသေးပေ။ လေ့လာသုံးသပ်သူ အများအပြားနှင့် ယူကရိန်းမီဒီယာများ၏ ဖော်ပြချက်အရ ဒရုန်းသည် Su-25 တိုက်လေယာဉ်၏ ပုံစံတူအမျိုးအစား လေယာဉ်ကိုသာ ထိမှန်ဖျက်ဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားထားကြသည်။

ရုရှားတပ်ဖွဲ့များသည် Dolgintsevo လေတပ်အခြေစိုက်စခန်းတွင် ယခုကဲ့သို့ တိုက်ခိုက်မှုများကို ယခင်ကတည်းက အောင်မြင်စွာ ပြုလုပ်ခဲ့ပြီးဖြစ်သည်။ စက်တင်ဘာလနှောင်းပိုင်းတွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယူကရိန်းနိုင်ငံရှိ ဆိုဗီယက်ခေတ် MiG-29 တိုက်လေယာဉ် တစ်စင်းကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ ထိုစဉ်ကလည်း Kamikaze ဒရုန်းဖြင့်ပင်ဖြစ်သည်။

၂၀၁၉ ခုနှစ်က ပထမဆုံးထုတ်ဖော်ပြသခဲ့ပြီး Kalashnikov ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းကုမ္ပဏီကြီး လက်အောက်ရှိ လုပ်ငန်းခွဲတစ်ခုကထုတ်လုပ်ထားသည့် Kamikaze တိုက်ခိုက်ရေးဒရုန်းသည် အမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၈၀ မှ ၁၁၀ ထိ၊ ဝန်တင်ဆောင်နိုင်မှု တစ်ကီလိုဂရမ်မှ သုံးကီလိုဂရမ်ထိ သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

Kamikaze ဒရုန်းများ၏ တိုက်ပွဲဝင်ထိရောက်မှုကို ယူကရိန်းအရာရှိများနှင့် အနောက်နိုင်ငံများက အသိအမှတ်ပြုထားသည်။ Kamikaze ဒရုန်းကို တိုက်စွမ်းရည်မြင့်မားစေရုံမျှမက ၎င်းသည် ယူကရိန်းမြို့တော်အတွက် ပြဿနာအချို့ဖြစ်စေသည်ဟု ဇူလိုင်လတွင် ယူကရိန်းကာကွယ်ရေးဝန်ကြီး၏အကြံပေး Yury Sak က ပြောကြားသည်။

**WATCH Russian kamikaze drone destroy Ukrainian warplane ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ နိုဝင်ဘာလက ခရီးသွား ၃၀၅၅၄ ဦး လာရောက်လည်ပတ်



**ပုသိမ် ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ မော်တင်အငူအနီး ငွေတောင်ကမ်းခြေသို့ နိုဝင်ဘာလက ခရီးသွား ၃၀၅၅၄ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းမှ ညွှန်လမ်းညွှန်တာဝန်ခံ ဒေါ်နီနီမာက ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့ရှိ မော်တင်အငူအနီး ငွေတောင်ကမ်းခြေသို့ အောက်တိုဘာလအတွင်းက ခရီးသွား ၂၁၂၅၅ ဦး လာရောက်လည်ပတ်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ ခရီးသွား ၃၀၅၅၄ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ငွေတောင်ကမ်းခြေက မြတ်မော်တင်စွန်းစေတီတော်အနီးမှာ တည်ရှိပါတယ်။ ဒါကြောင့် ငွေတောင်ကမ်းခြေကိုလာတဲ့ ခရီးသွားဧည့်သည်တွေက ဘုရားဖူး မြော်ရင်း အပန်းဖြေဖို့လာရောက်လည်ပတ်တာပါ။ လာရောက်လည်ပတ်တဲ့ခရီးသွားတွေထဲမှာ ရန်ကုန်ကနေ နေ့ချင်းပြန်လာရောက်လည်ပတ်တဲ့ခရီးသွားတွေ ပိုများပါတယ်။ လက်ရှိ ပွင့်လင်းရာသီကာလ အလုပ်ပိတ်ရက်၊ ရုံးပိတ်ရက်တွေမှာ ခရီးသွားတွေ ပိုမိုလာရောက်လည်ပတ်လိမ့်မယ်လို့ ခန့်မှန်းထားတယ်။ ခရီးသွားတွေ လာရောက်လည်ပတ်မှုများတော့ ခရီးသွားလုပ်ငန်းနဲ့ဆက်စပ်တဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ အခုထက် ပိုမိုကောင်းမွန်လာမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းမှ ညွှန်လမ်းညွှန်တာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ငွေတောင်ကမ်းခြေသို့ နိုဝင်ဘာလအတွင်း လာရောက်လည်ပတ်သည့်ခရီးသွားများတွင် ပြည်တွင်းခရီးသွားများ အများဆုံးဖြစ်ကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားများ လုံခြုံရေး၊ ကျန်းမာရေး၊ ကမ်းခြေသန့်ရှင်းသာယာလှပရေး စသည့်လုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ညွှန်လမ်းညွှန်တာဝန်ခံ ဒေါ်နီနီမာထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ဥတ္တရသီရိမြို့နယ် ဇလောင်းတောင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥတ္တရသီရိမြို့နယ် ဇလောင်းတောင်ကျေးရွာ၌ နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးကျော်မင်းထွန်း၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် တာဝန်ရှိသူများ၊ တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဇလောင်းတောင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။



ဇလောင်းတောင်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၄၀၀ ရှိစက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# မလှိုင်မြို့နယ် ကသစ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှစ်ရှာတစ်ယူနစ် ဆောင်ရွက်လျက်ရှိသော အုပ်ကျင်းကျေးရွာ၊ ကသစ်ပင်ကျေးရွာတို့အတွက် ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ကသစ်ပင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများကိုတွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အုပ်ကျင်းကျေးရွာ၊ ကသစ်ပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၁၇ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ် ၁၅ ဒသမ ၁ သန်းနှင့် အရောင်းအဝယ်လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးကို ငွေကျပ် ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်ခိုး(မလှိုင်)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၄-၁၂-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၀၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၄၀ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေး ပထမနေ့ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးများတက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့်သာရဏီယသြဝါဒကထာမြွက်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဆဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရက တင်သွင်းလျှောက်ထားပြီး အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဆဌမအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို ကဏ္ဍအလိုက် တင်သွင်းကြရာ ဝိနိစ္ဆယရေးရာအစီရင်ခံစာကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသကလည်းကောင်း၊ သာသနာရေးရာအစီရင်ခံစာကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တရကလည်းကောင်း၊ ပညာရေးရာအစီရင်ခံစာကို အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒဝရကလည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ထို့နောက် ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရပ်နားသည်။

ယင်းနောက် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့ပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်း၌ ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား အရှက်ဆွမ်းအလှူရှင်အဖြစ် ဖခင် ဦးမောင်မောင်၊ မိခင် ဒေါ်ခင်ခင်ကြီးတို့ကို ရည်စူး၍ သမီး သဒ္ဓမ္မဇောတိကဓဇ ဒေါ်ပြုံးဝေသီနှင့် နေ့ဆွမ်းအလှူရှင်အဖြစ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း)၊ ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသည့် ဓမ္မမိတ်ဆွေများက ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စံပြစိုက်ခင်းရိတ်သိမ်းနေမှု၊ အသားစားကြက်မွေးမြူထားမှုနှင့် တောင်တမန်တံတားပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှု



**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းက ပုသိမ်ကြီးမြို့နယ် အမရပူရမြို့နယ်များသို့ သွားရောက်ကာ မိုးစပါးစံပြစိုက်ခင်းရိတ်သိမ်းနေမှု၊ အသားစားကြက်မွေးမြူထားမှု၊ တောင်တမန်တံတားပြုပြင်ထိန်းသိမ်းခြင်းနှင့် တောင်တမန်သာယာလှပရေး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံအင်္ဂါရပ်နှင့်အညီ ဥပမိကောင်းမွန်ရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု၍ ဆေးရုံမျက်နှာစာရှေ့တွင် စည်းကမ်းမဲ့ယာဉ်များရပ်နားခြင်းနှင့် ဈေးဆိုင်များဖွင့်လှစ်ရောင်းချခြင်းတို့ကို တင်းတင်းကြပ်ကြပ် ဆောင်ရွက်သွားရေးနှင့် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်ရှင်တော်ကုန်းကျေးရွာအုပ်စု လိန်ပင်ကျေးရွာရှိ ဦးမျိုးသန့်၏မိုးစပါးစိုက်ခင်းသို့ ရောက်ရှိပြီး စပါးရိတ်သိမ်းစက်ဖြင့် စံကွက်ရိတ်သိမ်းမှု၊ စံကွက်ရိတ်သိမ်းမှုမှ စပါးတင်းအရေအတွက်ထွက်ရှိမှုတို့ကို ကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမရပူရမြို့နယ် ဆောက်တောဝကျေးရွာအုပ်စု မင်းရွာရှိ ဦးမောင်စိန်၏ အသားစားကြက်အကောင် ၈၀၀၀ မွေးမြူထားရှိမှုနှင့် ဆောက်တောဝကျေးရွာအုပ်စု ဆောက်တောဝကျေးရွာရှိ ဦးလောရ၏ အသားစားကြက်အကောင် ၆၀၀၀ မွေးမြူထားရှိမှုတို့ကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမရပူရမြို့နယ် တောင်တမန်အင်းနေရာသို့ ရောက်ရှိပြီး ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည့် တောင်တမန်တံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပြီးစီးမှု၊ တောင်တမန်သာယာလှပရေး မည်စည်တန်းတွင် မြေယာရှင်းလင်းလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆိုင်ခန်းများ ဆောက်လုပ်ပြီးစီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်းသတင်းရရှိသည်။

**မျိုးကျော်**

☆ **ကျောဖုံးမှအဆက်**

ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်နှင့် ကြက်တောင်အားကစားနည်းများကို ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း၊ အားကစားနည်းအလိုက် ထူးချွန်ထက်မြက်သည့် အားကစားသမားများကို ရွေးချယ်သွားမည်ဖြစ်သည့်အတွက် ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း။

အားကစားမောင်မယ်များအနေဖြင့် မိမိတိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဂုဏ်ကိုဆောင်နိုင်သည့် ကျောင်းသား၊ ကျောင်းသူများဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ကြပြီး နိုင်ငံတော်က အားထားရသည့် အားကစားသမားများပေါ်ထွက်လာအောင် ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ကို လက်ဆင့်ကမ်းပခုံးပြောင်း တာဝန်ယူနိုင်သည့်လူငယ်လူရွယ်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားပြီး အခြေခံပညာ ကျောင်းသားအားကစားပွဲတော်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းသားအားကစားပွဲတော်အထိမ်းအမှတ်အလံကို အားကစားမောင်မယ်များက စုပေါင်းသယ်ယူ၍ လွှင့်တင်ပြီး အခြေခံပညာကျောင်းသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားမောင်မယ်ကျောင်းသားကျောင်းသူများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများက အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်တို့မှ အားကစားသမားများက အေရိုးဗစ်အကစုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးအစီအစဉ်အတွဲ(၃/၄)၊ Physical Fitness Dance နှင့် ကျွမ်းဘားအားကစားသရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးကြသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော်ကို ဒီဇင်ဘာ ၄ ရက်မှ ၁၅ ရက်ထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊အားကစားရုံများ၌ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အဖွဲ့ခေါင်းဆောင်များ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားဦးရေ ၁၈၅၀ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်ချုပ်ကြည်နိုင်က ၂၀၂၃ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ကရာတေးပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်နိုင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မန္တလေးမြို့ အားကစားနှင့် ကာယပညာသိပ္ပံမှ ကျောင်းသား၊ ကျောင်းသူများ၏ ကရာတေးစွမ်းရည်သရုပ်ပြသမှုများနှင့် ပြိုင်ပွဲဝင်အသင်းများ၏ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါကရာတေးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဒီဇင်ဘာ ၈ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၄၀/ ၂၀၂၃**

၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၄ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ်အား ဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**

**သရေစည်သူဘွဲ့**

၁။ Mr. Nikolai Platonovich Patrushev အတွင်းရေးမှူး
ရုရှားဖက်ဒရေးရှင်းနိုင်ငံ
လုံခြုံရေးကောင်စီ

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၄**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်းသိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့်စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား အမျိုးသား ၁၁၅ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၂၇ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ယခုနှစ် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၄ ရက်ထိ တရုတ်နိုင်ငံသား အမျိုးသားဦးရေ ၉၈၇၀၊ အမျိုးသမီး ၁၂၀၉ ဦး စုစုပေါင်း ၁၁၀၇၉ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှတာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများကို စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ပဲထမင်းဘူးများပေးအပ်လှူဒါန်း




လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက လှူဒါန်းသော ပဲထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများကို တပ်မတော်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပဲထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက်လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ပဲထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ဘေးရန်ကင်းကွာ စိတ်ချမ်းသာကြပါစေ၊ တိုက်ပွဲတိုင်းအောင်မြင်ပါစေ၊ တိုင်းပြည်ရန်စွယ်ဟူသမျှကို အမြစ်ပါမကျန် ချေမှုန်းနိုင်ကြပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။



စေတနာရှင်အလှူရှင် ပြည်သူများက လှူဒါန်းသည့် ပဲထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများကရေးသားပေးပို့သည့် ဆုတောင်းမေတ္တာစာလွှာကို တွေ့ရစဉ်။

# နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၃ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ခုနစ်ဦး တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၆ ရက် ည ၈ နာရီမှ ဒီဇင်ဘာ ၃ ရက် ၈ နာရီထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၂၃၆၅၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦးတွေ့ရှိရသည်။

ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၃ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# သူရဲကောင်းစစ်သည်များအတွက် ဒသမအကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းအလေးပြုခြင်းအခမ်းအနားကျင်းပခဲ့မှု၊ နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးရေးအတွက် စစ်သည်များက ဆက်သွယ်တင်ပြလာမှုဆိုင်ရာအခြေအနေများ၊ US Department State Website ၏ Country Reports on Terrorism 2022 အမည်ဖြင့် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံအလိုက်အကြမ်းဖက်မှုဖြစ်ပွားခဲ့မှုများနှင့်ပတ်သက်သည့်အစီရင်ခံစာတွင် မြန်မာနိုင်ငံမှ PDF အကြမ်းဖက်အဖွဲ့များက ၅၇ ရာခိုင်နှုန်းကျော်၊ KNLA နှင့် KNDF သောင်းကျန်းသူအဖွဲ့က ၁၄ ရာခိုင်နှုန်းကျော်ကျူးလွန်ခဲ့ကြောင်းဖော်ပြခဲ့မှု၊ တရားမဝင်နေထိုင်သူများကို တရုတ်နိုင်ငံသို့လွှဲပြောင်းပေးမှုနှင့် မီဒီယာများက နှစ်နိုင်ငံဆက်ဆံရေးပျက်ပြားအောင် နည်းအမျိုးမျိုးဖြင့် ဝေဖန်တိုက်ခိုက်မှုများ၊ ရှမ်းပြည်နယ်အရှေ့မြောက်ဘက်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မုန်းမြို့နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

သူရဲကောင်းစစ်သည်များအတွက် ဒသမအကြိမ်မြောက် (၁၀)ကြိမ်မြောက်ပေါ့။ အောက်မေ့ဖွယ်ဂါရဝပြုအလေးပြုခြင်းအခမ်းအနားကို မနေ့က နေပြည်တော်မှာပြုလုပ်ခဲ့ပါတယ်။သူရဲကောင်းစစ်သည်များဗိမာန်မှာပြုလုပ်ခဲ့တယ်။ နိုင်ငံတော်နဲ့တပ်မတော်ကိုချစ်မြတ်နိုးတဲ့ အဖွဲ့အစည်းတွေ၊ ပြည်သူတွေ၊ စစ်မှုထမ်းဟောင်းတွေအင်အားများပြားစွာတက်ရောက်ခဲ့ပါတယ်။ တက်ရောက်ခဲ့တဲ့သူတွေအနေနဲ့ နိုင်ငံတော်ရဲ့ တည်တံ့ခိုင်မြဲရေးကို အစဉ်တစိုက်ကာကွယ်ပေးနေတဲ့ တပ်မတော်နဲ့ ပတ်သက်ပြီး လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေတွေမှာ တပ်မတော်ကို ကိုယ်ရောစိတ်ပါအားပေးထောက်ခံမှုပြုတာတွေ၊ လိုအပ်လာရင်သူတို့ ကိုယ်တိုင် နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်ကိုထမ်းဆောင်မယ်ဆိုတဲ့ ဆန္ဒပြုချက်တွေ၊ ပြီးရင် တပ်မတော်ဆေးရုံတွေနဲ့ တပ်မတော်နဲ့ သက်ဆိုင်တဲ့နေရာတွေမှာ သွားရောက်အမှုထမ်းတာတွေကို စိတ်အားတက်ကြွဖွယ်မြင်ကွင်းအဖြစ် ကျွန်တော်တို့မြင်ခဲ့ရပါတယ်။ အလားတူပါပဲ ကျွန်တော်တို့စစ်သားဆိုတာကလည်း တစ်ခါစစ်သားဖြစ်ဖူးရင် အမြဲတမ်းစစ်သားဆိုတဲ့စိတ်ဓာတ်မျိုး ခံယူထားတဲ့သူတွေဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ဖြစ်ပေါ်နေတဲ့အခြေအနေတွေနဲ့ပတ်သက်ပြီး စစ်မှုထမ်းဟောင်းတွေ၊ ကျန်းမာရေးအခြေအနေအရ တပ်မတော်က ထွက်ခွင့်ရထားတဲ့ စစ်သည်တော်ဟောင်းတွေ၊ခွင့်မဲ့၊စစ်ပြေးဖြစ်နေတဲ့ စစ်သည်တွေစတဲ့သူတွေက နိုင်ငံတော်တာဝန်ကိုထမ်းဆောင်လိုတယ်ဆိုပြီး သူတို့တတ်နိုင်တဲ့ဘက်ကပေါ့။ စစ်ဆင်ရေးတာဝန်၊ လုံခြုံရေးတာဝန်တွေထမ်းဆောင်ချင်ပါတယ်ဆိုပြီးစာရေးပြီး ဆန္ဒပြုလာတာတွေ၊ တပ်မှူးတွေနဲ့လူကိုယ်တိုင်တွေ့ပြီးဆန္ဒပြုလာတာတွေကို အများအပြားပြုလုပ်ခဲ့ပါတယ်။ ဒါကြောင့် တပ်မတော်အနေနဲ့လည်း နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊နိုင်ငံတော်တည်ငြိမ်ရေး၊တရားဥပဒေစိုးမိုးရေးနဲ့ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကာကွယ်ရေးအတွက် အကြမ်းဖက်လက်နက်ကိုင်နေတဲ့ PDF တွေကိုချေမှုန်းနေတယ်။ ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ခွင့်ပြုရင်တပ်မတော်မှာ ပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်း၊ ခွင့်မဲ့စစ်ပြေးစစ်သည်တွေအနေနဲ့လည်း ဆက်သွယ်တင်ပြလာမှုတွေရှိပါတယ်။ ဒါကြောင့် သတ်မှတ်ကာလနဲ့ အကျုံးဝင်တဲ့စစ်သည်တွေကို သက်ဆိုင်ရာဒါမှမဟုတ် နီးစပ်ရာတပ်တွေမှာ ပြန်လည်လက်ခံပေးမှာဖြစ်ကြောင်းနဲ့ စစ်မှုထမ်းရန်ဆန္ဒပြုတဲ့ သာမန်ပြစ်မှုကျူးလွန်တဲ့ တပ်မတော်သားတွေကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးမယ်ဆိုပြီးမနေ့က ကျွန်တော်တို့ကြေညာချက်ထုတ်ခဲ့ပါတယ်။ ဒီလိုကြေညာချက်ထုတ်တဲ့အခါမှာတော့ ထုံးစံအတိုင်းပါပဲ ပြည်ဖျက်မီဒီယာတွေအနေနဲ့ရော တချို့ဟန်ဆောင်ထားတဲ့ မီဒီယာတွေပေါ့။ ဟန်ဆောင်ထားတဲ့မီဒီယာတွေဆိုတာကတော့ ကျွန်တော်ဆိုလိုတာက တပ်မတော်ကိုချစ်သယောင်၊ နိုင်ငံတော်ကိုချစ်သယောင်နဲ့ ဟန်ဆောင်ထားတဲ့မီဒီယာတွေလည်းရှိပါတယ်။ သို့သော် သူကသိတော့သိသာပါတယ်။ အခြေအနေအခွင့်အရေးပေးလာတာနဲ့ တစ်ပြိုင်နက် သူကတပ်မတော်ကိုထိုးနှက်တာပေါ့။ အဲဒီမှာဝေဖန်မှုတွေရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်နှစ်ပိုင်းခွဲပြီးပြောဖို့ရှိတယ်။ နံပါတ်(၁)ကတော့ စကားလုံးရှင်းရှင်းလင်းလင်းနဲ့ပြောရရင် စာအုပ်ကြီးအတိုင်း ကျွန်တော်ပြောမှာပေါ့ဗျာ။ ဥပဒေအတိုင်းပြောမှာပေါ့။ ဒါကတော့ စစ်စည်းကမ်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ လက်စွဲစာစောင်အမှတ်(၂)မှာ စစ်ပြေးမှုဆိုတာနဲ့ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုထားတာရှိတယ်။ စစ်ပြေးမှုဆိုတာက ယေဘုယျအားဖြင့် တပ်သို့ပြန်လာရန်ရည်ရွယ်ချက်မရှိသောခွင့်မဲ့ပျက်ကွက်ခြင်း ထပ်ပြောရမယ်ဆိုရင် တပ်သို့ပြန်လာရန်ရည်ရွယ်ချက်မရှိတဲ့ခွင့်မဲ့ပျက်ကွက်ဖြစ်ခြင်းကိုဆိုလိုတာဖြစ်တယ်။တပ်ကိုပြန်လာဖို့၊ စစ်မှုထမ်းဖို့ ရည်ရွယ်ချက်ရှိတယ်ဆိုရင် ဒါကိုစစ်ပြေးမှုမမြောက်ဘူးလို့ဆိုလိုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ မနေ့က ဒီဇင်ဘာ ၃ ရက်ရဲ့အရှေ့ပိုင်းမှာ ခွင့်မဲ့ပျက်ကွက်ကြေညာခံထားရသူများ တပ်မှာ စစ်မှုထမ်းရန်ရည်ရွယ်ချက်နဲ့ ပြန်လာမယ်ဆိုရင် စစ်ပြေးမှုအဖြစ်မသတ်မှတ်ဘဲခွင့်မဲ့ပျက်ကွက်မှုအဖြစ်သာသတ်မှတ်ပြီး စစ်သည်တွေကို




စစ်မှုထမ်းရန်လက်ခံဆောင်ရွက်သွားမှာဖြစ်ပါတယ်။နံပါတ်(၂)ကတော့ စိတ်ဓာတ်ရေးရာအပိုင်းပေါ့။ စိတ်ဓာတ်ရေးရာအပိုင်းအနေနဲ့ ဒီကြေညာချက်မထွက်ခင်ကတည်းက ဒီလိုလာပြီးစာနဲ့ဆန္ဒပြုတာတွေ လူကိုယ်တိုင်တွေ့ပြီးဆန္ဒပြုတဲ့လူတွေ ၅၀၀ ကျော်လောက်ရှိတယ်။ လက်ရှိအခြေအနေကိုကြည့်ပြီး ကျွန်တော်အစောပိုင်းကပြောသလို တစ်ခါစစ်သားဖြစ်ခဲ့ဖူးရင် တစ်သက်လုံးစစ်သားဆိုတဲ့ Once A Soldier Always A Soldier ဆိုတဲ့စိတ်ဓာတ်၊ ရဲဘော်စိတ် Esprit de Corps ပေါ့။ ရဲဘော်အချင်းချင်း အပေါ်မှာထားရှိတဲ့ သံယောဇဉ်တရား၊ မေတ္တာတရား၊ သစ္စာစောင့်သိမှုတရားတွေ အဲဒီစိတ်ဓာတ်တွေ ကျွန်တော်တို့စစ်သည်တိုင်း စစ်သည်တော်အသစ်တွေရော၊ စစ်သည်တော်အဟောင်းတွေမှာရောရှိပါတယ်။ ပြီးရင် မြန်မာစကားပုံအရ လက်သည်းဆိတ်လက်ထိပ်နာပေါ့။ ဒါတွေအရ ခွင့်မဲ့စစ်ပြေးတွေ၊ စစ်မှုထမ်းဟောင်းတွေ၊ ဆေးကျန်းမာရေးအခြေအနေကြောင့် ထွက်ခွင့်ကျထားတဲ့သူတွေက ဆက်သွယ်လာကြပါတယ်။ ဒီနေ့နေ့လယ်ပိုင်းထိ တပ်မတော်မှာစစ်မှုထမ်းဆောင်နိုင်ဖို့ ဆက်သွယ်လာတဲ့လူပေါင်းထောင်နဲ့ချီပြီးရှိသွားပြီဖြစ်ပါတယ်။ ဒီအထဲမှာ တချို့စိတ်ဓာတ်ပြင်းထန်တဲ့သူတွေဆိုရင် အသက်ကြီးနေပေမယ့်လည်း သူ့ကိုစစ်ဆင်ရေးတာဝန်ပဲပေးပါ ကျန်တဲ့တာဝန်မထမ်းဆောင်ချင်ဘူးလို့ ပြောပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ အသက်အရွယ်နဲ့ကျန်းမာရေးအခြေအနေအရလုံခြုံရေးတာဝန်ပဲပေးအပ်နိုင်မှာဖြစ်ပါတယ်။ဒါကြောင့် ကျွန်တော်ပြောလိုတာကတော့ စစ်သည်များ၊ စစ်သည်တော်ဟောင်းများအနေနဲ့ နိုင်ငံရဲ့ ဒီလိုအခြေအနေမျိုးမှာ ရဲဘော်စိတ် Esprit de Corps နဲ့ နိုင်ငံတော်တာဝန်ကိုထမ်းဆောင်ဖို့၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ရှပ်ရှပ်ချွံချွံထမ်းဆောင်ဖို့ ဒီလိုမျိုးဆက်သွယ်လာတာတွေကို အလေးအနက်ထားပါတယ်။ဂုဏ်ယူပါတယ်၊ ဂုဏ်ပြုပါတယ်လို့ ပြောကြားလိုပါတယ်။နောက်တစ်ခုကတော့ ထူးထူးခြားခြား ဒီနေ့ အမေရိကန်ရဲ့ West Department State Website ရဲ့ Country Report Of Terrorism 2022 ဆိုပြီးစာတမ်းတစ်ခုထွက်လာတာရှိတယ်။နိုင်ငံအလိုက်အကြမ်းဖက်မှုအစီရင်ခံစာပေါ့ဗျာ။အဲဒီမှာ PDF တွေအနေနဲ့ မြန်မာနိုင်ငံမှာအကြမ်းဖက်မှုတွေရဲ့ ၅၇ ရာခိုင်နှုန်းကိုကျူးလွန်နေတယ်။ KNLA၊ KNDF အနေနဲ့ ၁၄ ရာခိုင်နှုန်းကျူးလွန်နေတယ်ဆိုပြီး ထုတ်ပြန်ထားတာတွေ့ရပါတယ်။ ဒီအပေါ်မှာတော့ ဘာမှတ်ချက်မှမပေးလိုပါဘူး။ဒါကတော့ မြေပြင်မှာဒီထက်ပိုဆိုးပါတယ်။ မြန်မာနိုင်ငံကို အလုံးစုံပျက်သုဉ်းရေးအတွက် လုပ်ဆောင်နေတဲ့ အကြမ်းဖက်အဖွဲ့တွေဖြစ်ပါတယ်။ လူအပေါ်မှာတင်ပြစ်မှုကျူးလွန်တာမဟုတ်ဘူး။ ပြည်သူလူထုပိုင်တဲ့ အဆောက်အအုံတွေ၊ပြည်သူပိုင်အဆောက်အအုံတွေ၊ပြည်သူလူထု၊ပုဂ္ဂလိက၊တစ်ဦးချင်းပိုင်တဲ့ ပိုင်ဆိုင်မှုတွေအပေါ်မှာ အကြမ်းဖက်မှုကျူးလွန်နေတဲ့အဖွဲ့တွေဖြစ်ပါတယ်။ ဒါတွေကို နိုင်ငံတကာအသိုင်းအဝိုင်းကသိရှိပြီး မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုများအမြန်ဆုံးချုပ်ငြိမ်းနိုင်အောင်ဆောင်ရွက်ပေးကြဖို့၊ ဝိုင်းဝန်းပေးကြဖို့ ပြောကြားလိုပါတယ်။

ဒီနေ့မှာတော့ ကျွန်တော်တို့နယ်စပ်ဒေသတွေမှာ တရားမဝင်ဝင်ရောက်နေထိုင်တဲ့ အမျိုးသား ၁၁၅ ဦး၊ အမျိုးသမီး ၁၂ဦး ပေါင်း ၁၂၇ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတာဝန်ရှိသူများထံ ပြန်လည်အပ်နှံခဲ့ပါတယ်။ စုစုပေါင်း ၁၁၀၇၉ ဦးရှိပြီဖြစ်ပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံအနေနဲ့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စများကို ရင်းနှီးချစ်ကြည်စွာလက်တွဲဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုအခြေအနေမျိုးမှာပဲ တရုတ်စစ်ရေးယာဉ်တွေ မြန်မာနိုင်ငံကိုချစ်ကြည်ရေးခရီးလာရောက်လည်ပတ်တာကို နေမထိထိုင်မသာဖြစ်နေတဲ့ အနောက်နိုင်ငံအားပေးနေတဲ့၊ အနောက်နိုင်ငံရဲ့ထောက်ပံ့မှုပေးနေတဲ့ မီဒီယာများလည်းရှိပါတယ်။ အမျိုးမျိုးဝေဖန်မှုတွေရှိပါတယ်။ မည်သို့ပင်ဝေဖန်မှုတွေရှိပါစေ ကျွန်တော်တို့နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံတွေဖြစ်ပါတယ်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်ကို နှစ်ပေါင်းများစွာအစဉ်တစိုက်စောင့်ထိန်းလာခဲ့တဲ့နိုင်ငံတွေဖြစ်ပါတယ်။ ပြည်သူလူထုချင်း၊ အစိုးရချင်း၊ တပ်မတော်ချင်းရင်းနှီးစွာဆက်ဆံမှုရှိနေတဲ့နိုင်ငံတွေဖြစ်တယ်ဆိုတာပဲ ပြောကြားလိုပါတယ်။

ဒီနေ့မှာထိတွေ့တိုက်ပွဲဖြစ်ပွားမှုတွေအနေနဲ့ ရှမ်းပြည်နယ် မြောက်ဘက်ပိုင်း နမ့်ခမ်းမှာထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ လောက်ကိုင်မှာတော့ လောက်ကိုင်ရဲ့အရှေ့ဘက်နဲ့တောင်ဘက်မှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားနေတာတွေရှိပါတယ်။ ကရင်ပြည်နယ်ဘက်မှာတော့ ကော့ကရိတ်ကို အင်အားအလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်နိုင်ဖို့ လွန်ခဲ့တဲ့နှစ်ရက်လောက်ကတည်းက ဆောင်ရွက်ခဲ့တာရှိပါတယ်။ ဒီနေ့မှာတော့ ကော့ကရိတ်အနားက နေရာတစ်နေရာမှာပဲ အဝေးကနေပစ်ခတ်မှုရှိခဲ့ပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ပေါက်တောရဲစခန်းကိုအဝေးကနေ နှစ်ကြိမ်လာရောက်ပစ်ခတ်ခဲ့တာရှိပါတယ်။ ပဲခူးတိုင်းနဲ့ ကရင်ပြည်နယ်အနီးမှာတော့ မုန်းဘက်မှာဖြစ်နေတဲ့ဖြစ်စဉ်ရှိပါတယ်။ အဲဒီမှာလည်း မျိုးစုံပေါ့။ မုန်းမြို့ကိုတိုက်ခိုက်သိမ်းပိုက်ပြီးပြီတို့ ဘာတို့ပေါ့။ မုန်းဆိုတာတိုက်နယ်အဆင့်ရှိတဲ့ မြို့ငယ်တစ်ခုပဲဖြစ်ပါတယ်။ အဲဒီမှာရှိတဲ့ တပ်ရင်းနှစ်ရင်းစလုံးကို သိမ်းပိုက်ပြီးပြီလို့ ပြီးရင်မြို့ရဲ့အဝင်ဘက်ပေါ့ ဟိုဘက်ဖြူးဘက်ကနေဝင်တဲ့အဝင်ဘက်မှာရှိတဲ့ သံတံတားစခန်းကို သိမ်းပိုက်ပြီးပြီဆိုပြီး သတင်းလွှင့်နေတာတွေရှိပါတယ်။မနေ့ကလည်း ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ဒါနဲ့ပတ်သက်ပြီးနောက်ကွယ်ကနေပြီးတော့ နောက်ကွယ်က NUG၊ NUG ရဲ့ နောက်ကွယ်မှာရှိနေတဲ့ အဖွဲ့လည်းရှိပါသေးတယ်၊ နိုင်ငံလည်းရှိပါသေးတယ်။ နောက်ကွယ်ကနေပြီး အတင်းဖိအားပေးမှုကြောင့် သူတို့အနေနဲ့ မုန်းမြို့ကိုအင်အားအလုံးအရင်းနဲ့ တိုက်ခိုက်တာဖြစ်တယ်။ တိုက်ခိုက်တဲ့နေရာမှာ မနေ့ညကတည်းက ရန်သူ့ဘက်က အကျအဆုံးများစွာရှိပါတယ်။ ဒီနေ့မှာလည်း ကျွန်တော်တို့ မနက်ကတည်းကစပြီး ဆောင်ရွက်နေတာရှိပါတယ်။ လာရောက်တိုက်ခိုက်နေတာရှိတယ်။ မုန်းမြို့ရဲ့အရှေ့ဘက်အစွန်မှာ တပ်ရင်းတစ်ရင်းရှိပါတယ်။ ဒီတပ်ရင်းမှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ ဒီနေ့ညနေပိုင်းထိ အပြန်အလှန်ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိနေပါတယ်။ အစောပိုင်းကပြောခဲ့တဲ့ သံတံတားစခန်းနဲ့ နောက်ထပ်တပ်ရင်း တစ်ရင်းမှာတော့ အဝေးကနေပစ်ခတ်မှုလောက်ပဲရှိပါတယ်။ ဒီနေ့ကျွန်တော်ပြောချင်တာကတော့ နိုင်ငံတော်ရဲ့ဖြစ်ပေါ်နေတဲ့အခြေအနေတွေမှာ ယခင်တုန်းက တပ်မတော်သားဖြစ်ခဲ့ဖူးတဲ့ တပ်မတော်သားများရဲ့၊ တပ်မတော်သားဟောင်းများရဲ့ စိတ်ဓာတ်၊ တပ်မတော်ကိုချစ်ခင်မြတ်နိုးသူတွေရဲ့ စိတ်ဓာတ်တွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့များစွာဂုဏ်ယူမိပါတယ်။ များစွာအသိအမှတ်ပြုပါတယ်။ နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်အကြီးအကဲများအနေနဲ့လည်း ဒီစစ်သားစိတ်၊ ရဲဘော်စိတ် Esprit de Corps နဲ့ပတ်သက်ပြီး တပ်မတော်သည် အားလုံးတစ်သွေးတည်းတစ်သားတည်းရှိတယ်။ စစ်သည်များသည် အားလုံးတစ်သွေးတည်းတစ်သားတည်းရှိတယ်ဆိုတာပြသနိုင်တဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့တွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းရှိ အနော်ရထာခန်းမ၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မြိုင်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ငါးဦးတို့သည် ၎င်းတို့နှင့်အတူပါလာသည့် လက်လုပ်သေနတ်နှစ်လက်၊ ၉ မမကျည် ၁၀ တောင့်၊ ကျည်အိမ် လေးခုနှင့် ဆက်စပ်ပစ္စည်းများကို အပ်နှံကြရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများက လက်လုပ်သေနတ် တစ်လက်လျှင် ဆုကြေးငွေကျပ် ငါးသိန်းနှုန်းဖြင့် လက်လုပ်သေနတ် နှစ်လက်အတွက် ဆုကြေးငွေကျပ် ၁၀ သိန်းထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက လက်ခံရယူကြသည်။ ၎င်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လက်နက်၊ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးထံ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့ဝင် တစ်ဦးက ၎င်းနှင့်အတူပါလာသည့် လက်လုပ်သေနတ်ကို အပ်နှံစဉ်။**

# အလုံးစုံပျက်သုဉ်းရေးလုပ်ဆောင်နေသည့် အကြမ်းဖက်အဖွဲ့အစည်းများအား ဆန့်ကျင်ရှုတ်ချပွဲ ပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၄**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် မြို့တော်ခန်းမရှေ့ ပျဉ်းမနား-တောင်ညိုလမ်းပေါ်တွင် ယနေ့ညနေပိုင်းက အမျိုးသားရေးတက်ကြွလှုပ်ရှားသူများသည် အလုံးစုံပျက်သုဉ်းရေးကို လုပ်ဆောင်နေသော အကြမ်းဖက်အဖွဲ့များ၏အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချပွဲ ကျင်းပခဲ့ကြသည်။

အဆိုပါ ဆန့်ကျင်ရှုတ်ချပွဲကို အမျိုးသားရေးတက်ကြွလှုပ်ရှားသူများ၊ တည်ငြိမ်အေးချမ်းရေးကို လိုလားသူများ၊ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထောက်ခံအားပေးကြသူများ ဦးဆောင်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရပြီး နိုင်ငံတော်အတွင်း အချို့သောဒေသများ၌ အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူအသုံးပြုနေသည့် လမ်းတံတားများကို ဖျက်ဆီးခြင်း၊ လျှပ်စစ်တာဝါတိုင်များနှင့် ဆက်သွယ်ရေးတာဝါတိုင်များ၊ လျှပ်စစ်ဓာတ်အားပေးရုံများကို ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုများဆုံးရှုံးကာ ကုန်စည်ကူးသန်းရောင်းဝယ်ရေးများတွင် အခက်အခဲများ ကြုံတွေ့နေရပြီး ဒေသခံပြည်သူလူထုတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိသဖြင့် အကြမ်းဖက်မှုများ ပပျောက်ချုပ်ငြိမ်းစေရေး တည်ငြိမ်အေးချမ်းစွာဖြင့် မိမိတို့၏ဆန္ဒများကို ယခုကဲ့သို့ ဖော်ထုတ်ရခြင်းဖြစ်ကြောင်း ဆန့်ကျင်ရှုတ်ချပွဲကို တက်ရောက်လာသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဆန့်ကျင်ရှုတ်ချပွဲကို တက်ရောက်လာသူများအနေဖြင့် "မြန်မာပြည်တွင်းရေးကို နောက်ကွယ်မှ ဝင်ရောက်စွက်ဖက်နေသည့် နိုင်ငံများအား- ဆန့်ကျင်ကြ၊ နောက်ကွယ်ကနေ အကြမ်းဖက်အားပေးလုပ်ရပ်များ- ချက်ချင်းရပ်၊ ဒို့နိုင်ငံပျက်စီးအောင် အဖျက်သမားအားပေးနိုင်ငံများ- အလိုမရှိ၊ နိုင်ငံတော်အား ကာကွယ်ရေး- ဒို့ပြည်သူအားလုံးပါဝင်ပေး၊ အလုံးစုံပျက်သုဉ်းရေး လုပ်ဆောင်နေတဲ့ အကြမ်းဖက်လုပ်ရပ်များ- အလိုမရှိ" စသည့် ကြွေးကြော်သံများကို ကြွေးကြော်ခဲ့ကြကြောင်းနှင့် ဗွီနိုင်း၊ ပိုစတာများ ကိုင်ဆောင်ကာ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။





**အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက အလုံးစုံပျက်သုဉ်းရေးကို လုပ်ဆောင်နေသော အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချပွဲ ပြုလုပ်စဉ်။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့်ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Nove Mber" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှာငံမြို့ ရွာမရပ်ကွက်နေ ခင်ပြည့်ဖြိုးကို နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ "Phyo Lay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄)ရပ်ကွက်နေ ကျော်ဇင်ဦး(ခ) စအိဒ္ဒလ်လာကို နံနက် ၁၁ နာရီတွင်လည်းကောင်း၊ "Shine Aung 322" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မြို့သစ်(၄)ရပ်ကွက်နေ ရှိုင်းဝဏ္ဏအောင် (ခ) ရှိုင်းအိုက်ကို နံနက် ၁၁ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "thihakyaw 1000" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ပြည်ကြီးတံခွန်မြို့နယ် (ည) ရပ်ကွက်နေ သီဟကျော် (ခ)ကျော်ကြီးကို ည ၇ နာရီတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မူဆယ်မြို့နယ် နမ့်ခွမ်ကျေးရွာအနီးသို့ တပ်မတော်မှလေကြောင်းအသုံးပြု၍ ပုံးကြဲတိုက်ခိုက်မှုကြောင့် ကလေးငယ် တစ်ဦးအပါအဝင် ပြည်သူသုံးဦးသေဆုံးဟု သတင်းတု၊ သတင်းအမှားများဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့နယ် နမ့်ခွမ်ကျေးရွာအနီးသို့ ဒီဇင်ဘာ ၃ ရက် ည ၁၁ နာရီခန့်တွင်တပ်မတော်မှလေကြောင်း အသုံးပြု၍ ပုံးကြဲတိုက်ခိုက်ခဲ့ကြောင်းနှင့် အသက်လေးလအရွယ်ကလေးငယ်တစ်ဦး အပါအဝင် ဒေသခံပြည်သူ သုံးဦးသေဆုံးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများ၌မဟုတ်မမှန် သတင်းမှားများ ထုတ်လွှင့်ဖော်ပြလျက်ရှိသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် နယ်မြေဒေသ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်မှု ချေမှုန်းရေးစစ်ဆင်ရေးများ ကိုဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃ ရက်တွင် မူဆယ်မြို့နယ် နမ့်ခွမ်ကျေးရွာအနီး၌ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားစဉ် အကြမ်းဖက်သမားများပစ်ခတ်သောလက်နက်ကြီးကျည်များ ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး တပ်မတော်မှ အဆိုပါဖြစ်စဉ်နေရာသို့ လေကြောင်းအသုံးပြု၍ ပုံးကြဲတိုက်ခိုက်ခဲ့ခြင်းမရှိကြောင်းနှင့်တပ်မတော်နှင့်ပြည်သူပူးပေါင်း၍ အကြမ်းဖက်မှုနှိမ်နင်းရေးဆောင်ရွက်နေမှုများကို မလိုလားသည့် တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူလူထုနှင့် တပ်မတော်ကြားသွေးကွဲစေရန် ရည်ရွယ်ချက်ဖြင့် သတင်းအမှား၊ သတင်းအတုများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်းသတင်းရရှိသည်။







# လူမှုကွန်ရက်စာမျက်နှာများ၌ အချက်အလက်တိကျခိုင်မာမှုမရှိသည့် သတင်းတု၊ သတင်းအမှားများဖြင့် ဝါဒဖြန့်ရေးသားလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ တောင်ဘက် ၁၀ မိုင်ခန့်အကွာ ကလေး-တမူးလမ်းမပေါ်ရှိ ထန်းတပင်ကျေးရွာကို ဒီဇင်ဘာ ၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ရှိကျေးရွာ နှစ်ရွာကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းစသည်ဖြင့်အချက်အလက်တိကျခိုင်မာခြင်းမရှိသည့် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများ၌ ဖြန့်ဝေရေးသားလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံများကိုဆက်သွယ်မေးမြန်းချက်များအရ အဆိုပါကျေးရွာများနှင့် အနီးတစ်ဝိုက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှုပ်ရှားသွားလာမှုမရှိကြောင်း သိရှိရပြီး တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် ဒေသခံပြည်သူများ ကြောက်ရွံ့ထိတ်လန့်လာစေရန်၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အားကိုးယုံကြည်မှု နည်းပါးလာစေရန်အတွက် ယခုကဲ့သို့ အခြေအမြစ်မရှိသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် ရည်ရွယ်ချက်ရှိရှိဖြင့် ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရှိရသည်။

# ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းတိုက်ပွဲတွင် တပ်မတော်မှ ဓာတုဓာတ်ငွေ့ပုံးများ အသုံးပြု၍ တိုက်ခိုက်ခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း AA အကြမ်းဖက်အဖွဲ့နှင့် တပ်မတော်နှင့် ထိတွေ့တိုက်ပွဲများတွင် တပ်မတော်က လေကြောင်းအသုံးပြု၍ ဓာတုဓာတ်ငွေ့ပုံးများဖြင့် တိုက်ခိုက်နေသည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာအချို့က မဟုတ်မမှန် သတင်းများOnlineမီဒီယာများတွင်ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် အကြမ်းဖက်မှု ချေမှုန်းရေးစစ်ဆင်ရေး ဆောင်ရွက်ရာတွင် ထိရောက်သော လက်နက်ကြီးပစ်ကူနှင့် လေကြောင်းပစ်ကူရယူပြီး တပ်မတော်သားများ၏ ရှပ်ရှပ်ချွံချွံတိုက်ခိုက်မှုများကြောင့် AA အကြမ်းဖက်အဖွဲ့များသည်အကျအဆုံးများလာပြီး ၎င်းတို့အဖွဲ့အတွင်းစိတ်ဓာတ်ပျက်ပြားကာ တိုက်လိုခိုက်လိုစိတ်မရှိကြတော့သဖြင့် တပ်မတော်မှဓာတုဓာတ်ငွေ့ပုံးများအသုံးပြုသည်ဟု မဟုတ်မမှန်လုပ်ကြံ၍ တရားမဝင် ပြည်ဖျက်မီဒီယာများအား ကိုးကာသတင်းမှားများ ထုတ်လွှင့်ခြင်းသာဖြစ်ကြောင်းနှင့် တပ်မတော်မှ လေကြောင်းပစ်ကူရယူရာတွင် ဓာတုဓာတ်ငွေ့ပုံးများအား မည်သည့်တိုက်ပွဲများတွင်မှ အသုံးပြုတိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း တပ်မတော်အနေဖြင့် နယ်မြေဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေးများကို ထိရောက်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။





### “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ပျော်ရွှင်ဆင်နွှဲတန်ဆောင်တိုင်ပွဲ”** ခေါင်းစဉ်ဖြင့် ၆-၁၂-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **“အမျိုးသားနေ့အနှစ်သာရများကို ဖော်ဆောင်ကြစေရေး”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊နေရပ်လိပ်စာ၊အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။


# ကလောနှင့် နမ့်စန်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ကလောမြို့နယ် ဘော်နင်းကျေးရွာအုပ်စု ဘော်နင်းကျေးရွာရှိ မောင်ဆန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၈၀၀ ကိုလည်းကောင်း၊ ဒီဇင်ဘာ ၃ ရက် နံနက် ၁၁နာရီခွဲတွင် နမ့်စန်မြို့နယ် မက်မွန်မုန်းကျေးရွာအုပ်စု နမ့်မော်ခေါက်ဆင့်ကျေးရွာအနီးတွင် မနန်းသန်းလှ မောင်းနှင်ပြီး မနန်းဆိုင်ဟန်လိုက်ပါလာသည့် Honda Fit အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှစိတ်ပြောင်းဆေးဝါး Happy Water တစ်ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကိုမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမတြားစီရင်စုရှိ မာရာပီမီးတောင် ပေါက်ကွဲမှုဖြစ်ပွား



**ဂျကာတာ ဒီဇင်ဘာ ၄**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမတြားစီရင်စုရှိ မာရာပီမီးတောင်သည် ဒီဇင်ဘာ ၃ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင်အတွင်းမှ ချော်ရည်ငွေ့များ မီးတောင်အထက် မီတာ ၃၀၀၀ ခန့်ထိ ထွက်ပေါ်မှုဖြစ်ပွားခဲ့ကြောင်း အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မီးတောင်ပေါက်ကွဲမှုသည် အန္တရာယ်ရှိသည့်အခြေအနေ ဖြစ်သည့်အတွက်ကြောင့် မီးတောင်ထိပ်ဝနှင့် သုံးကီလိုမီတာအကွာအတွင်း သွားလာလှုပ်ရှားမှုမပြုလုပ်ရန် အင်ဒိုနီးရှားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအေဂျင်စီက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"မာရာပီမီးတောင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပါတယ်။ မီးတောင်အတွင်းကနေ ချော်ရည်ငွေ့တွေထွက်ပေါ်နေပါတယ်။ ချော်ရည်ငွေ့တွေက မီးတောင်အထက် မီတာ ၃၀၀၀ လောက်ထိ ရောက်ရှိနေပါတယ်။ မီးတောင်အနီးနေထိုင်တဲ့ ဒေသခံတွေအနေနဲ့ ဘေးလွတ်ရာ ရွှေ့ပြောင်းရမဲ့ အခြေအနေမဟုတ်သေးပေမဲ့ ချော်ရည်ငွေ့ကြောင့် နေအိမ်အတွင်းမှာပဲ နေထိုင်သွားဖို့ သတိပေးချက်ထုတ်ပြန်ထားပါတယ်"ဟု အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆက်တီယာဝန်က ပြောကြားခဲ့သည်။

မာရာပီမီးတောင်အနီးတွင် နေထိုင်သောဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားချက် ထုတ်ပြန်ခြင်းမရှိသေးသော်လည်း နေအိမ်အတွင်း၌သာနေထိုင်သွားရန် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း၊ မီးတောင်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသော ချော်ရည်ငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်လာနိုင်သည့် အခြေအနေဖြစ်နေကြောင်း၊ မာရာပီမီးတောင်သည် အင်ဒိုနီးရှားနိုင်ငံတွင်ရှိသော မီးတောင်များအနက် သက်ဝင်လှုပ်ရှားမှုနှုန်း အမြင့်မားဆုံးမီးတောင်တစ်ခုဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ဖိလစ်ပိုင်နိုင်ငံတွင် မြေငလျင်ကြောင့် ရွှေ့ပြောင်းခဲ့ရသောဒေသခံများကို နေရပ်ပြန်ခွင့်ပြု

**မနီလာ ဒီဇင်ဘာ ၄**

ဖိလစ်ပိုင်နိုင်ငံ ဆူရီဂါအိုဒယ်ဆာစီရင်စုနှင့် ဒါဗာအိုအိုရီယန်တယ်စီရင်စုတို့တွင် ဒီဇင်ဘာ ၂ ရက်က ပြင်းအား ၇ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့သဖြင့် လူတစ်ဦးသေဆုံးခဲ့ပြီး ဒေသခံအမြောက်အမြားဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရရာ ယနေ့တွင် ငလျင်အခြေအနေ တည်ငြိမ်သွားပြီဖြစ်သောကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသောဒေသခံများကို နေရပ်သို့ ပြန်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သေဆုံးသူတစ်ဦးမှာ အမျိုးသမီးဖြစ်ပြီး နေအိမ်နံရံပြိုကျမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဖိလစ်ပိုင်အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း၊ ငလျင်ကြောင့် ဖိလစ်ပိုင်နိုင်ငံနှင့် ရေဧရိယာချင်း ထိစပ်နေသော ဂျပန်နိုင်ငံတွင်လည်း ဆူနာမီလှိုင်း သတိပေးချက် ထုတ်ပြန်ခဲ့ရကြောင်း သိရသည်။

"ငလျင်လှုပ်ခတ်ခဲ့ပြီး နောက်ဆက်တွဲပြဿနာဖြစ်တဲ့ ဆူနာမီလှိုင်း ဝင်လာနိုင်တဲ့အခြေအနေဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ အခြေအနေတွေ ပြန်လည်တည်ငြိမ်သွားပြီဖြစ်တဲ့အတွက် ဒေသခံတွေကို နေရပ်ပြန်ခွင့်ပြုလိုက်ပါတယ်"ဟု ဖိလစ်ပိုင် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ဆူရီဂါအိုဒယ်ဆာစီရင်စုရှိ ကမ်းခြေဒေသများတွင် ပျက်စီးဆုံးရှုံးမှုပမာဏ များပြားခဲ့ကြောင်း၊ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများအနေဖြင့် နေရပ်သို့ ပြန်လာခွင့်ရခဲ့ပြီဖြစ်သော်လည်း ပျက်စီးမှုပမာဏ များပြားခဲ့သော ဒေသခံများမှာ နေအိမ်များတွင် ပုံမှန်အတိုင်း ပြန်လည်နေထိုင်နိုင်ရေးအတွက် ဒေသအလိုက်မှ အာဏာပိုင်အဖွဲ့အစည်း၏ အကူအညီလိုအပ်နေကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# တန်ဇန်းနီးယားနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် လူ ၄၇ ဦးသေဆုံးပြီး ၈၅ ဦးဒဏ်ရာရ

**ဒိုဒိုမာ ဒီဇင်ဘာ ၄**

တန်ဇန်းနီးယားနိုင်ငံ မြောက်ပိုင်းဒေသများတွင် ဒီဇင်ဘာ ၂ ရက်က မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုကြောင့် အနည်းဆုံးလူ ၄၇ ဦးသေဆုံးပြီး ၈၅ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အာဖရိကနိုင်ငံ တစ်နိုင်ငံဖြစ်သော တန်ဇန်းနီးယားနိုင်ငံတွင် ဒီဇင်ဘာ ၂ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ ဒီဇင်ဘာ ၃ ရက်ထိစာရင်းများအရ အနည်းဆုံး လူ ၄၇ ဦး သေဆုံးပြီး ၈၅ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဆက်လက်၍လည်း သေဆုံးသူအရေအတွက် တိုးလာနိုင်သေးကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ထုတ်ပြန်ခဲ့သည်။

ရေကြီးရေလျှံမှုများသည် မြို့တော်ဒိုဒိုမာနှင့် ၁၈၆ မိုင်ခန့်ကွာဝေးသော ကာတက်ရှ်မြို့အနီး တစ်ဝိုက်တွင် အဓိကဖြစ်ပွားလျက်ရှိပြီး မိုးရွာသွန်းမှုကြောင့် လမ်းများပေါ်တွင် ရွှံ့များ၊ သစ်ပင်များ၊ ကျောက်တုံးများဖြင့် ပိတ်ဆို့လျက်ရှိကြောင်း သိရသည်။



ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ(COP 28)သို့ တက်ရောက်နေသည့် ဒူဘိုင်းမြို့သို့ ရောက်ရှိနေသော တန်ဇန်းနီးယားသမ္မတ ဆမီယာဆူလာဟူဟက်ဆန်က လက်ရှိဖြစ်ပွားနေသော ရာသီဥတုဆိုင်ရာ အကျပ်အတည်းအတွက် ဝမ်းနည်းကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများပိုမိုလုပ်ကိုင်ကြရန် ညွှန်ကြားထားကြောင်း ပြောကြားသွားခဲ့သည်။

**Ref : Sputnik News**
**Trs : AZH**

# COP 28 ညီလာခံတက်ရောက်သူများကို ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်သော ကျန်းမာရေးပြဿနာများ ဖြေရှင်းပေးရန် ဆန္ဒထုတ်ဖော်တောင်းဆို

**အဘူဒါဘီ ဒီဇင်ဘာ ၄**

အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့၌ ကျင်းပနေသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ(COP 28)သို့ တက်ရောက်လာသော နိုင်ငံအသီးသီးမှကိုယ်စားလှယ်များကို ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်အခြေစိုက် အပြည်ပြည်ဆိုင်ရာ ဆေးဘက်ဆိုင်ရာကျောင်းသားများအသင်းမှ အသင်းဝင်များက ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်သော ကျန်းမာရေးပြဿနာများကို ဖြေရှင်းပေးရန် ဆန္ဒထုတ်ဖော်တောင်းဆိုခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

COP 28 ညီလာခံသို့ တက်ရောက်လာသော နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များသည် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး သဘောတူညီချက်များကိုသာ ဦးစားပေးဆွေးနွေးနေကြောင်း၊ ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲဆိုးကျိုးများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်မှုများပြုလုပ်ရန်၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပွားခဲ့သော ရောဂါဝေဒနာရှင်များကို ကူညီပံ့ပိုးရန်အတွက် COP 28 ညီလာခံကျင်းပသည့် ခန်းမရှေ့တွင် ဆန္ဒထုတ်ဖော် တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

"ရာသီဥတုပြောင်းလဲမှုကြောင့် ဆေးဘက်ဆိုင်ရာ လောကမှာလဲ ပြဿနာတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဆေးဘက်ဆိုင်ရာ လောကမှာလဲ ရိုက်ခတ်မှုပြင်းထန်ခဲ့ပါတယ်"ဟု အပြည်ပြည်ဆိုင်ရာ ဆေးဘက်ဆိုင်ရာ ကျောင်းသားများအသင်းမှ အသင်းဝင် ကနေဒါနိုင်ငံသား ဂျိုးဆပ်ဗီပွန်က ပြောကြားခဲ့သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ဆိုးရွားစွာပျံ့နှံ့ခဲ့သော ရောဂါဝေဒနာများမှာ ငှက်ဖျားရောဂါနှင့် ကာလဝမ်းရောဂါများဖြစ်ပြီး အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူလျှပ်ဖြစ်စဉ်ဖြင့် သေဆုံးသူအမြောက်အမြားရှိခဲ့ကြောင်း၊ ထို့ပြင် လေထုညစ်ညမ်းမှုများကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဝေဒနာခံစားခဲ့ရသူများနှင့် သေဆုံးခဲ့သူလည်း အမြောက်အမြားရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်အပါအဝင် အင်အားကြီးနိုင်ငံများရှိ ထိပ်သီးဘဏ်များကလည်း ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်သော ရောဂါဝေဒနာခံစားရမှုများအတွက် ရန်ပုံငွေထူထောင်ရေးနှင့်ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ထုတ်ပြန်ထားသည်။

**Ref : Russia Today**
**Trs : Sai Sat**

## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြံစွာကိုင် ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



# အတွေးတစ်စ၏နောက်ကွယ်

ပိုင်ဆု(ပညာရေး)



(၁)

"ဟိုမှာ ဇော်ကြီးလာနေပြီ"

စိုးရိမ်တကြီးအသံဖြင့်ပြောရင်း အနားကနေ ကမန်းကတန်းထွက်သွားသော ဖိုးထူးကြောင့် သူလည်း ထိုင်နေသည့်ပလက်ဖောင်းပေါ်မှ ထလိုက်တော့သည်။ ထိုစဉ်မှာပင် သောက်လက်စ စီးကရက်ကိုလက်ကြား ညှပ်ရင်း လူမိုက်ဆန်သောအကြည့်ဖြင့် ဇော်ကြီးသည် သူ့အနားသို့ရောက်လာတော့သည်။ သူလည်း မသိချင်ယောင်ဆောင်ပြီး တစ်ဖက်ကားလမ်းကိုသာ ငေးကြည့်နေလိုက်သည်။ ဇော်ကြီးသည် သူ့ထက် တစ်နှစ်ကြီးသည်။ အသက် ၁၂ နှစ်ခန့်သာရှိသော်လည်း ဆေးလိပ်သောက်၊ ကွမ်းစားပြီး မိုက်ကြေးခွဲသည့် နေရာတွင်လည်း နာမည်ဆိုးဖြင့် ကျော်ကြားသော ကြောင့် သူတို့ကျင်လည်ရာ ပတ်ဝန်းကျင်တွင် ဇော်ကြီးကို တတ်နိုင်သမျှရှောင်ကြသည်။

ဇော်ကြီး၏လက်တစ်ဖက်သည် သူ၏ပခုံးပေါ်သို့ ရောက်လာသည်။ သူလည်းဇော်ကြီး၏လက်ကို ပုတ်ချလိုက်ပြီး မျက်နှာချင်းဆိုင်ကြည့်လိုက်သည်။

"ဖိုးထူးကို တွေ့မိလား သက်ဦး"

"ဖိုးထူးကို ငါကလိုက်ကြည့်နေတာမှမဟုတ်တာ။ ဖိုးထူးကိုတွေ့ချင်ရင် မင်းလိုက်ရှာပေါ့"

သူ့ကိုမေးလာသော ဇော်ကြီးကို ခပ်ပြတ်ပြတ်ပင်ပြန်ဖြေလိုက်သည်။ ဇော်ကြီးသည် သူ့ကို မကျေနပ်သည့်ဟန်ဖြင့် စိုက်ကြည့်သွားကြောင်း မျက်နှာလွှဲထားသော်လည်း သူသိလိုက်သည်။ ဇော်ကြီးအပါအဝင် သူတို့သည် ကားမီးပွိုင့်လမ်းဆုံများတွင် ရပ်ထားသော ကားများထံမှ ပိုက်ဆံလိုက်တောင်းကြသော ကလေးများပင်ဖြစ်သည်။ တချို့ကတော့ မိသားစုစားဝတ်နေရေးအဆင်မပြေ၍ သည်အလုပ် လုပ်ကြသည်။ တချို့ကလေးများကတော့ ငွေကို အလွယ်ရသည့်အတွက် သည်အလုပ်ကို လုပ်ကိုင်ကြသည်။ ငွေကို အလွယ်ရရာမှ ပျက်စီးခြင်းအကြောင်းတရားများနှင့် ထိတွေ့ပြီး ဘဝကိုအဓိပ္ပာယ်မဲ့ ဖြုန်းတီးသွားနေကြသော ကလေးများလည်း အများအပြားရှိသည်။ ဇော်ကြီးကတော့ ညစ်ထည်းနေသောအင်္ကျီကြီးကို ဝတ်ဆင်ပြီး စီးကရက်ကိုအမြဲတမ်းဖွာနေတတ်သည်။ ဇော်ကြီး၏ပုံစံသည် မြင်သူတိုင်းက စေတနာပျက်ပြီး ပေးချင်ကမ်းချင်စိတ် မဲ့စေလှသည်။ သို့သော် ဇော်ကြီးသည် သူတောင်းစားချင်း ခွက်စောင်းခုတ်ဆိုသလို ဘဝတူ တောင်းစားသူများထံမှ မိုက်ကြေးခွဲပြီး အနိုင်ကျင့် ပြန်လည်တောင်းရမ်းလေ့ရှိသည်။ ဇော်ကြီး အနိုင်မကျင့်ရဲသည်ကတော့ သူတစ်ဦးပင်ရှိသည်။ သူကလည်း ဇော်ကြီးကို ခပ်တန်းတန်းနေပြီး သူ့အလုပ်သာ သူလုပ်ခဲ့သည်။ ဇော်ကြီး ပြဿနာမရှာရဲသည်မှာလည်း မထူးဆန်းပေ။ သူ့အမည်သည် သက်ဦး။ နာမကျန်းဖြစ်နေသော အမေနှင့် ညီမလေး နှစ်ဦးကို လုပ်ကျွေးနေသူဖြစ်သည်။ အဖေဖြစ်သူက လူသုံးဦးကိုသတ်ပြီး ထောင်ကျနေသူ။ သူကိုယ်တိုင်ကလည်း အသက် ၁၁ နှစ်သာရှိသော်လည်း မဟုတ်မခံစိတ်ရှိပြီး လက်ရဲဇက်ရဲနိုင်လှသူဖြစ်သည်။ သို့သော် သူသည် ဇော်ကြီးကဲ့သို့ မတရားအနိုင်ကျင့်သူတော့ မဟုတ်ပေ။

(၂)

"သွားပါဆိုတာကို မသွားဘူး။ ဟိုမှာ ပွိုင့်က လွတ်သွားပြီ။ ကဲကွာ အသုံးမကျအုံး"

ဇော်ကြီးသည် အသက်ကိုးနှစ်အရွယ် ဇင်မောင်ဆိုသော ကောင်လေးကိုပြောနေရင်းနှင့် ခေါင်းကို ရိုက်ချလိုက်သည်ကို သူတွေ့လိုက်သည်။ စိတ်ထဲမကျေနပ်သော်လည်း ကိုယ်နှင့်မဆိုင်၍ ဝင်မပါတော့ပေ။

"ဟေ့ကောင်ဖိုးထူး လာအုံး။ ငါ့ကို ငွေ ၂၀၀ လောက်ပေးစမ်း"

ဖိုးထူးသည် ဇော်ကြီးကို မပေးချင်ပေးချင်ပုံစံဖြင့် ငွေ ၂၀၀ ကို ထုတ်ပေးလိုက်သည်။ ထို့နောက် ဇော်ကြီးသည် တစ်ဖက်ကားလမ်းသို့ ကူးသွားသည်။ ဇော်ကြီးကို ကားမှတ်တိုင်မှ ခရီးသွားတချို့က မနှစ်မြို့သည့်ပုံစံများဖြင့် ကြည့်နေကြမှန်း သူသတိထားမိလိုက်သည်။ သူ့ကိုယ်သူ အဟုတ်ကြီးထင်နေသော ဇော်ကြီး တစ်နေ့နေ့တော့ ဒုက္ခတွေ့လိမ့်မည်ဟု သူ စိတ်ထဲတွေးလိုက်သည်။

"ဟူး စိတ်ညစ်လိုက်တာ သက်ဦးရာ"

"စိတ်မညစ်နဲ့ ဖိုးထူး မင်းတို့အသုံးမကျလို့ အခုလိုခံနေရတာ။ မင်းတို့က အခုလိုကြောက်ပြလေ ဒီကောင်က ပိုပြီးရောင့်တက်လေပဲ။ ဘဝတူအချင်းချင်း အခုလိုလုပ်နေတာ မကောင်းပါဘူးကွာ။ အေး. . . ငါ့ကို လုပ်ကြည့်စမ်း ဒီကောင် ဘာဖြစ်သွားမယ်ထင်လဲ"

သူ၏ပြောစကားများကို ဘာမျှပြန်မပြောဘဲ မျက်နှာငယ်နှင့် နားထောင်နေရှာသော ဖိုးထူးကို မြင်တော့ စိတ်ထဲမကောင်းသည်တော့ အမှန်ပင်။ ဇော်ကြီး မည်မျှအနိုင်ကျင့်ပါစေ။ အားလုံးကမည်သို့မျှတုံ့ပြန်ခဲ့ခြင်းမရှိသည့်အတွက် ဇော်ကြီး ပို၍မာန်တက်နေခြင်းသာဖြစ်သည်။ အမှန်တော့ ဇော်ကြီးတို့၊ ဖိုးထူးတို့သည် သည်ဝန်းကျင်တွင် ကျင်လည်သည်မှာ အတော်ကြာပြီဖြစ်သည်။ သူကတော့ တစ်လခန့်သာ ရှိဦးမည်။ ယခုမှ ကျင်လည်ကျက်စားလာသော သူ့ကို ဇော်ကြီး အပါအဝင် မည်သူကမျှ ကန့်ကွက်ခဲ့ခြင်း မရှိပေ။ သူ၏အကြောင်းကိုလည်း ဖိုးထူးက အားလုံးကို ဖောက်သည်ချထားပြီးဖြစ်သည်။ ဇော်ကြီးသည် သူ့ကို ပြဿနာမရှာသော်လည်း သူနှင့်ပူးပေါင်းလိုသည့်ဆန္ဒရှိမှန်း သူသိသည်။ သို့သော် သူ့ဘက်က အမြဲလိုလို တင်းမာရင်းသာ နေခဲ့သည်။ သည်အလုပ်ကိုမလွှဲသာ၍သာ လုပ်နေရသော်လည်း သဘောတွေ့လှသည်တော့ မဟုတ်ပေ။

(၃)

သူနေထိုင်ရာ ကျူးကျော်ရပ်ကွက်ထဲသို့မဝင်မီ လမ်းထိပ်ရှိ ချိုးဖြူပိုက်လုံးဘေးတွင် ခြေပစ်လက်ပစ် ထိုင်လိုက်သည်။ သူ၏အတွေးထဲတွင် ကပ်ပါလာသော ပုစ္ဆာတစ်ပုဒ်၏အဖြေကို စဉ်းစားနေမိသည်။ အိမ်ပြန်လာရာလမ်းတွင်ရှိသော စာသင်ကျောင်းအနီးရောက်

❖ ဖိုးထူးဆီကကြားရသောစကားကြောင့် သူ စိတ်မကောင်းဖြစ်ခဲ့ရသည်။ အမှန်တကယ်တော့ ဇော်ကြီးသည် သူ့အပေါ် ဗိုလ်ကျခဲ့ခြင်း မရှိပေ။ အများအတွက်သာ သူက မခံမရပ်နိုင်ဖြစ်ခဲ့ရခြင်းဖြစ်သည်။ သို့သော်လည်း အခြားသူများအားလုံးက ဇော်ကြီးကို မည်သို့မျှမတုံ့ပြန်ဘဲ နားလည်ပေးနိုင်ခဲ့ကြသည်။ သူကသာ ဇော်ကြီး၏ဘဝအမှန်ကို မသိခဲ့ခြင်းကြောင့် အထင်လွဲခဲ့သည့်အပြင် ဇော်ကြီးကို မတော်တဆ ပုံစံမျိုးဖြင့် ကားများကြားလုပ်ကြံရန် စီစဉ်ထားခဲ့သေးသည်။ ❖

တော့ ထိုစာသင်ကျောင်းလေး၌ ကျင်းပနေသော စာပေဟောပြောပွဲမှ ဟောပြောနေသူ၏အသံကို အတိုင်းသားကြားလိုက်ရသည်။ ထို့ကြောင့် သူလည်း စာသင်ကျောင်းအုတ်နံရံဘေးတွင်ထိုင်ပြီး စိတ်ဝင်တစားနားထောင်နေခဲ့လိုက်သည်။ ကလေးများအပြစ်ကျူးလွန်လျှင် ထောင်ကျနိုင်လားဆိုသည့်မေးခွန်းနှင့် ပတ်သက်ပြီး ပြောကြားနေခြင်းကြောင့် သူနားထောင်နေခဲ့ခြင်းသာဖြစ်သည်။ ထိုအကြောင်းအရာများက သူ့အတွေးထဲသို့ ယခုထိတိုင် ကပ်ပါလာခဲ့သည်။ အသက် ၁၀ နှစ်အောက်ကလေးများ ပြစ်မှုကျူးလွန်လျှင် ထောင်ချ၍ မရဘူးဆိုသည့်အကြောင်းနှင့်အသက် ၁၂ နှစ်ကျော်မှသာ ပြစ်မှုကျူးလွန်လျှင် အရေးယူနိုင်ကြောင်း သူကြားခဲ့ရသည်။ သူကတော့ ၁၁ နှစ်သာ ရှိသေးသည်။ ၁၀ နှစ်မှ ၁၂ နှစ်ကြား ကလေးများ ပြစ်မှုကျူးလွန်လျှင် ဖြစ်ရပ်အကြောင်းအရာပေါ် မူတည်ပြီး ဆုံးဖြတ်ရသည်။ မသိ၍ဖြစ်စေ၊ မတော်တဆဖြစ်စေ ကျူးလွန်မိပါက ပြစ်မှုမမြောက်ဘူးဆိုသည့်အကြောင်း သူကြားသိခဲ့ရသည်။ ထို့အတူ သူ့အတွေးထဲတွင် တစ်ပါတည်းကပ်ပါလာသည်က ဇော်ကြီးပင်ဖြစ်သည်။ ဇော်ကြီးကို သူပညာပေးချင်သည်။ ဘဝတူချင်း ကျီးလန့်စာစားနေရသည့် မြင်ကွင်းများကို သူရွံရှာလာသည်။ ထိုအရာများအားလုံး အဆုံးသတ်သွားရန်အတွက် ဇော်ကြီးပျောက်ကွယ်သွားမှဖြစ်မည်ဆိုသည်က သူ့အတွေးတွင် စိုးမိုးလာသည်။ ကျောင်းမတက်ခဲ့ရသော်လည်း သူများထက်တွေးခေါ်တတ်သော ဉာဏ်ရည်က သူ့တွင် ပါလာခဲ့သည်။ မတော်တဆဖြစ်ရပ်တစ်ခုကို အားလုံးအတွက် သူဖန်တီးရတော့မည်။

"တွေ့ကြသေးတာပေါ့ ဇော်ကြီးရာ"

သူ့စိတ်ထဲက ကြုံးဝါးလိုက်ခြင်းဖြစ်သည်။ ဇော်ကြီး၏ နေဝင်ချိန်ကို သူကြိုတွေးရင်း ပြုံးနေမိသည်။ သူ အပါအဝင် အခြားဘဝတူများအားလုံးလည်း ဇော်ကြီး မရှိလျှင် ပျော်ရွှင်ကြမည်မှာ အသေအချာပင်ဖြစ်ပေလိမ့်မည်။

(၄)

ကျက်စားရာ ကားမှတ်တိုင်နားရောက်တော့ မည်သူမျှ မတွေ့။ သူအစောဆုံးသာ ရောက်နေခြင်းဖြစ်သည်။ ဇော်ကြီးကိုလည်း မတွေ့ရသေး။ သိပ်မကြာမီ ဖိုးထူးနှင့် ဇင်မောင်တို့ ရောက်လာသည်။ မျက်နှာများ မကောင်းကြပေ။ ငိုထားကြပုံရှိမှန်း သတိထားမိသည်။ ဇော်ကြီး အနိုင်ကျင့်လိုက်ပြန်ပြီလားဟု သူ တွေးလိုက်မိသည်။

"ဖိုးထူး ဘာဖြစ်လို့လဲ။ မင်းတို့မျက်နှာလဲ မကောင်းကြပါလား"

"ဇော်ကြီး ဆုံးသွားပြီကွ အဲဒါကြောင့်ပါ"

ဖိုးထူး၏ အဖြေကြောင့် သူအံ့အားသင့်သွားခဲ့ရသည်။ သူ၏အစီအစဉ် မစခင်မှာပင် ဇော်ကြီးသည် လောကကြီးထဲက ကြို၍ သွားနှင့်ပြီဖြစ်သည်။

"ဖိုးထူးကလဲကွာ ဒီကောင်က မင်းတို့ကိုအမြဲအနိုင်ကျင့်နေတာလေကွာ။ သူမရှိတော့ ပိုမကောင်းဘူးလား။ မင်းတို့က ဝမ်းသာရမဲ့အစား ဘာလို့ငိုနေရတာလဲ"

"ဇော်ကြီးက ငါတို့ကိုအနိုင်ကျင့်တာမှန်ပါတယ်။ ဒါပေမဲ့ သူက သနားဖို့ကောင်းပါတယ် သက်ဦးရာ"

"ဘယ်လို သနားဖို့ကောင်းတယ် ဟုတ်လားဖိုးထူး"

"ဟုတ်တယ်။ ဇော်ကြီးက ငါတို့ရပ်ကွက်ထဲမှာပဲ နေတာလေ။ နောက်ပြီး သူက ငါတို့လို ရသလောက် အိမ်ကိုပြန်ပေးရုံနဲ့ မရဘူးကွ။ သူက ပထွေးနဲ့နေရတာ။ သူ့အမေကလဲ သူ့ယောက်ျားစကားကိုပဲ လက်ခံတာ။ ဇော်ကြီးကို ဂရုမစိုက်ဘူး။ ဇော်ကြီးကို တစ်နေ့ ၁၅၀၀၀၊ ၂၀၀၀၀ လောက်မှမပါရင် ခါးပတ်နဲ့ အသေရိုက်တာ။ ငါတို့နေ့တိုင်းမြင်ရတယ်။ ဒါကြောင့် သူပိုက်ဆံမပြည့်ရင် ငါတို့ဆီက ရသလောက် သူက ပြန်တောင်းတာပါ။ ဒါပေမဲ့ သူက အကုန်လုံးတော့ မယူပါဘူးကွာ။ ငါတို့ အိမ်ကိုပြန်ပေးနေရတာလဲ သူသိတယ်လေ။ ဒီမှာသာ သူက လူမိုက်လိုဖြစ်နေတာ။ အိမ်ပြန်ရောက်ရင် သူ့ခမျာ အိမ်အလုပ်တွေလုပ်ရတဲ့ အပြင် ပိုက်ဆံနည်းရင် ထမင်းမကျွေးဘဲ အရိုက်ပါ ခံရသေးတာ။ သူ့အခုလို ဆေးလိပ်သောက်၊ ကွမ်းစား

စာမျက်နှာ ၂၅ သို့

# ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး ၁၄၀၂၃ ဧက ရိတ်သိမ်းပြီးစီး



**ငပုတော ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး ၁၄၀၂၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၁၄၀၂၃ ဧက လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် မိုးစပါး ၁၄၀၂၃ ဧကကို နိုဝင်ဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခုနှစ် မိုးစပါးစိုက်ပျိုးရာသီက ငရုတ်ကောင်းမြို့မှာ မိုးစပါး ၁၄၀၂၃ ဧက စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ မိုးစပါးတွေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အခုနှစ်မှာ သက်ကြီးစပါးတွေဖြစ်တဲ့ ပေါ်ဆန်းရင်၊ ပေါ်ဆန်းမွှေးစတဲ့ စပါးမျိုးတွေကို အများဆုံးစိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ မိုးစပါးတွေအခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ စပါးစိုက်ပျိုးရေး နည်းပညာတွေနဲ့ မိုးရာသီမှာ ကျရောက်လေ့ရှိတဲ့ ရွှေခရုကာကွယ်ရေး နည်းပညာတွေ၊ မိုးစပါးတွေ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးလုပ်ငန်းတွေကို မစိုက်ခင်အချိန်ကနေ စိုက်ပြီးအချိန်မှာပါ ကွင်းဆင်းပညာပေး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး ၁၄၀၂၃ ဧကရိတ်သိမ်းခဲ့ရာ စပါးတစ်ဧကလျှင်တင်း ၈၀ ထိ ထွက်ရှိကြောင်း၊ မိုးစပါးများ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် စေသူ့ရှင်ကုန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ်တည်ဆောက်ခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**စလင်း ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် စေသူ့ရှင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းနှင့် ရေသန့်စင်စနစ်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စေသူ့ရှင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၃၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မ မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းနှင့် ရေသန့်စင်စနစ် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ် စေသူ့ရှင်ကုန်းကျေးရွာ၌ အဆိုပါလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၃၇၀၅ သန်း အသုံးပြု၍ ဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးသွားပြီဖြစ်သဖြင့် ကျေးရွာရှိအိမ်ခြေ ၉၈ အိမ်၊ လူ ၃၈၉ ဦးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများဆောင်ရွက်ရာ၌ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

## အလှတည်ပါ ဒီဇင်ဘာ

\- ဒီဇင်ဘာ ဆောင်းနိမိတ်ကိုဖြင့်
ကောင်းစိတ်နှင့် အလှဆင်၊
အေးမြစေ တည်နှလုံး
ကြည်ပြုံးလန်းရွှင်၊
ဆောင်းအငွေ့ စိုသစ်လွင်
လှဝန်းကျင် ပက်ကာဖျန်း၊
ဒီဇင်ဘာ အလှထူးရယ်နှင့်
ကြည်နူးရွှင်လန်း။

\- မျှားသူငါ အပြုံးပန်း
ဆင်မြန်းကြ ရွှင်ပျော်ပျော်၊
တို့တိုင်းပြည် နှင်းစက်တို့
ဆင်းသက်ဖို့ခေါ်၊
အေးမြခြင်း ယူစေသော်
အပူတွေနော် ဖယ်ကွာဝေး၊
ဒီဇင်ဘာ သည်အလှရယ်နှင့်
ပီပြင်စွာ ညီအမျှ
တည်ကြငြိမ်းအေး။

\- တို့ပြည်နယ် ဆောင်းနှင်းဖွေး
ကောင်းခြင်းပေး ယူဆောင်လာ၊
တိုင်းရင်းဆွေ မြေအနှံ့
ဝေဖြန့်စေမှာ၊
သားချင်းတို့ သည်မြေလွှာ
ညီစေရာ တည်အောင်ပြု၊
ငွေနှင်းရည် ဆောင်းအငွေ့ရယ်နှင့်
ကြွေဆင်းပြီ ပြောင်းအရွေ့မှာလ
ကောင်းခလေ့စု။ ။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

# ဘားအံမြို့နယ် နောင်ဖာလဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဒီဇင်ဘာ ၄**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နောင်ဖာလဲကျေးရွာ၌ ပဥ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက နောင်ဖာလဲကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၅၀ ကို ရန်ပုံငွေကျပ် ၄၇၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဒိုဒို**

➤ စာမျက်နှာ ၂၄ မှအဆက်

ပျက်စီးတာကလဲ သူ့အမေနဲ့ပထွေး မကောင်းလို့ပါကွာ။ ဒါပေမဲ့ ဇော်ကြီးက သူပိုက်ဆံတောင်းလို့ အများကြီးရတဲ့နေ့ဆိုရင် ငါတို့ကိုပြန်ပေးတတ်တယ်။ မင်းက အစောကြီးပြန်လို့ မသိတာပါ။ ငါတို့ကသာ တစ်ခါတလေ သူ့အနိုင်ကျင့်တာ မခံချင်လို့ ရှောင်ကြတာ။ သူ့ကိုတော့ မမုန်းပါဘူး"

ဖိုးထူးဆိုကကြားရသောစကားကြောင့် သူ စိတ်မကောင်းဖြစ်ခဲ့ရသည်။ အမှန်တကယ်တော့ ဇော်ကြီးသည် သူ့အပေါ် ဗိုလ်ကျခဲ့ခြင်းမရှိပေ။ အများအတွက်သာ သူကမခံမရပ်နိုင်ဖြစ်ခဲ့ရခြင်းဖြစ်သည်။ သို့သော်လည်း အခြားသူများအားလုံးက ဇော်ကြီးကို မည်သို့မျှမတုံ့ပြန်ဘဲ နားလည်ပေးနိုင်ခဲ့ကြသည်။ သူကသာ ဇော်ကြီး၏ဘဝအမှန်ကို မသိခဲ့ခြင်းကြောင့် အထင်လွဲခဲ့သည့်အပြင် ဇော်ကြီးကို မတော်တဆပုံစံမျိုးဖြင့် ကားများကြားလုပ်ကြံရန် စီစဉ်ထားခဲ့သေးသည်။

"ဒါနဲ့ ဇော်ကြီးက ဘာဖြစ်လို့သေရတာလဲ ဖိုးထူး"

"ဝဋ်ပေါ့ကွာ။ ဇော်ကြီးက သူ့အိမ်အတွက် ငွေမပြည့်ရင် ငါတို့ဆီက အနိုင်ကျင့်တယ်လေ။ မနေ့က သူ့အိမ်ပြန်တော့ လမ်းမှာလူမိုက်အစ်ကိုကြီးတွေနဲ့တွေ့ပြီး သူ့ပိုက်ဆံတွေပေးလိုက်ရတယ်။ ဟိုက သူ့ထက်ကြီးတဲ့အပြင် အုပ်စုနဲ့ဆိုတော့ သူမနိုင်ဘူးလေ။ အိမ်လဲရောက်ကော ပိုက်ဆံမပါလာလို့ဆိုပြီး သူ့အမေနဲ့ပထွေးက ကြိုးတုပ်ပြီးအသေရိုက်တာ။ မနက်လဲရောက်ကော ဇော်ကြီးလဲ စိတ်ညစ်ပြီးထင်ပါတယ်။ ကြွက်သတ်ဆေးတွေသောက်ပြီး သူ့ကိုယ်သူ သတ်သေသွားတယ် သက်ဦးရာ"

ပြောရင်းနှင့်ပင် ငိုနေသော ဖိုးထူးကို သူနားလည်သည်။ သူကသာ မိမိနှင့်မဆိုင်ဘဲ မိမိအပေါ် ဘာမျှကျူးလွန်ထားခြင်းမရှိသည့် ဇော်ကြီးကို အများအတွက်ဆိုသည့်ခေါင်းစဉ်ဖြင့် လုပ်ကြံရန်တွေးတောခဲ့သည်။

ထိုအတွေးတစ်စ၏နောက်ကွယ်မှ ဖြစ်ရပ်မှန်များ သိလာသည့်အခါ သူကိုယ်တိုင် စိတ်မကောင်းဖြစ်ခဲ့ရသည်။ သူကိုယ်သူလည်း ရှက်မိသည်။ အများအတွက်ဆိုသော်လည်း ထိုအများသည် ဇော်ကြီးကို စာနာနားလည်ပေးနိုင်ကြသည်။ ယခုအချိန်ထိ ဇော်ကြီးသည် သူ့ကို အပြစ်မဖြစ်အောင်ပင် ဖန်တီးပေးခဲ့သည်။ သူ၏လုပ်ကြံဖန်တီးမှုနှင့် သူ၏ပယောဂမပါဘဲ သူ၏အလိုအရ လောကကြီးမှ နှုတ်ဆက်သွားခဲ့ပြီဖြစ်သည်။ သို့သော်လည်း သူ မပျော်နိုင်ခဲ့ပေ။ သူ၏နိမ့်ကျခဲ့သည့် အတွေးတစ်စအတွက်လည်း နောင်တရမိခဲ့သည်။ ထို့ကြောင့်ပင် ဇော်ကြီး မသိနိုင်တော့သော်လည်း ဇော်ကြီးကို သူစိတ်ထဲကပင် တောင်းပန်လိုက်တော့သည်။

"တောင်းပန်ပါတယ် ဇော်ကြီးရယ်"

# အခန်းကဏ္ဍနှင့် အရည်အဆင့် ROLE & STATUS

အရာရှိအဆင့်နဲ့အမှုထမ်း (ပြန်တမ်းဝင်မဟုတ်သော အခြားအဆင့်) ဘာကွာသလဲ။ ကွဲပြားပုံ အတိုအကျဉ်းရှင်းပြမယ်။

**Role** = အခန်းကဏ္ဍအနေနဲ့ ကွဲပြားမှုက အရာရှိက တာဝန်ခံ၊ တာဝန်ယူရတဲ့ခေါင်းဆောင် Leader နေရာကလုပ်ဆောင်ရတယ်။ အမှုထမ်း(အခြားအဆင့်)က ကျရာတာဝန်ကို ကျေပွန်အောင် လုပ်ဆောင်အကောင်အထည်ဖော်ရတယ်။ လိုက်နာတတ်ရမယ်။ ဒါပဲ။

အရာရှိဆိုရင် သားသမီးမကောင်း မိဘခေါင်း၊ တပည့်မကောင်း ဆရာ့ခေါင်းဆိုသလိုပဲ မိမိလက်အောက်ငယ်သား လုပ်ဆောင်မှုကောင်းလျှင် တော်လျှင်ဖြစ်စေ၊ ဆိုးလျှင် ညံ့လျှင်ဖြစ်စေ၊ **ခေါင်းဆောင်အရာရှိမှာသာ** အပြည့်အဝအတိအကျတာဝန်ခံရ၊ **တာဝန်ယူရပါတယ်။**

ဂျပန်မှာ မြေငလျင်လှုပ်လို့ တံတားကျိုးကျတာ ဆောက်လုပ်ရေးဝန်ကြီး ထွက်စာတင်ထွက်သွား။ ဂျပန်မှာ ရထားချင်းတိုက်မိတာ မီးရထားဝန်ကြီးထွက်ရ။ အရာရှိဟာ မိမိတာဝန်ယူရတဲ့ လုပ်ငန်းနဲ့ မိမိလက်အောက် ကိစ္စဟူသမျှ လေ့ကျင့်ရေး၊ ပျော်ရွှင်ရေး၊ လုပ်ငန်းအောင်မြင်ရေး၊ စိတ်ဓာတ်မြင့်မားရေး၊ စည်းလုံးညီညွတ်ရေး စသဖြင့် အားလုံးတာဝန်ခံနိုင်အောင် စွမ်းရည်ပြည့်ဝ၊ ယုံကြည်စိတ်ချရသူဖြစ်ရတယ်။ ကိုယ့်လူတွေကို မြှင့်တင်နေရမယ်။

**Status** = အရည်အဆင့် လည်း ကွာခြားတယ်။ အရာရှိဟာ အမြဲလေ့လာ၊ အမြဲသုတေသနပြု၊ အမြဲသုံးသပ်ပြုပြင်၊ အမြဲသင်ကြားပြသ၊ အမြဲစေ့စပ်တိကျစွာ ကြိုးပမ်းအားထုတ်၊ မိမိအထက်မှ ကွပ်ကဲရမှု အနည်းဆုံးနဲ့ မိမိဘာသာစေ့ဆော်တိုက်တွန်းပြီး **"ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှု ဤခြောက်ရ၊ ကြီးသူ့နာယကဂုဏ်"** ဆိုသလိုပဲ အကြီးအကဲ ဂုဏ်ရည်ပြည့်စုံရမှာဖြစ်ပါတယ်။

ကိုယ့်ကိုသူတစ်ပါးတိုက်တွန်း ဆော်ဩမခံရအောင် တက်ကြွနိုးကြားရ။ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟာ ဆရာ၊ ဆရာမတွေဆီ ချဉ်းကပ်မေးမြန်းပြီး ကိုယ်တိုင်ရှာဖွေ၊ လေ့လာ၊ သုတေသနပြု၊ စာတမ်းရေးသား၊ စာတမ်းဖတ်ကြား၊ ဆွေးနွေးပွဲမှာ ထောက်ပြဝေဖန်ခံရတာကို ပိုမိုကောင်းမွန်အောင်ပြုပြင်ဖြည့်ဆည်း စသဖြင့် ပညာရှင် Scholar သဘော၊ (မိမိအလုပ်နဲ့ပတ်သက်တာ) Academic တတ်ကျွမ်းသူသဘော၊ Intellectual ပညာအရည်အချင်းရှိတဲ့သူသဘော၊ ပို၍ ပို၍ တိုးတက်ကောင်းမွန်လာအောင် အစဉ်အမြဲသုတေသနပြုနေသူသဘော Researcher မိမိမှာ ပြည့်စုံနေရပါမယ်။ အခြေခံပညာအဆင့် မဟုတ်တော့ဘူး။

မိမိကိုယ်ကို တန်ဖိုးထားမှ သူတစ်ပါးက လေးစားတန်ဖိုးထားတယ်။ **မိမိအရည်အဆင့်ဟာ Academic ဖြစ်အောင်၊ Intellectual ဖြစ်အောင်၊ Researcher ဖြစ်အောင် ပြုမူကျင့်ကြံလုပ်ဆောင်နေရမယ်။** ဒါမှသာ မိမိရဲ့ Status အရည်အဆင့်နဲ့ ထိုက်တန်တဲ့နေရာမှာ ခါးဆန့်ရင်ကော့၊ ခေါင်းမော့ပြီး စကားပြောနိုင်မယ်။

တက္ကသိုလ်ဘွဲ့ရအရည်အချင်း တကယ်မရှိရင် နိမ့်ကျနေရင်လူကြားထဲမှာ လူရာမဝင်ဘူး။ ပညာရဲရင့် ပွဲလယ်တင့်အောင် အမြဲသင်ယူမှတ်သား၊ အမြဲတစေ လေ့လာသင်ကြားနေကြအောင် ဆွေးနွေးပို့ချပေး၊ တည့်မတ်ပြုပြင်ဖြည့်ဆည်းပေး။ မိမိအသက်ဝမ်းကျောင်းနေတဲ့အလုပ်ကို မြတ်မြတ်နိုးနိုးနဲ့ သင်ယူလေ့လာခြင်း၊ သင်ကြားပို့ချမျှဝေခြင်းတွေ လုပ်နေရင်

**❖ တက္ကသိုလ်ဘွဲ့ရအရည်အချင်းတကယ်မရှိရင် နိမ့်ကျနေရင်လူကြားထဲမှာ လူရာမဝင်ဘူး။ ပညာရဲရင့် ပွဲလယ်တင့်အောင် အမြဲသင်ယူမှတ်သား၊ အမြဲတစေ လေ့လာသင်ကြားနေကြအောင် ဆွေးနွေးပို့ချပေး၊ တည့်မတ်ပြုပြင်ဖြည့်ဆည်းပေး။ မိမိအသက်ဝမ်းကျောင်းနေတဲ့အလုပ်ကို မြတ်မြတ်နိုးနိုးနဲ့ သင်ယူလေ့လာခြင်း၊ သင်ကြားပို့ချမျှဝေခြင်းတွေ လုပ်နေရင် အလုပ်ကပျော်စရာကောင်းတယ်၊ ကိုယ့်ဘဝလည်း သေချာပေါက် အဆင့် မြင့်မြင့်လာတာပဲ။ ဒါကတော့ အရာရှိပီသသူရဲ့ အရည်အဆင့်။ ရှေ့ဆောင်အလင်းရောင်ထွန်းပြနိုင်ရမယ်။ ❖**

အလုပ်က ပျော်စရာကောင်းတယ်၊ ကိုယ့်ဘဝလည်း သေချာပေါက် အဆင့်မြင့်မြင့်လာတာပဲ။ **ဒါကတော့ အရာရှိပီသသူရဲ့ အရည်အဆင့်။ ရှေ့ဆောင်အလင်းရောင်ထွန်းပြနိုင်ရမယ်။**

နိုင်ငံတော်က အရာရှိအဖြစ်ပြန်တမ်းဝင်ထုတ်ပြန်ခြင်းခံရသူဟာ မိမိကိုယ်တိုင် ရှိသေထိုက်သူ၊ အရိုသေခံရလောက်အောင် နိုင်ငံတော်နဲ့ ပြည်သူကောင်းကျိုးကို သစ္စာရှိစွာ အစွမ်းကုန်(ဘယ်သူက အသိမှတ်ပြုပြု၊ မပြုပြု၊ ချီးမွမ်း၊ ကဲ့ရဲ့အရေးမကြီး) မိမိဘာသာ အကျိုးပြုတယ်။ ရိုးသားမှု၊ ဖြောင့်မတ်မှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ ဆက်ဆံရေးပြေပြစ်မှု၊ ဦးဆောင်နိုင်စွမ်းရှိမှု၊ ဗဟုသုတကြွယ်ဝပြီး အမြင်ကျယ်မှု၊ တရားမျှတစွာသုံးသပ်ဆုံးဖြတ်တတ်မှု၊ ပတ်ဝန်းကျင်နဲ့ လူသားတွေအပေါ် မေတ္တာထားနိုင်မှု၊ အတ္တ(ကိုယ်ကျိုးလောဘ) နည်းမှု၊ မာန်မာနမောက်မာမှုတွေနည်းပါးမှုနဲ့ **အနှစ်နာခံစွန့်လွှတ်တတ်မှုတွေ ရှိအောင် ကြိုးစားဖြည့်ဆည်းနေရပါမယ်။** ခေါင်းဆောင်အရည်အသွေးဆိုတာ ကိုယ်တိုင်ပဲ လိုက်နာကျင့်သုံးပြီး မြှင့်တင်လုပ်ဆောင်နေရပါတယ်။ ထူးချွန်တဲ့အရာရှိကောင်းပီသအောင် အမြဲကြိုးစားနေရမယ်။

## ပညာကျန်းထော

ကိုယ့်ဌာနနဲ့ အခြားဝန်ကြီးဌာနနဲ့ အခြေအနေသဘောသဘာဝမတူကြဘူး။ ကိုယ့်ဌာနအလုပ်မှာ ကိုယ်အားသာချက်၊ အားနည်းချက်တွေရှိနေတာ အမှန်ပဲ။ အားသာတာကို ပိုပြီးထူးချွန်ထူးခြားအောင်လုပ်။ အားနည်းချက်ရှိရင် ပစ်မထားနဲ့၊ ဖုံးဖုံးဖိဖိလုပ်မနေနဲ့။ **အားနည်းချက်မရှိအောင် ဖြေရှင်းပြုပြင်လိုက်။**

ကိုယ့်တာဝန်၊ ကိုယ့်အလုပ်ကို ကောင်းကောင်းလုပ်ဆောင်နိုင်အောင် ခြင်းခတ်သမားတွေလိုပဲ အပေးအယူ အရိပ်အကဲ၊ အကူအထောက် ကောင်းရတယ်။ **အပြန်အလှန်လေးစားရတယ်။ စည်းလုံးညီညွတ်ရတယ်။ ဌာနကို ဂုဏ်မြင့်မယ်ဆိုတဲ့ ဌာနချစ်စိတ်မွေးပေးရမယ်။ တစ်ကိုယ်ကောင်းဆန်ရင် လုပ်ငန်းမတိုးတက်နိုင်ဘူး။** ပေါင်းသင်းဆက်ဆံရေးကောင်းရမယ်။ စိတ်ရင်းကောင်းရှိရမယ်။ သူများယုံကြည်လေးစားခံရအောင် နေထိုင်တတ်ကြအောင် ပြုပြင်သင်ပြပေးရမယ်။

လူရှိသေ ရှင်ရိုသေရှိမှ အလုပ်အောင်မြင်မယ်။ ကောင်းတဲ့ဂုဏ်သတင်းဆောင်နိုင်အောင် လေ့ကျင့်သင်ကြားခြင်း၊ စာများများဖတ်စေခြင်း၊ စာရေးသားခြင်း၊ ဟောပြောခြင်း၊ ဆွေးနွေးခြင်း၊ အခမ်းအနားမှူးလုပ်တတ်ခြင်း၊တင်ပြတတ်ခြင်း စသဖြင့် **တတ်မြောက်ကျွမ်းကျင်အောင် နေ့စဉ်လေ့ကျင့် မျိုးထောင်ပေးရပါမယ်။**

အသင်းအဖွဲ့အတွက် အားကိုးရတဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်အောင် နေထိုင်ပြုမူလုပ်ကိုင်ပါ။

# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၆၁၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က အစေ့ထုတ်ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၆၁၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၉၁၂၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ဒီဇင်ဘာ ၃ ရက်ထိ ၁၆၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကလေးခရိုင်အတွင်း အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီဇင်ဘာ ၃ ရက်ထိ ဧက ၁၆၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၈၉ ဧက၊ ဖူးစားပြောင်း ဧက ၅၂၀၊ ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၅၁ ဧက၊ ဖူးစားပြောင်း ၁၈၇ ဧက၊ မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၂၉၈ ဧက၊ ဖူးစားပြောင်း ၃၆၇ ဧက စုစုပေါင်း ၁၆၁၂ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၃၈၁ ဧက၊ ဖူးစားပြောင်း ၈၅၁၂ ဧက၊ ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်းဧက ၇၃၀၊ ဖူးစားပြောင်းဧက ၁၆၄၀၊ မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၀၄၉ ဧက၊ ဖူးစားပြောင်း ၅၈၁၃ ဧက စုစုပေါင်း ၁၉၁၂၅ ဧကတို့ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ကြံခင်းမြို့နယ် ရွာသစ်ကြီးကျေးရွာတွင် ချောင်းကျောက်လမ်းခင်းနေမှု စစ်ဆေး

**ကြံခင်း ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အလုံကျေးရွာအုပ်စု ရွာသစ်ကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းလမ်း ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ရွာသစ်ကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်းကျောက်ပေါင်စီချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးဆွေးနွေးမှာကြားသည်။

ကြံခင်းမြို့နယ် ရွာသစ်ကြီးကျေးရွာ၌ အရှည် ပေ ၂၂၅၀၊ အကျယ် ၁၅ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်ပေါင်စီချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးထံမှ သိရသည်။ **သံသာ**

# မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၉၀၇၁ ဧကစိုက်ပျိုးမည်


ယခင်နှစ်က ဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၉၀၇၁ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၉၀၇၁ ဧကကို ယခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်းသီးနှံများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

“ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ခရိုင်တစ်ခုလုံးအနေနဲ့ စားဖိုဆောင်းသီးနှံ ၉၀၇၁ ဧကလျာထားပြီး စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စားဖိုဆောင်းသီးနှံတွေကို မြောင်းမြမြို့နယ်မှာ အများဆုံးစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စားဖိုဆောင်းသီးနှံတွေအားလုံး အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့အတွက် အမိကဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့က ပူးပေါင်းလုပ်ဆောင်နေပါတယ်။ စိုက်မဲ့သီးနှံတွေကို လျာထားချက်ပြည့်မီစေဖို့နဲ့ ပျက်စီးထိခိုက်တာမရှိစေဖို့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းပညာပေးလုပ်ငန်းတွေကိုလဲ သီးနှံတွေမစိုက်ခင်ကတည်းက မြေပြင်ထိ ဆောင်ရွက်ပေးနေပါတယ်” ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံကို မြောင်းမြမြို့နယ်တွင် ၄၈၈၅ ဧက၊ အိမ်မဲမြို့နယ်တွင် ၁၁၈၁ ဧက၊ ဝါးခယ်မမြို့နယ်တွင် ၃၀၀၅ ဧက စုစုပေါင်း ၉၀၇၁ ဧကဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့် စားဖိုဆောင်းသီးနှံများသည် ဂေါ်ဖီ၊ နံနံ၊ ချဉ်ပေါင်၊ ကြက်ဟင်းခါး၊ တိုင်ထောင်ပဲ၊ သခွားစသည့် သီးနှံများကို အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# နတ်မောက်မြို့နယ် ထန်းပင်ချိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပင်ချိုင်းကျေးရွာ၌ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်းရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ထံ ရန်ပုံငွေကျပ် ၃၂ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထန်းပင်ချိုင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၂၄ ဒသမ ၆ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၇ ဒသမ ၁သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ်သုည ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုလက်ရှိကျေးရွာပေါင်း ၄၁ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်ထံမှ သိရသည်။

**သုသု(နတ်မောက်)**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၁၂၁၄ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းသီးနှံ ၂၁၂၁၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ပဲတီစိမ်းသီးနှံ ၂၂၄၆၄ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၁၂၁၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲတီစိမ်း ၂၂၄၆၄ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၁၂၁၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ဆက်လက်လဲ စိုက်ပျိုးနေပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးရာမှာ တိုးချဲ့စိုက်ပျိုးဖို့ အသိပညာပေးတာတွေရှိမယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေရှိတယ်” ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။


ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဥတ္တရသီရိမြို့နယ် အောင်ချမ်းသိမ်းကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဥတ္တရသီရိမြို့နယ် အောင်ချမ်းသိမ်းကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ဇင်နွယ်လွင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက သက်ဆိုင်ရာ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ အောင်ချမ်းသိမ်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

အောင်ချမ်းသိမ်းကျေးရွာတွင် ကုန်ထုတ်လမ်း အရှည် ပေ ၆ ဒသမ ၈၁၈ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကျောက်ရောမြေခင်းခြင်းနှင့် မြေနီကျောက်စရစ်ရိစာ ကိုးလက်မ ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၅၀ ဒသမ ၂၁၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် မင်းသစ္စာလှိုင်ကုမ္ပဏီက ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အောင်ချမ်းသိမ်းကျေးရွာရှိ အိမ်ခြေ ၁၃၂ အိမ်၊ လူဦးရေ ၅၉၀ တို့၏ စိုက်ပျိုးမြေဧက ၂၅၀ မှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ် သက်သာစွာ အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သုသု**

# တောင်တွင်းကြီးမြို့နယ် လက်တက်ကျေးရွာတွင် ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ လက်တက်ကျေးရွာတွင် ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ တင်ဒါအောင်မြင်သည့် Dear Brain ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း ဆွေးနွေးမှာကြားပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လက်တက်ကျေးရွာတွင် အရှည် ပေ ၄၀၊အကျယ် ၁၄ ပေ၊ အမြင့် ခုနစ်ပေရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၀ ဒသမ ၅သန်းဖြင့် Dear Brain ကုမ္ပဏီက ယခုနှစ် ဇွန်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည့်အတွက် လက်တက်ကျေးရွာရှိ အိမ်ခြေ ၃၂၂ အိမ်၊ လူဦးရေ ၁၂၄၂ ဦးတို့၏ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးကိစ္စရပ်များကိုအချိန်မီ ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

စာပေမြင့်မှ လူမျိုးတင့်မည်

# အတုယူအပ်တဲ့ စိတ်ဓာတ်နဲ့လုပ်ရပ်

မြင်းခြံကျော်အောင်

**"ကျောင်းဂုဏ်ဆောင်ချင်တယ်၊ လူမျိုးဂုဏ်ဆောင်ချင်တယ်၊ ဒါကြောင့် ကြိုးစားပြီးယှဉ်ပြိုင်ခဲ့တာပါ"**

ဒီစကားကို ပြီးခဲ့တဲ့ ၂၄ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးရဲ့ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) မဟာဂီတသီချင်းအဆိုပြိုင်ပွဲမှာ ဒုတိယငွေတံဆိပ်ရရှိသွားတဲ့ ကချင်ပြည်နယ်က လီဆူတိုင်းရင်းသူ မဇော်မဆီးက ပြောခဲ့တယ်။ သူ့စိတ်ဆန္ဒလဲ ပြည့်ဝခဲ့ပါတယ်။ ဘယ်လောက်အတုယူဖို့ကောင်းသလဲ။

သူဟာ ကချင်မျိုးနွယ်စုက လီဆူအမျိုးသမီးငယ်လေးပါ။ ကချင်ပြည်နယ်မြောက်ဖျား ပူတာအိုခရိုင်အတွင်းမှာနေကြတဲ့ လူမျိုးတွေပါ။ ဒီလီဆူမလေးဟာ ဆရာတွေရဲ့ သင်ကြားလေ့ကျင့်ပေးမှုကောင်းမွန်တယ်။ သူကိုယ်တိုင်ကလဲ ကျောင်းရဲ့ဂုဏ်ကိုဆောင်ချင်တယ်။ သူ့လူမျိုးရဲ့ဂုဏ်ကိုဆောင်ချင်တယ်။ ငါအောင်မြင်အောင်ကြိုးစားမယ်ဆိုတဲ့ စိတ်ဓာတ်အရင်းခံရှိတာကြောင့် ပြိုင်ပွဲမှာ ဆုရခဲ့တာဖြစ်ပါတယ်။ မဟာဂီတသီချင်းကြီးတွေဟာ ဗမာလူမျိုးတွေတောင် တော်တော်ခက်ခက်ခဲခဲဆိုရတဲ့ သီချင်းကြီးတွေဖြစ်ပါတယ်။ ဒါကို တိုင်းရင်းသူလေးက ဆုရအောင်ဆိုနိုင်တယ်ဆိုတာ ချီးကျူးစရာဖြစ်ပါတယ်။ ချီးကျူးဂုဏ်ယူပါတယ်။

အရင်းခံအကြောင်းကတော့ စိတ်ဓာတ်ပါပဲ။ စိတ်ဟာ မိမိဖြစ်လိုရာကို ဖြစ်အောင်ဆွဲဆောင်နိုင်တယ်။ မည်သည့်အမှုကိစ္စမဆို စိတ်ဆောင်ရင် အောင်မြင်စေနိုင်တယ်။

၂၄ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာ မဇော်မဆီးလို အောင်ပန်းဆွတ်ခူးသွားသူတွေဟာ စိတ်ဓာတ်အရင်းခံအကြောင်းတွေကြောင့်ဖြစ်ကြောင်း တွေ့ရပါတယ်။ အဲဒါတွေကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ ဓာတ်ပုံတွေနဲ့ဖော်ပြတာကို စာရေးသူ တွေ့ခဲ့၊ ဖတ်ခဲ့ရတယ်။ နည်းနည်းပြောပြပါမယ်။

ကရင်ပြည်နယ်က ပုံ့ပိုးဆိုင်းမှာ ပထမရရှိသွားတဲ့ ဦးဟိန်းရာဇာဟာ ကွက်စိပ်ဆိုင်းမှာ ပထမ၊ မင်းသားအက ပုံ့ပိုးဆိုင်းမှာ ဒုတိယနဲ့ မင်းသမီးအက ပုံ့ပိုးဆိုင်းမှာ တတိယရရှိခဲ့တယ်။ တစ်ယောက်တည်းနဲ့ ရွှေ၊ ငွေ၊ ကြေး သုံးဆုတောင်ရခဲ့တယ်။ တတိယအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကတည်းက ဝင်ပြိုင်ခဲ့တာ အခု ၂၄ ကြိမ်အထိပဲ။ ရွှေတံဆိပ်စုစုပေါင်း ၂၅ ဆုနဲ့ အခြားငွေ၊ ကြေးတံဆိပ်တွေနဲ့ဆို ဆုတံဆိပ် ၅၀ ပိုင်ဆိုင်ရရှိထားသူဖြစ်တယ်။ ပြိုင်ပွဲတိုင်းဝင်ပြိုင်မယ်။ ဝင်ပြိုင်တိုင်းဆုရရှိရမယ်ဆိုတဲ့ စိတ်ဓာတ်ကြောင့် ဆုတွေအများကြီးရခဲ့တာပဲ။ အဲဒီစိတ်ဓာတ်ကြောင့် သူဟာ အပင်ပန်းအဆင်းရဲခံပြီး အမြဲလေ့ကျင့်နေမှာပဲ။ ဒါကြောင့် ရွှေတံဆိပ်ဆုများရှင်ဖြစ်တာပဲ။ အားမကျဘူးလား။ အားကျအတုယူဖို့ကောင်းတယ်နော်။

မဝေဝေထွန်း အဆင့်မြင့်ပညာအဆင့် မယ်ဒလင် အတီးပြိုင်ပွဲမှာ ပထမဆုရသူဖြစ်တယ်။ သူပြောတဲ့စကားတစ်ခွန်းရှိတယ်။ အဲဒါကတော့ "အချို့က အစပဲလုပ်တယ်။ နောက်ပိုင်း အဖျားရှူးသွားတာမျိုးမဖြစ်စေဘဲ သေချာစိတ်ဝင်တစား လေ့ကျင့်ဖို့လိုပါတယ်" လို့ ပြောခဲ့တယ်။ အဲဒီလိုလူတွေဟာ ဘယ်အောင်မြင်မှာလဲ။ အောင်မြင်အောင်ဆိုရင် စလယ်ဆုံး အကောင်းဆုံး လေ့လာလေ့ကျင့်ရပါမယ်။ ဒါဆို အောင်ပန်းက ပြေးမလွတ်ပါဘူး။

ကယားပြည်နယ်က ခေတ်ဟောင်းကာလပေါ် အဆိုပြိုင်ပွဲမှာ ဒုတိယဆုရသူ မအေးမြတ်မွန်ကတော့ သူ့ဂီတကို ဝါသနာပါလာတာက စပြောတယ်။ သူ့ရဲ့အစ်မက ကျောင်းကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်ဖို့ လေ့ကျင့်နေတာတွေ့ပြီး သူ့ဂီတကို ဝါသနာပါလာတာတဲ့။ အရင် ၂၃ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှာလဲ သူဝင်ပြိုင်ခဲ့တယ်။ ဆုမရခဲ့ဘူး။ အခု ပြိုင်ပွဲမှာမှ ဒုတိယဆုရရှိခဲ့တယ်။

သူဟာ နောက်နှစ်မှာလဲ ဝင်ပြိုင်အုံးမှာပဲ။ နောက်နှစ်ကျ သူပထမဆုရအောင် ကြိုးပမ်းမှာ။ သူဟာ လေ့ခွက်ချည်းကျန် အလံမလှဲစိတ်ရှိသူဖြစ်တယ်။ အဲဒီစိတ်ဓာတ်ရှိသူတွေဟာ အောင်မြင်မှာပဲ။ အောင်ရမယ်ဆိုတဲ့ စိတ်ဓာတ်အရင်းခံက ရှိပြီးမဟုတ်လား။

အတတ်ပညာတစ်ရပ်မှာ အောင်မြင်ချင်ရင် ဇွဲစိတ်ရှိရပါမယ်။ ဇွဲဆိုတာ စွဲစွဲမြဲမြဲ အမြဲတမ်းလေ့လာလေ့ကျင့်လုပ်ကိုင်နေခြင်းပါ။ ဒါနဲ့ပတ်သက်လို့ သောမတ်စ်အယ်ဖာအယ်လ်ဒီဆင်ဟာ လျှပ်စစ်မီးသီး တီထွင်ဖို့ အကြိမ်တစ်ထောင် မအိပ်မနေ နှစ်များစွာ သုတေသနပြုခဲ့ရတယ်။ တစ်နေ့တော့ သူ့မိတ်ဆွေတစ်ယောက်က "မင်းလုပ်နေတာ အကြိမ်တစ်ထောင်ရှိပြီဆိုတော့ ဒီအလုပ်ဟာ အောင်မြင်မဲ့အလုပ်မဟုတ်ပါဘူးကွာ"လို့ပြောတယ်။ လက်လျှော့လိုက်ဖို့ပြောတာ။ အဲဒီအခါ သောမတ်စ်က "အကြိမ်နှစ်ထောင်မှမရှိသေးတာ ဆက်လုပ်အုံးမယ်"လို့ပြောလိုက်တယ်။ မကြာခင်မှာပဲ လျှပ်စစ်မီးသီးလုပ်ငန်းအောင်မြင်သွားတယ်။ အဲဒါကြောင့် အခု စာဖတ်သူ၊ စာရေးသူတို့ လျှပ်စစ်မီးနဲ့နေကြရတယ်မဟုတ်လား။ ဒါ သောမတ်စ်အယ်ဖာအယ်လ်ဒီဆင်ရဲ့ ကျေးဇူးဇွဲစိတ်ကြောင့် အောင်မြင်မှုအသီးအပွင့် ကမ္ဘာလောကလူသားတွေ ခံစားကြရတာပဲ။ ဒါ စကားအလျဉ်းသင့်လို့ပြောတာပါ။

အဲဒီတော့ ဂီတမှာသာမဟုတ်ပါဘူး။ ဘယ်အလုပ်လုပ်လုပ် ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူချင်တဲ့စိတ်၊ ကိုယ်လုပ်နေတဲ့ဌာန၊ ကျောင်း၊ ဆေးရုံ စသည်ရှိရင် ဂုဏ်တင်ပေးချင်တဲ့စိတ် ရှိရပါမယ်။ မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရှိတယ်။ ကိုယ့်လူမျိုးရဲ့ ဂုဏ်ဆောင်ချင်တဲ့စိတ်ရှိရပါမယ်။ အဲဒီစိတ်ဓာတ်သာရှိရင် လူဟာ အပင်ပန်းခံ ကြိုးစားချင်စိတ်တွေပေါ်လာမယ်။ ကြိုးစားမယ်။ ဇွဲဆိုတာ ပေါ်လာမယ်။ အမြဲလေ့လာလေ့ကျင့်နေမယ်။ ဒါနဲ့ အောင်မြင်မှုဟာ သေချာပေါက်ရရှိတော့တာပဲ။ အောင်မြင်မှုရရှိသူတွေက နမူနာပြနေပြီပဲ။ "Nothing is Impossible- မဖြစ်နိုင်ဘူးဆိုတာ ဘာမှမရှိဘူး"လို့ နပိုလီယံက ပြောခဲ့တယ်။ စိတ်ကသာဖြစ်မြောက်ရမယ်လို့ဆုံးဖြတ်ပြီးလုပ်ရင် ဖြစ်လိုရာဖြစ်နိုင်ပါတယ်။ နပိုလီယံစစ်ထွက်တိုင်း သူ့တပ်ကို အောင်စိတ်သွင်းပြီးတိုက်တယ်။ ဒါကြောင့် အောင်မြင်တယ်။ နောက်ပြောမှာက ဒီနေ့ခေတ်ကာလနဲ့ပတ်သက်ပါတယ်။ နိုင်ငံခြားထွက်အလုပ်လုပ်တာနဲ့လဲ ဆက်စပ်တယ်။ နိုင်ငံတော်က အားပေးနေတဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းတွေနဲ့လဲ နီးနွယ်ပါတယ်။

အဲဒါကတော့ ကရင်ပြည်နယ် ဘားအံမြို့က ကော်ပစ္စည်းထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်နေတဲ့ Kyaw-3 လုပ်ငန်းဖြစ်ပါတယ်။ လုပ်ငန်းပိုင်ရှင်က ဦးကျော်ဌေးဦးပါ။

သူ ဒီလုပ်ငန်းကိုလုပ်ဖြစ်တဲ့စိတ်ဓာတ်က စပြောပါမယ်။ အဲဒီစိတ်ဓာတ်ကတော့ သူများနိုင်ငံမှာ အလုပ်သမားအဖြစ်နဲ့ မလုပ်ချင်တဲ့စိတ်၊ ကိုယ့်နိုင်ငံက အလုပ်အကိုင်လုပ်လိုသူတွေကို အလုပ်ပေးချင်တဲ့စိတ်နဲ့ နိုင်ငံခြားဖြစ်ပစ္စည်းတွေကို ဈေးကြီးပေးပြီး ဝယ်သုံးနေရသူတွေ ဈေးချိုချိုနဲ့ဝယ်ယူသုံးစေချင်တဲ့စိတ် အဲဒီမွန်မြတ်တဲ့စိတ်တွေကြောင့် သူ့လုပ်ငန်းကို ထူထောင်ဖြစ်တာပါ။

❖ လူတိုင်းမှာ အဲဒီလိုစွမ်းပကားရှိတဲ့စိတ်ကို ပိုင်ဆိုင်ထားပါတယ်။ အဲဒီစိတ်ကို မိမိက ကြိုးကိုင်ပြီး မိမိဖြစ်မြောက်ချင်တာကို ကြိုးပမ်းဆောင်ရွက်ရင် မိမိဖြစ်ချင်တာ ဖြစ်မြောက်နိုင်ပါတယ်။ ဒီနေရာမှာ ဖြစ်ချင်စိတ်ရှိဖို့တော့ လိုပါတယ်။ အောင်မြင်ချင်တဲ့စိတ်၊ အနိုင်ယူချင်တဲ့စိတ်၊ ပညာရှင်ဖြစ်ချင်တဲ့စိတ်၊ သူဌေးဖြစ်ချင်တဲ့စိတ်၊ အရာရှိကြီးဖြစ်ချင်တဲ့စိတ်၊ လူ့လောကကြီးကို အကျိုးပြုစေချင်တဲ့စိတ် စတဲ့ မွန်မြတ်သန့်စင်တဲ့စိတ်တွေ မွေးကြရပါမယ်။ ❖

သူဟာ တစ်ချိန်က ထိုင်းနိုင်ငံသွားပြီး အလုပ်လုပ်ခဲ့ဖူးတဲ့အလုပ်သမားတစ်ယောက်ပါ။ အဲဒီအလုပ်သမားဘဝကို စွန့်လွှတ်ပြီး လုပ်ငန်းထူထောင်ခဲ့တာ အလုပ်ရှင်ဖြစ်လာခဲ့ပါတယ်။ သူ့လုပ်ငန်းက ကော်ရေစည်အရွယ်အစားအမျိုးမျိုး၊ ရေကြီးတဲ့အခါ အသုံးပြုတဲ့ ကယ်ဆယ်ရေးလှေ၊ ရေဇလား၊ ရေစည်တွေကို ထုတ်လုပ်ပါတယ်။ လုပ်ငန်းသုံးစက်တွေနဲ့ ကော်တွေကို နိုင်ငံခြားကဝယ်ရတယ်။ ကော်တွေဆို ထိုင်းနိုင်ငံ SCG ကုမ္ပဏီက မှာယူတင်သွင်းတယ်။ ၂၀၁၃ ခုနှစ် ဩဂုတ်လကစပြီး Recycle စမ်းသပ်ထုတ်လုပ်မှုကို စခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံခြားငွေသုံးစွဲနှုန်းကို လျှော့ချနိုင်တယ်။ ကိုယ့်နိုင်ငံမှာရှိတဲ့ Recycle စွန့်ပစ်ပစ္စည်းတွေကို အသုံးဝင်အောင်၊ တန်ဖိုးရှိလာအောင် လုပ်နိုင်ခဲ့ပါတယ်။

တစ်နေ့ကို ကုန်ချောရေတိုင်ကီအလုံး ၃၀၊ ၄၀ ထုတ်လုပ်ပါတယ်။ အများဆုံးအလုံး ၅၀ လောက်ထိ ထုတ်လုပ်နိုင်ပါတယ်။ အော်ဒါမှာသူရှိရင်လဲ မှာသလောက်ထုတ်လုပ်ပေးပါတယ်။ ၂၀၁၃ ခုနှစ်မှာ အလုပ်သမားအယောက် ၃၀ ကို အလုပ်ပေးနိုင်ပါတယ်။ အခု အလုပ်သမား ၄၅ ယောက်ထိတိုးပြီး အလုပ်အကိုင်ပေးထားနိုင်ပါတယ်။

အလုပ်သမားတစ်ယောက်ကို ဝင်ဝင်ချင်း တစ်လငွေကျပ် ၂၁၀၀၀၀ ပေးပါတယ်။ ထမင်းဖိုး တစ်နေ့ငွေကျပ် ၂၀၀၀ ပေးပါတယ်။ လူမှုဖူလုံရေးမှာ ကတ်လုပ်ကာ အလုပ်ရှင်က ကျခံပါတယ်။

အဲဒါ အလုပ်သမားဘဝက အလုပ်ရှင်ဖြစ်လာအောင် ကြိုးပမ်းသူရဲ့ဖြစ်စဉ်ပါ။ သူ့လုပ်ငန်းရှိနေတော့ နိုင်ငံတော်ထံကလဲ ချေးငွေထပ်ယူပြီး လုပ်ငန်းတိုးချဲ့ခဲ့ပါတယ်။ သူနောက်ဆုံးပြောတာကတော့ **"သူများနိုင်ငံမှာ အလုပ်ကြိုးစားပြီး ကိုယ့်နိုင်ငံမှာ အလုပ်ရှင်ဖြစ်ချင်တဲ့စိတ်နဲ့ ကြိုးစားသလို လူငယ်တွေလဲ စိတ်ဓာတ်မကျဘဲနဲ့ ကိုယ့်နိုင်ငံမှာ ကိုယ်ကြိုးစားရင် လုပ်ငန်းရှင်ဖြစ်နိုင်တယ်။ သူများနိုင်ငံမှာ အလုပ်လုပ်ရင် အလုပ်သမားပဲဖြစ်မယ်။ တစ်ဖက်နိုင်ငံကို အထင်မကြီးဘဲ ကိုယ့်နိုင်ငံမှာ ကိုယ်ကြိုးစားရင် လုပ်ငန်းရှင်ဖြစ်နိုင်ပါတယ်"**လို့ အားပေးစကားပြောခဲ့တယ်။

အဲဒါ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေသည့် Kyaw-3 ကော်ပစ္စည်းအမျိုးမျိုးထုတ်ကုန်လုပ်ငန်း ခေါင်းစဉ်နဲ့ဖော်ပြတဲ့ တွေ့ဆုံမေးမြန်းခန်းမှာ အခုလိုဖြေကြားခဲ့တာဖြစ်ပါတယ်။

ဒါကိုကြည့်ရင် နိုင်ငံခြားထွက်အလုပ်လုပ်သူတွေ ထားရှိရမဲ့စိတ်ဓာတ်နဲ့လုပ်ရပ်ဟာ ပေါ်လွင်နေပါပြီ။ အရင်းအနှီးရအောင်တော့ ငွေရှာရမှာပါ။ ငွေရရင် တိုးပွားသည်ထက်တိုးပွားအောင်ဆိုရင် ကိုယ့်ဒေသမှာ ကြီးပွားမဲ့လုပ်ငန်းကို လုပ်ကြရပါမယ်။ ဒါမှ ကိုယ်လဲ ကြီးပွားချမ်းသာသလို နိုင်ငံလဲ ဖွံ့ဖြိုးတိုးတက်မှာပါပဲ။

ဒီနေရာမှာ အရင်းခံကတော့ စိတ်ဓာတ်ပါပဲ။ အထက်မှာ ဂီတနဲ့ အောင်မြင်သူတွေလဲ စိတ်ဓာတ်ကြောင့် အောင်မြင်ခဲ့တာတွေ့ရပြီး ကုန်ထုတ်လုပ်ငန်းနဲ့ အောင်မြင်ကြီးပွားနေသူဟာလဲ စိတ်ဓာတ်ကြောင့် အောင်မြင်နေတာ တွေ့ရပြီမဟုတ်လား။

အဲဒီစိတ်နဲ့ပတ်သက်လို့ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့တဲ့ တရားရှိတယ်။ အဲဒါတွေကတော့-

– **စိတ်ဟာ ကမ္ဘာလောကကိုလွှမ်းမိုး၏။**

– **စိတ်ဟာ အရာရာကိုဆွဲငင်၏။**

– **အလုံးစုံသောအရာတို့သည် စိတ်တည်း** တို့ဖြစ်ကြပါတယ်။

စိတ်ပညာရှင်တွေရဲ့ စိတ်နဲ့ပတ်သက်လို့ ပြောကြားချက်တွေကတော့-

– **စိတ်သည် အနန္တတန်ခိုးရှိ၏။**

– **စိတ်သည် အရာရာကိုပြဋ္ဌာန်းပေးနိုင်သည်။**

– **စိတ်ကသာ တကယ်ယုံကြည်လျှင် ဘာမဆိုဖြစ်မြောက်လာနိုင်သည်**တို့ပဲဖြစ်ပါတယ်။

လူတိုင်းမှာ အဲဒီလိုစွမ်းပကားရှိတဲ့စိတ်ကို ပိုင်ဆိုင်ထားပါတယ်။ အဲဒီစိတ်ကို မိမိက ကြိုးကိုင်ပြီး မိမိဖြစ်မြောက်ချင်တာကို ကြိုးပမ်းဆောင်ရွက်ရင် မိမိဖြစ်ချင်တာ ဖြစ်မြောက်နိုင်ပါတယ်။ ဒီနေရာမှာ ဖြစ်ချင်စိတ်ရှိဖို့တော့ လိုပါတယ်။ အောင်မြင်ချင်တဲ့စိတ်၊ အနိုင်ယူချင်တဲ့စိတ်၊ ပညာရှင်ဖြစ်ချင်တဲ့စိတ်၊ သူဌေးဖြစ်ချင်တဲ့စိတ်၊ အရာရှိကြီးဖြစ်ချင်တဲ့စိတ်၊ လူ့လောကကြီးကို အကျိုးပြုစေချင်တဲ့စိတ် စတဲ့ မွန်မြတ်သန့်စင်တဲ့စိတ်တွေ မွေးကြရပါမယ်။

စိတ်ကောင်းနဲ့ဆန့်ကျင်တဲ့ အလျှော့ပေးလိုစိတ်၊ ပျင်းတဲ့စိတ်၊ သက်သက်သာသာလေးနေချင်တဲ့စိတ်၊ အဆိုး၊ အကောင်းမဝေခွဲနိုင်တဲ့စိတ် အဲဒီစိတ်တွေကို ပယ်ရပါမယ်၊ ရှင်းလင်းဖယ်ရှားရပါမယ်။

စိတ်ကို ကိုယ်ကနိုင်သွားပြီဆိုရင် ကိုယ်ဖြစ်ချင်တာဖြစ်တော့တာပါပဲ။ အထက်မှာဖော်ပြခဲ့တဲ့ အောင်မြင်ကြီးပွားနေသူတွေဟာ သူတို့စိတ်ကို သူတို့ အောင်နိုင်သူတွေဖြစ်တယ်။ အဲဒါကြောင့် အတုယူကြဖို့ တိုက်တွန်းအပ်ပါတယ်။

စိတ်ကိုအောင်နိုင်ပြီး အောင်မြင်ကြီးပွားအောင် ဆောင်ရွက်နိုင်ကြပါစေ။

**ကိုးကား**

– **၁-၁၁-၂၀၂၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ**

– **၅-၁၁-၂၀၂၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ**

# ရေထွက်ငါးသယံဇာတထိန်းသိမ်းရေး

ကျွန်းသားမေမန်း

လူတို့နေ့စဉ်စားသုံးရမည့် ပရိုတင်းဓာတ်လိုအပ်မှုတွင် ငါးအာဟာရသည် အရေးကြီးသောအသားဓာတ်အရင်းအမြစ်တစ်ခုသည်။ ငါးစားသုံးပေးခြင်းဖြင့် ငါးတွင်ပါဝင်သော ဗီတာမင်-ဒီမှာ ရောဂါပိုးများ ခုခံကာကွယ်ရေးနှင့် ကိုယ်ခံစွမ်းအားကောင်းမွန်ရေးအတွက် အထောက်အပံ့ဖြစ်စေသည်။ ငါးသည် ငတ်မွတ်မှုနှင့် အာဟာရဓာတ်ချို့တဲ့မှုတိုက်ဖျက်ရေးအတွက် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်လျက်ရှိပြီး ငါးအာဟာရဓာတ်သည် စားသုံးသူပြည်သူများအတွက် အသားဓာတ်အပြင် ကျန်းမာစေသောအဆီဓာတ်၊ အိုမီဂါ-၃ မပြည့်ဝဆီ၊ ကယ်လ်စီယမ်နှင့် သတ္တုဓာတ်များကိုလည်း ဖြည့်တင်းပေးနိုင်သည်။ ထို့ကြောင့် လူတို့၏ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးတိုးတက်မြင့်မားရေးအတွက် လိုအပ်သည့်ပရိုတင်းဓာတ်ရရှိရာတွင် ငါးအာဟာရသည် လူတိုင်းနှင့်လက်လှမ်းမီသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်သော အာဟာရတစ်ခုဖြစ်သည်။

**လူတို့၏စားသုံးမှု**

ပင်လယ်ကမ်းနားနှင့် မြစ်နား၊ ချောင်းနားတွင် တည်ရှိသော မြို့ကြီးများ၏ဈေးတန်းများသို့ ဝင်သွားလျှင် ငါးဈေးတန်း၌ ငါးကြီးများမှအစ ငါးအသေးအမွှားများကို တွေ့နိုင်သည်။ လူတန်းစားမရွေး၊ ဆင်းရဲချမ်းသာမရွေး ဝယ်စားနိုင်သည့်ငါးများဖြစ်၏။ ငါးများတွင် စားသုံးသူများအတွက် လိုအပ်သော အသားဓာတ်၊ အဆီဓာတ်များ ပါဝင်လျက်ရှိရာ အိုမီဂါ-၃ မပြည့်ဝဆီပါဝင်သော အဆီဓာတ်ကြွယ်ဝသည့်ငါးများ၊ အကြေးခွံအများအပြားနှင့် အရိုးပါဝါးစားနိုင်သော ငါးသေးကလေးများကို တွေ့ရှိဝယ်ယူစားသုံးနိုင်၏။ ငါးတစ်ကောင်လုံး၏ ၃၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းဖြစ်သော ဦးခေါင်းပိုင်း၊ အတွင်းကလီစာနှင့်ကျောရိုး စသည်တို့သည် တန်ဖိုးနည်းသောအစိတ်အပိုင်းဖြစ်သော်လည်း ၎င်းတို့တွင် အာဟာရတန်ဖိုးမြင့်မားစွာ ပါဝင်ကြောင်း သိရ၏။ FAO ၏ ထုတ်ပြန်ချက်ကိန်းဂဏန်းများအရ ကမ္ဘာတစ်ဝန်းရှိ ၃ ဒသမ ၁ ဘီလီယံကျော် လူသားများအနေဖြင့် တိရစ္ဆာန်မှရရှိသောအသားဓာတ်စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကို ငါးမှရရှိပြီး ငါးရိက္ခာအပေါ် မှီခိုစားသောက်လျက်ရှိ၏။ ၁၉၆၁ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ လူတစ်ဦးလျှင် ငါးစားသုံးမှု ကိုးကီလိုဂရမ်ရှိခဲ့ရာမှ ယနေ့အချိန်တွင် လူတစ်ဦးလျှင် ငါးစားသုံးမှု ကီလိုဂရမ် ၂၀ ထိ မြင့်တက်လာကြောင်း FAO ၏ ထုတ်ပြန်ချက်အရ သိရသည်။

စာရေးသူနေထိုင်ရာ စစ်တွေမြို့တော်ကား ပင်လယ်ကမ်းရိုးတန်းမြို့တော်ဖြစ်၏။ ပင်လယ်ငါးများ ပေါပေါများများ ရရှိနိုင်သောနေရာတစ်ခုလည်းဖြစ်၏။ သို့ရာတွင် စစ်တွေဈေးကြီး၌ ငါးများရောင်းချမှုနည်းပါးလာ၏။ ငါးရောင်းသည့် ဈေးသည်များ အပြည့်မရှိတော့။ ငါးဈေးတန်း၏ ထက်ဝက်ခန့်မျှတွင်သာ ငါးရောင်းသူအနည်းငယ်တွေ့ရတော့သည်။ မိမိတို့မက်မက်မောမောရှိခဲ့သည့် ငါးကြီးခုတ်သားများမစားရတော့။ ငါးသတစ်(ကကတစ်)၊ ငါးလက်ခွာ(ကကူရံ)၊ ငါးဆပ်ဖာ(နတ်ကတော်) စသည့် ငါးကြီးများ မမြင်မတွေ့ရသည်မှာကြာပြီ။ အဆိုပါငါးများမှာ တစ်ကောင်လျှင် သုံးပေ၊ လေးပေခန့်ရှည်သော ငါးကြီးများဖြစ်ကြ၏။ အရွယ်အစားမှာလည်း သုံးထွာဆိုင်၊ လေးထွာဆိုင်မျှ ကြီးမားပေ၏။ ထိုမျှမက ခြေသလုံးလောက်ကြီးသည့် သင်းပိုးထိုး (ငါးရွှေ)များကိုလည်း မတွေ့ရတော့။ ငါးခြောက်များ ရောင်းချရာ ငါးခြောက်တန်းတွင်လည်း ငါးသတစ်၊ ငါးလက်ခွာ၊ ငါးဆပ်ဖာ ငါးခြောက်များ မတွေ့ရတော့။ စောင်းကောက်ကဲ့သို့ အခြောက်လှန်းထားသော ငါးရွှေခြောက်များကိုလည်း မမြင်ရတော့။ ငါးလက်ခွာ(ကကူရံ)ခြောက်ဆိုလျှင် ရခိုင်ဒေသ၌ ပြုလုပ်သော မင်္ဂလာပွဲ၊ အလှူပွဲများညှော်ခံရာတွင် မပါမပြီးသော ငါးဖြစ်၏။ ထို့ကြောင့် နေရာတကာ ဟိုစပ်စပ်၊ သည်စပ်စပ် ပွဲတိုင်းတွင်ပါဝင်ကာ လူတွင်ကျယ်လုပ်တတ်သူများကိုပင် လက်ခွာခြောက်ဟု အမည်တပ်လေ့ရှိ၏။ စာရေးသူမှာ ဈေးသွားဈေးဝယ်ရင်းဖြင့် ငါးများ ရှားပါးလာမှုကို မြင်တွေ့နေရသည်ဖြစ်သည်။

> ❖ လူတို့စားသုံးသော အစားအစာများတွင် အာဟာရဓာတ်မျှတစွာရရှိစေရန် ငါးစားသုံးခြင်းသည် ကျန်းမာရေး(အထူးသဖြင့် ကိုယ်ခံအားကောင်းမွန်ရေး)အတွက် အကျိုးရှိသဖြင့် ပြည်သူများ ငါးစားသုံးကြရန် တိုက်တွန်းကြောင်း သုတေသနပညာရှင်များက အသိပညာပေး ရေးသားထားသည်။ သို့ရာတွင် ငါးသယံဇာတများ ယခုထက်နည်းပါးမှုမဖြစ်စေရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုအပ်နေ၏။ မြန်မာ့ရေပြင်တွင် ရေငန်ငါးသယံဇာတများ လျော့နည်းလာနေကြောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်၏။ ထိုသို့လျော့နည်းလာခြင်းမှာ အလွန်အကျွံငါးဖမ်းဆီးခြင်းများကြောင့်ဖြစ်သည်။ ❖

**မြန်မာ့ရေငန်ငါးသယံဇာတများ အခြေအနေ**

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ၁၇ နိုင်ငံမြောက် ရေငန်ငါးအများဆုံးဖမ်းဆီးထုတ်လုပ်သည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ငါးလုပ်ငန်းကဏ္ဍသည် နိုင်ငံ၏စီးပွားရေးနှင့် အမျိုးသားအစားအစာလုံခြုံရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍတွင်ပါဝင်နေသည်။ ငါးလုပ်ငန်းကဏ္ဍသည် အကြမ်းအားဖြင့် မြန်မာနိုင်ငံ၏ စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်ကုန်၏ နှစ်ရာခိုင်နှုန်း၊ တိရစ္ဆာန် ပရိုတင်းသုံးစွဲမှု၏ ၅၀ ရာခိုင်နှုန်း၊ အလုပ်လက်မဲ့ ခြောက်ရာခိုင်နှုန်းမှ ၃၄ ရာခိုင်နှုန်းထိ မြင့်တက်နေသည့် အချို့သော ကမ်းရိုးတန်းဒေသများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်အစိုးရများ၏ ၅၆ ရာခိုင်နှုန်းအထက် ဝင်ငွေများရရှိရန် အထောက်အကူပြုပေးနေသည်။ မြန်မာတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝအတွက် ရေငန်ငါးလုပ်ငန်းကဏ္ဍကို မှီခိုအားထားနေရသည်။

လက်ရှိပြည်သူများအတွက် ငါးရိက္ခာဖူလုံစေရုံသာမက ငါးသယံဇာတများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်းဖြင့် အနာဂတ်မျိုးဆက်များအတွက် ဖူလုံစွာရရှိရန် မျှော်မှန်းချက်ဖြင့် ဆောင်ရွက်နေကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ မျှော်မှန်းချက်များပြည့်မီအောင် ဆောင်ရွက်နိုင်ရန်အတွက် အစိတ်အပိုင်းတစ်ခုအဖြစ် ငါးလုပ်ငန်းဦးစီးဌာနသည် နော်ဝေနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ရန်ပုံငွေထောက်ပံ့သည် EAF- Nasen Progra- mme အစီအစဉ်နှင့်အတူ နော်ဝေနိုင်ငံ ရေငန်သုတေသနဌာန IMR-Institute of Marine Res- earih၊ FAO စသည့်အဖွဲ့အစည်းများဖြင့် သီးသန့်စီးပွားရေးဇုန်အပါအဝင် ကမ်းဝေးငါးဖမ်းရေပြင်အတွင်း ငါးသယံဇာတတည်ရှိမှုနှင့် ငါးဖမ်းဆီးထုတ်လုပ်မှုအခြေအနေများကို အကဲဖြတ်ဆန်းစစ်နိုင်ရေးဆိုင်ရာ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နေသည်ဖြစ်သည်။ ထို့အတူ ဘင်္ဂလားပင်လယ်အော် ဂေဟစနစ်စီမံကိန်းအနေဖြင့်လည်း ယခင်ဆောင်ရွက်ခဲ့သည့်သုတေသန ဆန်းစစ်မှုလုပ်ငန်းများတွင် အဓိကမိတ်ဖက်အဖွဲ့အစည်းအဖြစ်ပါဝင်ခဲ့သည်။

နော်ဝေနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ရန်ပုံငွေထောက်ပံ့သည် EAF- Nasen Progra- mme ၏ အစိတ်အပိုင်းတစ်ခုအဖြစ် မြန်မာ့ငါးသယံဇာတအခြေအနေတိုင်းတာမှုကို ၁၉၇၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ လေ့လာဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာ ၁၉၇၉ ခုနှစ်တွင် စက်တင်ဘာလမှ နိုဝင်ဘာလထိ မုတ်သုံနှောင်းပိုင်းကာလ၊ ၁၉၈၀ ပြည့်နှစ်တွင် မတ်လမှ ဧပြီလထိ မုတ်သုံအစပိုင်း၊ ၂၀၁၃ ခုနှစ်တွင် နိုဝင်ဘာလမှ ဒီဇင်ဘာလထိ မုတ်သုံနှောင်းပိုင်း၊ ၂၀၁၅ ခုနှစ်တွင် ဇွန်လ မုတ်သုံအစပိုင်း၊ ၂၀၁၈ ခုနှစ်တွင် ဩဂုတ်လမှ စက်တင်ဘာလထိ မုတ်သုံရာသီကာလအတွင်း အချိန်ကာလခွဲခြားလေ့လာခဲ့ကြသည်။ ဤလေ့လာချက်များအရ ၁၉၈၈ ခုနှစ် ရလဒ်များနှင့် နှိုင်းယှဉ်ရာတွင် ရေပေါ်လွှာငါးများ၊ ရေအောက်ကြမ်းပြင်နေငါးများ၏ပမာဏ အဓိကလျော့နည်းလာသည်ကို တွေ့ရသည်။

၁၉၇၉-၁၉၈၀ ပြည့်နှစ်၏ ပျမ်းမျှရေပေါ်လွှာငါးပမာဏ ခန့်မှန်းတွက်ချက်မှုမှာ တန်ချိန်တစ်သန်းခန့်ဖြစ်သော်လည်း ၂၀၁၃-၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်၏ ပျမ်းမျှရေပေါ်လွှာငါးပမာဏမှာ တန်ချိန် ၁၆၀၀၀၀ မျှသာတည်ရှိတော့ကြောင်းလည်း သိရ၏။ လက်ရှိ ရေပေါ်လွှာငါးမှာ ၁၉၇၉-၁၉၈၀ ပြည့်နှစ်ထက် ၈၀ ရာခိုင်နှုန်းခန့် လျော့နည်းလာခြင်းဖြစ်၏။ ရေအောက်ကြမ်းပြင်နေ ငါးသယံဇာတတည်ရှိနေမှုမှာလည်း ၁၉၇၉-၁၉၈၀ ပြည့်နှစ်ထက် ၆၀ ရာခိုင်နှုန်းလျော့နည်းလာကြောင်း သိရ၏။ ၁၉၇၉-၁၉၈၀ ပြည့်နှစ်က ရေအောက်ကြမ်းပြင်နေ ငါးပမာဏခန့်မှန်းတွက်ချက်မှုမှာ ပျမ်းမျှတန်ချိန် ၇၅၀၀၀၀ ခန့်ဖြစ်သော်လည်း ၂၀၁၃-၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များ၏ရေအောက်ကြမ်းပြင်နေ ငါးပမာဏမှာ ပျမ်းမျှတန်ချိန် ၃၁၀၀၀၀ မျှသာရှိတော့ကြောင်း သိရ၏။ ထို့အတူ ၁၉၇၉-၁၉၈၀ ပြည့်နှစ်နှင့် ၂၀၁၃-၂၀၁၈ ခုနှစ် သုတေသနဆောင်ရွက်သည့်ကာလ များကြားရေအောက်ကြမ်းပြင်နေ ငါးများပြောင်းလဲမှုမှာ သက်တမ်းရှည်ပြီး စီးပွားရေးအရ အရေးပါသော ငါးမျိုးစိတ်များ သိသိသာသာကျဆင်းသွားကာ အချို့သောသက်တမ်းတိုပြီး တန်ဖိုးနည်းငါးမျိုးရင်းများဖြစ်သော ငါးပူတင်း၊ ငါးခြသေ့်နီ၊ ငါးဆင်နင်းများ တိုးပွားလာနေသည်ကိုတွေ့ရကြောင်း သုတေသနအချက်အလက်များအရ သိရသည်။

**ပလတ်စတစ်အမှုန်များ**

၁၉၇၉-၁၉၈၀ ပြည့်နှစ် သုတေသနရလဒ်များနှင့် ၂၀၁၃-၂၀၁၈ ခုနှစ် သုတေသနရလဒ်များအရ စီးပွားရေးတွင် အရေးပါသောငါးမျိုးစိတ်အမြောက်အမြားသိသိသာသာကျဆင်းသွားပြီး တန်ဖိုးနည်းသော အချို့ ငါးမျိုးစိတ်များမှာ သိသိသာသာတိုးပွားနေသည်။ ရခိုင်ကမ်းရိုးတန်းရေပြင်၏ ရေတိမ်ပိုင်းတွင် အလွန်သေးငယ်သော ပလတ်စတစ်အမှုန်များကို တွေ့နေရသည်။ ထိုသို့ မြစ်ချောင်းများ၌ပလတ်စတစ်အမှုန်များ ပါဝင်မှုမြင့်မားနေသည်ကို တွေ့ရှိရခြင်းမှာ ကုန်းမြေမှတစ်ဆင့် ရေများစီးဝင်လာမှု များပြားခြင်းကြောင့်ဖြစ်ကြောင်း သုတေသနပညာရှင်များ သုံးသပ်ထားသည်။ အဆိုပါပလတ်စတစ်အမှုန်များသည် ရေထဲ၌ပျော်ဝင်ကာ ငါးများ၏ ခန္ဓာကိုယ်ထဲသို့ ရောက်ရှိပြီး ၎င်းငါးများကို စားသုံးသူများသည် ကင်ဆာရောဂါဖြစ်စေနိုင်သဖြင့် သတိထားသင့်သည့် အချက်တစ်ချက်ဖြစ်ကြောင်းလည်း ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်ထားသည်။ သို့ဖြစ်ရာ ပလတ်စတစ်အမှုန်တွေ့ရှိမှုမှာလည်း စိုးရိမ်စရာအခြေအနေပင်ဖြစ်ပေ၏။ မြစ်ဝကျွန်းပေါ်ဒေသများတွင် ပလတ်စတစ်အမှုန်များ အနည်းငယ်သာတွေ့ရှိရသော်လည်း မြစ်ချောင်းများတွင် ပါဝင်မှုမြင့်မားနေသည်။

**ထိန်းသိမ်းရန်လိုနေ**

လူတို့စားသုံးသော အစားအစာများတွင် အာဟာရဓာတ်မျှတစွာရရှိစေရန် ငါးစားသုံးခြင်းသည် ကျန်းမာရေး(အထူးသဖြင့် ကိုယ်ခံအားကောင်းမွန်ရေး)အတွက် အကျိုးရှိသဖြင့် ပြည်သူများ ငါးစားသုံးကြရန် တိုက်တွန်းကြောင်း သုတေသနပညာရှင်များက အသိပညာပေး ရေးသားထားသည်။

သို့ရာတွင် ငါးသယံဇာတများယခုထက်နည်းပါးမှုမဖြစ်စေရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုအပ်နေ၏။ မြန်မာ့ရေပြင်တွင် ရေငန်ငါးသယံဇာတများ လျော့နည်းလာနေကြောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်၏။ ထိုသို့လျော့နည်းလာခြင်းမှာ အလွန်အကျွံငါးဖမ်းဆီးခြင်းများကြောင့်ဖြစ်သည်။ ထို့ပြင် ပင်လယ်ကြမ်းပြင်များ မညစ်နွမ်းစေရန်၊ ငါးနေထိုင်နေရာများ မပျက်စီးစေရန်၊ အလွန်အကျွံငါးဖမ်းဆီးခြင်းမပြုရန် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **Dr.Fridtjof Nansen သုတေသနရေယာဉ်ဖြင့် မြန်မာ့ရေပြင်အတွင်းဆောင်ရွက်ခဲ့သော အဏ္ဏဝါရေပြင် ဂေဟစနစ်နှင့် ငါးသယံဇာတတည်ရှိမှုအခြေအနေများ သုတေသနရလဒ်များ ဓာတမ်းမှအချက်အလက်များ**

**TBB,TBR,PCR** တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



အရည်အသွေးမြင့်မား **တာယာ** မှာ

**TRISTAR**

CAR TYRE





CYCLE TYRE



*The Best Quality Tyre*

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့်
သေသပ်လှပစွာ
အထူးစီမံ ထုတ်လုပ်ထားပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




# ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်နေ (ဘ) ဦးညို ၏သမီး မခင်ဝင်းတင့် အား မပါရမီခင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မပါရမီခင်**

## အမည်ပြောင်း

မန္တလေးမြို့၊ မန္တလာနယ်လ်ဆင် ကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-3 (cymbals) တွင် ပညာသင်ကြားနေသော မငြိမ်းရတီကျော် (ဘ) ဦးဇော်ဇော်အောင် အား မဆုဂုဏ်ဝင့်ကျော် ဟု ပြောင်းလဲခေါ်ပါရန်။

**မဆုဂုဏ်ဝင့်ကျော်**

**ပျောက်ဆုံးကြောင်း**

ဒွားထိုးကြီးမြို့နယ်နေ ကျော်နိုင်ထွန်း (ဘ)ဦးစက်တင်(၉/နထက(နိုင်)၁၅၁၉၉၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-934548)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၀၈၈၄၈၀၀

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မလျှော့ိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ရေးပင်ဖြစ်သည့်အတွက် မိမိတို့တာဝန်များကို မှန်မှန်ကန်ကန်ဖြင့် ကျေပွန်စွာထမ်းဆောင်နိုင်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မတ် ၆ ရက်တွင် ပြုလုပ်သော ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေး ပထမနေ့ကျင်းပ**

စာမျက်နှာ - ၁၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်း**

စာမျက်နှာ - ၁၉

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားအဖွဲ့ခေါင်းဆောင်များ၊ အားကစားနည်းအလိုက်အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားမောင်မယ်ကျောင်းသား၊ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယခု ကျင်းပသည့် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်တွင် ဘောလုံး၊ဘော်လီဘော၊ပိုက်ကျော်ခြင်း၊ပြေးခုန်ပစ်၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

